mgyoe.com
SAMPLE BOOK

The 5 Love Languages of Children

Gary Chapman, PhD
Ross Campbell, MD



# ကလေးများ၏
# ချစ်ခြင်းမေတ္တာဘာသာစကား ၅ ခု

ရဲမင်းဝင်း

mgyoe.com

THAR NGE
mgyoe.com
SAMPLE BOOK

သင့်ကလေးကို သင်အရမ်းချစ်တာ သင်သိပါတယ်။
ဒါပေမဲ့ သင့်ကလေးက သူ့ကို သင်ချစ်တယ်ဆိုတာသိလာအောင်
ဘယ်လိုလုပ်မလဲ...

ဒီစာအုပ်က သင့်ကို ကူညီပါလိမ့်မယ်။
သင့်ကလေးရဲ့ ချစ်ခြင်းမေတ္တာဘာသာစကားကို ရှာဖွေပါ။
သင့်ကလေးရဲ့ လေ့လာသင်ယူမှုအောင်မြင်အောင် အထောက်အပံ့ပေးပါ။
စည်းကမ်းကြပ်မတ်ဖို့နဲ့ ပြုပြင်ထိန်းသိမ်းရာမှာ ထိရောက်စေဖို့အတွက်
ချစ်ခြင်းမေတ္တာဘာသာစကားတွေကို အသုံးပြုပါ။
သင့်ကလေးအတွက် အကြွင်းမဲ့ချစ်ခြင်းမေတ္တာရဲ့
အခြေခံအုတ်မြစ်ကို တည်ဆောက်ပါ။

သင့်ကလေးရဲ့ အဓိက ချစ်ခြင်းမေတ္တာဘာသာစကားကို
လေ့လာရှာဖွေပြီး အသုံးပြုပါ။ သင့်ကလေးတိုးတက်အောင်မြင်ရေးအတွက်
ကြံ့ခိုင်သန်မာတဲ့ ဆက်ဆံရေးလမ်းကြောင်းပေါ်
သင်ရောက်ရှိလာမှာပါ။

ISBN 978-99971-46-82-3
9 789997 146823 >

mgyoe.com

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း

စာမျက်နှာ – ၂၈၈
စာအုပ်ဆိုဒ် – အလျား ၁၃.၇ × အနံ ၂၀.၈ စင်တီ။
စာအုပ်အမျိုးအစား – ဘာသာပြန်၊ သုတ
မျက်နှာဖုံးဒီဇိုင်း – ဇာလင်းထက်
စာပြင် – မင်းသန့်ကို (မြန်မာစာ)
အတွင်းအပြင်အဆင် – စောမာလာ
ISBN - 978-99971-46-82-3
ထုတ်ဝေခြင်း – ပထမအကြိမ်၊ စက်တင်ဘာလ – ၂၀၂၃
အုပ်ရေ – ၁၀၀၀

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ငွေပြည့်တော် ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄ /အေ–၁)၊ နေကြာလမ်း၊ ၂–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။

**တန်ဖိုး – ၉၅၀၀ ကျပ်**

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

* ဘာသာပြန်သူအမှာ

* နိဒါန်း

**အခန်း (၁)**
ချစ်ခြင်းမေတ္တာဆိုတာ အခြေခံအုတ်မြစ်ပါ .................. ၁၅

**အခန်း (၂)**
အထိအတွေ့ .............................. ၄၁

**အခန်း (၃)**
အတည်ပြုထောက်ခံပြောကြားပေးခြင်း .................... ၆၃

**အခန်း (၄)**
အဖိုးတန်အချိန်ပေးခြင်း ...................... ၈၅

**အခန်း (၅)**
လက်ဆောင်ပေးခြင်း ......................... ၁၀၅

**အခန်း (၆)**
ဝန်ဆောင်မှုပေးခြင်း အပြုအမူ ..................... ၁၂၅

mgyoe.com

mgyoe.com SAMPLE BOOK

**အခန်း (၇)**
သင့်ကလေး၏ အဓိကချစ်ခြင်းမေတ္တာဘာသာစကားကို
ဘယ်လိုရှာဖွေမလဲ ........................ ၁၄၇

**အခန်း (၈)**
စည်းကမ်းနှင့် ချစ်ခြင်းမေတ္တာဘာသာစကား ............... ၁၆၉

**အခန်း (၉)**
ချစ်ခြင်းမေတ္တာ ဘာသာစကားသင်ယူခြင်း .................. ၁၉၇

**အခန်း (၁၀)**
ဒေါသနှင့်ချစ်ခြင်းတရား.......................... ၂၁၃

**အခန်း (၁၁)**
မိဘတစ်ဦးတည်းရှိသည့် မိသားစုတွေမှာ
ချစ်ခြင်းမေတ္တာဘာသာစကားပြောခြင်း .................. ၂၃၉

**အခန်း (၁၂)**
အိမ်ထောင်ရေးတွင် ချစ်ခြင်းမေတ္တာဘာသာစကားပြောခြင်း...... ၂၅၉

**နိဂုံး**
ဘာလုပ်ဖို့ကျန်သေးလဲ.......................... ၂၇၉

mgyoe.com

mgyoe.com SAMPLE BOOK

ဝင့်အိန္ဒြာရဲမင်း နှင့် တော်အိန္ဒြေရဲမင်းတို့အတွက်

ဖေဖေ – ဦးရဲမင်းဝင်း ၏

ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသ

mgyoe.com

mgyoe.com SAMPLE BOOK







mgyoe.com

mgyoe.com SAMPLE BOOK

## ဘာသာပြန်သူ့အမှာ

ဒီ 5 Love Languages of Children စာအုပ်ကို သမီးကြီး ၁ နှစ်အရွယ် စင်ကာပူကို တစ်ခေါက်ပြန်သွားတုန်း ချန်ဂီလေဆိပ်က စာအုပ်ဆိုင်တစ်ခုမှာ ဝယ်ခဲ့တာပါ။ ၂၀၁၃ က ဝယ်ခဲ့တဲ့စာအုပ်ကို ၂၀၂၀ ကျမှ ဖတ်ဖြစ်ပါတယ်။ ဖတ်ပြီးပြီးချင်းပဲ ဘာသာပြန်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာမိဘတွေမှာ ကလေးတွေကို ချစ်တယ်ဆိုတာမပြနဲ့၊ နမ်းချင်ရင်တောင် သူတို့အိပ်တဲ့အချိန်မှ နမ်းပါဆိုတဲ့ အတွေးအခေါ်အမှားကြီးတစ်ခု ဝင်နေတာကိုတွေ့ရပါတယ်။ ကျွန်တော့်ဘဝမှာလည်း မိဘနှစ်ပါးမှာ အဖေ့ရဲ့ ချစ်ခြင်းမေတ္တာကို အဖေကွယ်လွန်ချိန်အထိ မရခဲ့ပါဘူး။ ဆရာမင်းလူရဲ့ ငှက်ကလေးဝတ္ထုစာအုပ်ကို ဖတ်မိတော့မှ ကျွန်တော့်အဖေဟာ ဝတ္ထုထဲက အဖေဖြစ်သူလိုပဲ သူ့ရဲ့သားသမီးအပေါ် အချစ်တွေကိုဖွင့်ဟမပြောပြတတ်သူ၊ အမူအရာနဲ့ မပြတတ်သူဆိုတာ ရိပ်မိလာပါတယ်။ ဒီလို ဘာကြောင့်ဖြစ်ရသလဲဆိုတာ ဆက်စဉ်းစားကြည့်တော့ အဖေ့ရဲ့ငယ်ဘဝမှာလည်း သူ့အဖေနဲ့အမေ ကျွန်တော့်အဘိုးအဘွားဘက်က ပြသတဲ့ ချစ်ခြင်းမေတ္တာ မရခဲ့ဖူးလို့ဆိုတဲ့ အဖြေ ထွက်ပါတယ်။ မိဘနှစ်ယောက်မှာ ကျွန်တော့်အမေကတော့ ကျွန်တော်တို့မောင်နှမတွေအားလုံးအပေါ် အခုစာအုပ်ထဲမှာပါတဲ့ ချစ်ခြင်းမေတ္တာဘာသာစကား ၅ ခုလုံးကို အသုံးပြုပြီး သူ့ရဲ့ချစ်ခြင်းမေတ္တာတွေကို ဖော်ပြပေးခဲ့ပါတယ်။ ကျွန်တော့်အဖေက ကျွန်တော်တို့ကို ချစ်တယ်လို့ မခံစားရပေမဲ့ သူ့ဘက်ကတော့ ကျွန်တော်တို့ကို ချစ်ခဲ့မှာပဲဆိုတာ အသေအချာပါ။ ဒါကြောင့် ကိုယ်တိုင် မခံစားခဲ့ဖူးလို့ ကိုယ့်သားသမီးအပေါ် ချစ်ခြင်းမေတ္တာတွေမပြနိုင်၊ ကိုယ့်သားသမီးတွေက

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဆင့် သူတို့သားသမီးတွေကိုပါ ဆက်မပြနိုင်ဆိုတဲ့ ဆက်ခါဆက်ခါ ဖြစ်နေတဲ့ စက်ဝိုင်းကို ရပ်တန့်လိုစိတ်ဖြစ်ပေါ်လာပါတယ်။ ဒီစာအုပ်ရဲ့မူရင်းစာရေးသူက မိဘတိုင်းက သားသမီးတိုင်းကို ချစ်ပါတယ်။ ဒါပေမဲ့ တချို့ပဲ သူတို့ရဲ့ချစ်ခြင်း မေတ္တာကို ဖော်ပြပြနိုင်ပြီး တချို့ကတော့ မဖော်ပြနိုင်ကြပါဘူး။ အဲဒီလို မဖော်ပြ နိုင်တာဟာ သားသမီးရဲ့ အဓိကချစ်ခြင်းမေတ္တာ ဘာသာစကားကို မပြောနိုင်လို့ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်ရဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့မိခင်ကြီးနဲ့ ကျွန်တော်တို့ တွေအပေါ် ပြုစုစောင့်ရှောက်ခဲ့ပုံကို ပြောပြချင်ပါတယ်။ ဒီစာအုပ်မှာပါဝင်တဲ့ ချစ်ခြင်းမေတ္တာဘာသာစကား ၅ ခုလုံးကို ကျွန်တော့်မေမေက ကျွန်တော်တို့ အပေါ် အသုံးပြုခဲ့ပါတယ်။ ကျွန်တော်တို့ ၁၀ တန်းရောက်ချိန်အထိ အိပ်ရာထဲ လာနိူးရင် သားလေးတွေရေ ထတော့ဆိုတဲ့စကားနဲ့ လာနိူးတတ်ပါတယ်။ အဲဒီလို နိူးတဲ့အချိန်ဆို မေမေက အမြဲပဲ နဖူးနဲ့ပါးကို နမ်းပြီး နိူးတတ်ပါတယ်။ ဒါက မေမေ ကျွန်တော်တို့အပေါ် ပြောပြခဲ့တဲ့ အထိအတွေ့ ချစ်ခြင်းမေတ္တာ ဘာသာ စကားပါ။ ကျွန်တော်တို့ ၁၀ တန်းမရောက်ခင်အထိ ကျူရှင်မယူဖူးပါဘူး။ မိသားစု ညနေစာစားပြီးတဲ့အချိန်ဟာ ကျွန်တော်တို့ကို မေမေ့ရဲ့ အိမ်စာကူလုပ်ပေးချိန်၊ စာသင်ပေးချိန်တွေ ဖြစ်ပါတယ်။ ဒ့ါအပြင် ညအိပ်ရာဝင်ခါနီးတိုင်း ဘုရား ကန်တော့ရင် မေမေက ရှေ့ကတိုင်ပေးပြီး ကျွန်တော်တို့မောင်နှမ ၄ ယောက်က နောက်ကလိုက်ဆိုကြပါတယ်။ ကျွန်တော်တို့ အသက် ၉ နှစ်လောက်မှာတင် မေမေတိုင်ပေးတဲ့ ပရိတ်တော်တော်များများ အလွတ်ဆိုနေနိုင်ကြပါပြီ။ ဒါက မေမေရဲ့ ကျွန်တော်တို့ကိုပေးတဲ့ အဖိုးတန်အချိန်တွေပါ။ ကျွန်တော် မှတ်မိ သလောက်ဆိုရင် မေမေက ကျွန်တော်တို့အားလုံးကို ဘယ်တော့မှ အပြစ်မပြော ဖူးပါဘူး။ ကျွန်တော်တို့ ငယ်ငယ်ကနေ အသက်ကြီးလို့ အလုပ်တွေလုပ်နေချိန် အထိ "ငါ့သားလေးက အရမ်းတော်တာပဲ"ဆိုတဲ့စကားကို ကြုံတိုင်းပြောပါတယ်။ ဆွေမျိုးတွေ၊ မိတ်ဆွေတွေရှေ့မှာလည်း ကျွန်တော်တို့ကို အမြဲချီးကျူးပြောဆို တတ်ပါတယ်။ ဒါကလည်း မေမေရဲ့ နောက်ထပ်ချစ်ခြင်းမေတ္တာ ဘာသာစကား

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ခုပါပဲ။ မေမေက သာမန်နယ်မြို့လေးက အစိုးရဆရာဝန်တစ်ယောက်သာ ဖြစ်လို့ ကျွန်တော်တို့ကို တန်ဖိုးကြီးလက်ဆောင်တွေတော့ ဝယ်ပေးလေ့မရှိပါဘူး။ ဒါပေမဲ့ အခုအချိန်အထိ တွေးလိုက်တိုင်း ကြည်နူးရတဲ့ လက်ဆောင်လေးတွေ ပေးလေ့ရှိပါတယ်။ ကျွန်တော်တို့မွေးနေ့ရောက်တိုင်း မေမေက မွေးနေ့လက်ဆောင်ကို သေသေချာချာထုပ်ပိုးပြီး ကျွန်တော်တို့ရဲ့ ခေါင်းအုံးဘေးနားမှာ မနိုးခင် ချထား ပေးလေ့ရှိပါတယ်။ ကလေးတစ်ယောက်အဖို့ မွေးနေ့မနက်ခင်းမှာ မေမေ့ရဲ့ "Happy Birthday သားလေးတွေ" လို့ပြောပြီး အနမ်းနဲ့အတူ နိုးနိုးချင်း မွေးနေ့လက်ဆောင်ကို တွေ့လိုက်ရတဲ့ ခံစားချက်က ကလေးတစ်ယောက်အတွက် ဘယ်လောက်ထိတောင် ကြည်ကြည်နူးနူး ဖြစ်စေနိုင်မလဲဆိုတာ တွေးကြည့်လို့ ပါတယ်။ မေမေက သားလေးတွေလို့ ခေါ်တတ်သလို ရဲညီနောင်လို့လည်း ခေါ်တတ်ပါတယ်။ ကျွန်တော်တို့က အမြွှာညီအစ်ကိုမို့လို့ပါ။ ဒါကတော့ မေမေ့ရဲ့ လက်ဆောင်ကနေ တစ်ဆင့်ဖော်ပြတဲ့ ချစ်ခြင်းမေတ္တာတွေပါ။ နောက်ဆုံးတစ်ခု ဖြစ်တဲ့ ဝန်ဆောင်မှုပေးခြင်း အပြုအမူဆိုတာကတော့ မေမေ့ရဲ့စတိုင်လို့တောင် ပြောလို့ရပါတယ်။ မနက်ဆို ၅ နာရီလောက်ထ၊ သားသမီး ၄ ယောက်လုံး အတွက် မနက်စာပြင်ပေး၊ နေ့လယ်စာချက်ပေး၊ ပြီးမှ ဆေးရုံကိုသွားပါတယ်။ ညနေ ၄ နာရီလောက် ဆေးရုံကပြန်လာရင်လည်း ညစာအတွက် ချက်ရပါတယ်။ စနေ၊ တနင်္ဂနွေတွေမှာ အဝတ်အစားလျှော်၊ မီးပူထိုး အိမ်သန့်ရှင်းရေးလုပ်ရပါ သေးတယ်။ မေမေဟာ အလုပ်လုပ်တာလည်း အရမ်းမြန်ပြီး သားသမီးတွေရဲ့ ကိစ္စမှန်သမျှလည်း မငြီးမငြူ လုပ်ပါတယ်။ အိမ်မှာ ဆေးခန်းထိုင်နေရင်းနဲ့ အိမ်သန့်ရှင်းရေးလိုမျိုး လုပ်လိုက်ပါသေးတယ်။ ကျွန်တော်တို့အိမ်မှာ အိမ်အကူ တွေအများကြီး မရှိခဲ့ပေမဲ့ မေမေတစ်ယောက်တည်းရဲ့ စေ့စေ့စပ်စပ် လုပ်တတ် မှုကြောင့် ကျွန်တော်တို့ရဲ့ငယ်ဘဝက လိုလေသေးမရှိ ပြည့်စုံခဲ့ပါတယ်။ မေမေဟာ Love Language ဆိုတာ သိချင်မှသိခဲ့ပါလိမ့်မယ်။ ဒါပေမဲ့ မေမေ့ရဲ့ ကျွန်တော် တို့အပေါ်ထားတဲ့ မေတ္တာတွေကြောင့် ကျွန်တော်တို့ရဲ့ ချစ်ခြင်းမေတ္တာ ကွက်လပ်က အမြဲ အပြည့်ဖြစ်ခဲ့ရပါတယ်။ ကျွန်တော့်ပညာရေးနဲ့ အလုပ်မှာလည်း

mgyoe.com

mgyoe.com SAMPLE BOOK

အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရခဲ့တာဟာ မေမေ့ကျေးဇူးကြောင့်ပါပဲ။ ကျွန်တော် ဖခင်ဘဝကို ရလာတဲ့အခါမှာ ကျွန်တော့်သမီးတွေကို ချစ်ခြင်းမေတ္တာ အပြည့် ပေးနိုင်တာဟာ မေမေ့ရဲ့ကျေးဇူးတွေကြောင့်ပါ။ ဒါကြောင့် ဒီစာအုပ်မှာ အခွင့်အခါသင့်တုန်း မေမေ့ရဲ့အကြောင်းတွေကို ဖော်ပြလိုက်ရတာ ဖြစ်ပါတယ်။ ကျွန်တော့်မိခင်ကြီးရဲ့ နာမည်က ဒေါက်တာခင်စောဝင်း ဖြစ်ပါတယ်။ ၂၁-၃-၂၀၁၈ မှာ ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်။

ဒီစာအုပ်ကို ဘာသာပြန်ရတဲ့ ရည်ရွယ်ချက်တစ်ခုက ကလေးတိုင်း ကျန်းမာတဲ့ စိတ်ခံစားမှုတွေနဲ့ ကြီးပြင်းလာစေဖို့ပါ။ နောက်ရည်ရွယ်ချက်ကတော့ ကျွန်တော့်အဖေလို သားသမီးကို ချစ်ပေမဲ့ ချစ်ခြင်းမေတ္တာကို ဖော်ပြမယ့်နည်း တွေကို မသိခဲ့တဲ့အတွက် သားသမီးတွေဘက်က အထင်လွဲတဲ့အဖြစ်မျိုးတွေ မရှိစေချင်လို့ပါ။ နောက်ဆုံးတစ်ချက်ကတော့ မိဘကနေ သားသမီးကို လက်ဆင့် ကမ်းနေတဲ့ သားသမီး ပြုစုပျိုးထောင်တဲ့နည်းလမ်းမှာ ကလေးတိုင်းအတွက် အကျိုးဖြစ်ထွန်းစရာ နည်းလမ်းတွေကို မိဘတိုင်းလေ့လာပြီး မြန်မာနိုင်ငံအတွက် စိတ်ဒဏ်ရာကင်းတဲ့မျိုးဆက် ဖြစ်ပေါ်လာဖို့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

''လာလာ'' ''ချိုချို'' ''ဘာဘာ''။ ကျွန်တော်တို့ရဲ့ကလေးတွေဟာ အစပိုင်းမှာ ကျွန်တော်တို့ နားမလည်နိုင်တဲ့ ဘာသာစကားတွေကို ပြောတတ်ကြပါတယ်။ ကျွန်တော်တို့ပြောသမျှတွေကိုလည်း သူတို့ နားမလည်နိုင်ကြပါဘူး။ ကျွန်တော်တို့တွေ ကလေးတွေနဲ့ ဆက်ဆံတဲ့အခါ တစ်ယောက်နဲ့တစ်ယောက် နားမလည်မှုတွေထဲက အထိခိုက်ဆုံးကတော့ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာကို သေသေချာချာ မဖော်ပြမိကြတာပါ။ သင့်ကလေးရဲ့ ချစ်ခြင်းမေတ္တာဘာသာစကားကို သင် ပြောနေပါသလား၊ သင် ပြောနိုင်ပါသလား။

ကလေးတိုင်းမှာ သူတို့မိဘတွေရဲ့ ချစ်ခြင်းမေတ္တာကို အကောင်းဆုံး နားလည်နိုင်မယ့် အဓိကဘာသာစကား ရှိပါတယ်။ ဒီစာအုပ်က သင့်ကလေးရဲ့ အဓိကဘာသာစကားကို နားလည်ပြီး ဘယ်လိုပြောကြားနိုင်မလဲဆိုတာကို သင်ကြားပေးမယ့်အပြင် သင့်ကလေးက သူ့ကို ချစ်မြတ်နိုးတယ်ဆိုတာကို သိနိုင်မယ့် အခြားဘာသာစကား ၄ ခုကိုလည်း ပြောပြပေးသွားမှာပါ။ ကလေး တစ်ယောက်ဟာ ပေးဆပ်ခြင်း၊ ချစ်မြတ်နိုးခြင်းနဲ့ တာဝန်ယူတတ်တဲ့ လူကြီး တစ်ယောက်ဖြစ်လာဖို့အတွက် သူ့ကို ချစ်မြတ်နိုးတယ်ဆိုတာ သိနေဖို့ လိုအပ်ပါတယ်။

ကလေးများ၏ ချစ်ခြင်းမေတ္တာ ဘာသာစကား ၅ မျိုးစာအုပ်က သင့်ကို သင့်ကလေးရဲ့ အဓိကချစ်ခြင်းမေတ္တာဘာသာစကားကို မိတ်ဆက်ပေးပြီး သင့်ကလေးက သင့်အချစ်ကို မြင်တွေ့နိုင်ဖို့အတွက် အဓိကဘာသာစကားက ဘာလဲဆိုတာကို ဆုံးဖြတ်နိုင်ဖို့အတွက် အကူအညီပေးနိုင်မှာပါ။ သင့်ကလေး

mgyoe.com

mgyoe.com SAMPLE BOOK

အတွက် ချစ်ခြင်းမေတ္တာကို ရနိုင်မယ့်နည်းလမ်းတိုင်းကနေ အကျိုးရှိနိုင်တာမို့ အခန်း ၂ ကနေ ၆ အထိ အခန်း ၅ ခန်းကို ဂရုစိုက်ပြီး ဖတ်ပါ။ ဟုတ်ပါတယ်၊ သင့်ကလေးက သင့်ရဲ့အချစ်ကို ဒီဘာသာစကား ၅ မျိုးထဲကမှ တစ်ခုနဲ့ အကောင်းဆုံး ရရှိမှာပါ။ ဒါပေမဲ့ သင့်အချစ်ကို ပြသနိုင်မယ့် အခြားနည်းလမ်း ၄ ခုကလည်း သူ့ကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ အချိန်နဲ့အမျှတော့ သင့်ကလေးရဲ့ အဓိက ချစ်ခြင်းမေတ္တာ ဘာသာစကားက ပြောင်းလဲနိုင်ပါတယ်။

ဒီအချက်တွေကြောင့် အခန်းတိုင်းမှာပါတဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကားတစ်ခုချင်းစီက သင့်ကလေးအတွက် အရေးကြီးတဲ့အကြောင်းတွေကို ညွှန်ပြထားပါတယ်။ အခန်းတွေမှာပါတဲ့ ချစ်ခြင်းမေတ္တာဘာသာစကားက သင့်ကလေးရဲ့ အဓိကဘာသာစကား မဟုတ်ရင်တောင် လေ့လာပြီး ဒီဘာသာစကားကို ပြောဖို့ ကြိုးစားပါ။ ဘာသာစကား ၅ မျိုးလုံးကို လေ့ကျင့်ပြီး သင်က သင့်ကလေးကို တကယ်ပဲ ချစ်မြတ်နိုးတယ်ဆိုတာကို ပြသလိုက်ပါ။ သင့်ကိုကူညီဖို့အတွက် အခန်းတစ်ခုပြီးဆုံးတိုင်းမှာ ဒီဘာသာစကားနဲ့ သင့်ကလေးကို ပြောနိုင်ဖို့အတွက် လေ့ကျင့်ယူရမယ့် အကြံဉာဏ်တွေကို ဖော်ပြထားပါတယ်။

ဒီစာအုပ်မှာ ကလေးတစ်ယောက်အတွက် ချစ်ခြင်းမေတ္တာဆိုတာ ဘယ်လောက်အရေးကြီးကြောင်းကို အထူးပြုဖော်ပြထားပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ သင့်ကလေးတွေကို ရင့်ကျက်တဲ့ အရွယ်ရောက်သူတွေ ဖြစ်လာဖို့ပါ။ ကလေးတစ်ယောက်ရဲ့ ဖွံ့ဖြိုးမှုဖြစ်စဉ်တိုင်းမှာ ချစ်ခြင်းမေတ္တာရဲ့ အခြေခံတွေ လိုအပ်ပါတယ်။ ဒီစာအုပ်က သင့်ကလေးကို ဘယ်လိုပိုပြီး ချစ်မြတ်နိုးရမလဲ ဆိုတဲ့ အကြောင်းကို ဖော်ပြထားလို့ စာအုပ်တစ်အုပ်လုံးမှာ မိဘတွေအတွက် ကလေးပြုစု ပျိုးထောင်တဲ့နည်းလမ်းတွေ ပါဝင်မှာပါ။ အရေးအကြီးဆုံးဖြစ်တဲ့ ချစ်ခြင်းမေတ္တာပိုင်းကို သင့်ဘက်က အလုပ်လုပ်မှာဖြစ်လို့ သင့်မိသားစုတွင်း ဆက်ဆံရေးကလည်း ပိုပြီး ခိုင်မြဲလာပြီး ပိုပျော်စရာကောင်းတဲ့ ဆက်ဆံရေး ဖြစ်လာပါလိမ့်မယ်။ ဥပမာ–အခန်း ၈ မှာပါဝင်တဲ့ ဆွေးနွေးချက်တွေမှာဆိုရင် သင့်စိတ်ထဲ အမြဲစွဲမြဲနေမယ့် စကားလုံး ၂ ခုက 'ကြင်နာခြင်း' နဲ့ 'တည်ကြည်ခြင်း'

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုတာကို သင် လေ့လာမိပါလိမ့်မယ်။ ချစ်ခြင်းမေတ္တာက အပြစ်တွေအများကြီးကို ဖုံးကွယ်ပေးထားနိုင်သလိုပဲ ကြင်နာခြင်းရှိတယ်။ ဒါပေမဲ့ တည်ကြည်ခြင်းရှိနေရင် သင့်ရဲ့ ကလေးပြုစုပျိုးထောင်ခြင်းမှာ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေ အများကြီးကို ဖုံးကွယ်ပေးထားနိုင်မှာ ဖြစ်ပါတယ်။

ဒါပေမဲ့ သင့်ကလေးရဲ့ ချစ်ခြင်းမေတ္တာဘာသာစကားကို ဘယ်လိုသိနိုင်မလဲ။ အခန်း ၇ မှာ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။

သင် ဒီစာအုပ်ကို စဖတ်တာနဲ့ ကျွန်တော်တို့ပေးတဲ့ အကြံဉာဏ်တွေကို လိုက်နာပြီး သင့်ကလေးနဲ့ ချစ်ခြင်းမေတ္တာဘာသာစကားကို ကောင်းကောင်းပြော နိုင်တော့မှာပါ။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - ၁

## ချစ်ခြင်းမေတ္တာဆိုတာ အခြေခံအုတ်မြစ်ပါ

ဘရက်နဲ့ အီမလီတို့ဟာ သူတို့ရဲ့ ၈ နှစ်အရွယ် သားဖြစ်သူ ကဲလက် ဘာမှားနေတယ်ဆိုတာ မသိကြပါဘူး။ သူက သာမန်ထက်သာတဲ့ ကျောင်းသား တစ်ယောက်ဖြစ်ခဲ့ပြီး အိမ်စာမှန်မှန်လုပ်သူ ဖြစ်ခဲ့ဖူးပေမဲ့ ဒီနှစ်မှာတော့ ကျောင်းသင်ခန်းစာတွေကို မလိုက်နိုင် ဖြစ်နေပါတယ်။ သူ့ဆရာမက လေ့ကျင့်ခန်း ပေးလိုက်ရင် ဆရာဆီထပ်သွားပြီး သူ့ကို နောက်တစ်ခါ ရှင်းပြဖို့ တောင်းဆိုနေ ရပါတယ်။ သူ့ဆရာမဆီ တစ်နေ့ ၈ ခေါက်လောက်သွားပြီး သူ့ကို ထပ်ရှင်းပြဖို့ အကြိမ်ကြိမ် တောင်းဆိုနေရပါတယ်။ ဘရက်နဲ့ အီမလီတို့က ကဲလက်ကို အကြား အာရုံစစ်ဆေးခြင်းနဲ့ စာပိုဒ်ဖတ်ပြီး မေးခွန်းဖြေရတဲ့ စစ်ဆေးခြင်းတစ်ခုကို ပြုလုပ် ပေးခဲ့ပါတယ်။ သူ့ရဲ့ အကြားအာရုံကလည်း ပုံမှန်ဖြစ်ပြီး စာပိုဒ်ဖတ်ပြီး ဖြေတဲ့ ရလဒ်ကလည်း ၃ တန်းကျောင်းသားတစ်ယောက် အရွယ်ရတဲ့ရလဒ်အတိုင်း ဖြစ်နေပြီး ဘာထူးခြားတာကိုမှ မတွေ့ခဲ့ရပါဘူး။

သားနဲ့ပတ်သက်ပြီး သူတို့ ဇနီးမောင်နှံ ၂ ယောက်လုံး အဖြေရှာမရ ဖြစ်နေပါတယ်။ ကဲလက်ရဲ့ အပြုအမူတွေကလည်း သူငယ်ချင်းအပေါင်းအသင်း တွေနဲ့ အဆက်အဆံမရှိလုနီးပါး ဖြစ်လာနေပါတယ်။ သူ့ဆရာမက နေ့လယ်စာ စားချိန်မှာ သူ့ကို တခြားကလေးတွေနဲ့ အတူတူ စားခိုင်းတော့လည်း တခြား ကလေးတွေကို တွန်းပစ်ပြီး ဆရာမနားကိုပဲ ကပ်နေပါတယ်။ အားလပ်ချိန်တွေမှာ တခြားကလေးတွေက ကစားကွင်းမှာ ကစားနေပေမဲ့ သူက ဆရာမနားကိုပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ပြေးလာပြီး အရေးမကြီးတဲ့ မေးခွန်းတွေမေးရင်း တခြားကလေးတွေကို ရှောင်နေပါတော့တယ်။ အားလပ်ချိန်က ဂိမ်းတစ်ခုခုမှာ ဆရာမ ပါဝင်ပါပြီး ဆော့ပေးတော့လည်း သူက ဆရာမလက်ကို မလွှတ်တမ်း ဆွဲထားပါတယ်။

သူ့မိဘတွေလည်း ဆရာမနဲ့ ၃ ကြိမ်တောင် တွေ့ပြီးပါပြီ။ ဆရာမရော သူတို့ရော ပြဿနာရဲ့အဖြေကို မတွေ့ခဲ့ကြပါဘူး။ တစ်တန်းနဲ့နှစ်တန်းတုန်း ပျော်ပျော်ရွှင်ရွှင် အမှိအခိုကင်းကင်းနဲ့ နေခဲ့တဲ့ ကဲလက်က အခုကျမှ တစ်ယောက်ယောက်အပေါ် အရမ်းမှီခိုနေတဲ့ကိစ္စက အဓိပ္ပာယ် မရှိပါဘူး။ သူ့အစ်မ ဟဲနာနဲ့လည်း ရန်ဖြစ်တဲ့အကြိမ် အရေအတွက် ပိုလာပါတယ်။ ဘရက်နဲ့အီမလီတို့ကတော့ အခုလို သူ့အစ်မနဲ့ မတည့်တာဟာ သူ့အသက်အရွယ်မှာ ဖြစ်တတ်တဲ့ကိစ္စပဲဆိုပြီး အရေးမလုပ်ခဲ့ပါဘူး။

သူတို့ဇနီးမောင်နှံ ကျွန်တော့်ရဲ့ ဆီမီနာလာတက်ရင်းနဲ့ ကဲလက်အကြောင်းပြောပြတဲ့အခါမှာတော့ သူတို့က ကလေးဟာ လူဆိုးလေး ဖြစ်လာတော့မလားဆိုပြီး စိုးရိမ်နေကြပါပြီ။

''ဒေါက်တာချပ်မန်း၊ ဒီဆီမီနာက အိမ်ထောင်ရေးနဲ့ ပတ်သက်တာကြောင့် ကျွန်မ မေးခွန်းက မဆိုင်တဲ့မေးခွန်းမှန်း ကျွန်မသိပါတယ်''

အီမလီက ပြောပါတယ်။

''ဒါပေမဲ့ ဒေါက်တာ့ဘက်က လမ်းညွှန်မှုတစ်ခုခုပေးနိုင်လိမ့်မယ်လို့ ကျွန်မရော ဘရက်ကပါ ယူဆပါတယ်''

ပြီးတော့ သူ့သားရဲ့ စိုးရိမ်စရာကောင်းတဲ့ အပြုအမူတွေကို ပြောပြပါတယ်။

ကျွန်တော်က သူတို့ရဲ့ လူနေမှုဘဝပုံစံ ဒီနှစ်တွေထဲမှာ ပြောင်းလဲသွားသလားလို့ မေးလိုက်ပါတယ်။ ဘရက်က သူက အရောင်းသမားတစ်ယောက်ဖြစ်ကြောင်း၊ တစ်ပတ်မှာ ၂ ည အပြင်ထွက်ရကြောင်းနဲ့ တခြားရက်တွေမှာတော့ အိမ်မှာ ညနေ ၆း၀၀ နာရီနဲ့ ၇း၃၀ မှာပဲရှိကြောင်း ပြောပြပါတယ်။ အဲဒီလိုရက်တွေဆိုလည်း အီးမေးလ်ရေးတာနဲ့ တီဗီခဏတစ်ဖြုတ်ကြည့်တာတွေ


mgyoe.com

လုပ်ကြောင်း ပြောပြပါတယ်။ စနေ၊ တနင်္ဂနွေတွေမှာတော့ ဘောလုံးပွဲသွားကြည့်ကြောင်းနဲ့ တစ်ခါတလေမှာ ကဲလက်ကိုပါ ခေါ်သွားကြောင်း ပြောပါတယ်။ ဒါပေမဲ့ ကဲလက်ကို အဲဒီလိုအပေါ် မသွားနိုင်တာ တစ်နှစ်လောက်ရှိနေပါပြီ။

"အဲဒီလိုလုပ်ရတာ ဒုက္ခများတာနဲ့ ကျွန်တော် ဘောလုံးပွဲတွေကို အိမ်က တီဗီမှာပဲ ကြည့်တော့တယ်"လို့ ပြောပါတယ်။

"အီမလီ၊ ခင်ဗျားရော ဘယ်လိုလဲ။ ပြီးခဲ့တဲ့လတွေမှာ ခင်ဗျားရဲ့ လူနေမှုပုံစံ ပြောင်းသွားတာမျိုးရှိလား"လို့ ကျွန်တော်က အီမလီကို မေးလိုက်ပါတယ်။

"ရှိတာပေါ့၊ ကဲလက် မူကြိုစတက်ကတည်းက လွန်ခဲ့တဲ့ ၃ နှစ်လုံးလုံးက ကောလိပ်တစ်ခုမှာ အချိန်ပိုင်း အလုပ်လုပ်နေခဲ့ပါတယ်။ ဒါပေမဲ့ ဒီနှစ်မှာ အချိန်ပြည့်ဝန်ထမ်းအဖြစ် စလုပ်ပါတယ်။ ဒါကြောင့် အိမ်ပြန်ရောက်ချိန်က ပုံမှန်ထက် အမြဲလိုလို နောက်ကျပါတယ်။ ကျွန်မအမေက ကဲလက်ကို ကျောင်းက ကြိုပေးထားပြီး ကျွန်မ သူ့ကို လာမကြိုခင်အထိ ၁ နာရီခွဲလောက် ကျွန်မအမေနဲ့ အတူတူ နေရပါတယ်။ ဘရက်အိမ်မှာမရှိတဲ့ ညနေခင်းတွေဆိုရင်တော့ ကဲလက်နဲ့ ကျွန်မက မိတ်ဆွေတွေနဲ့ အတူတူ ညစာစားပြီးမှ အိမ်ပြန်ကြပါတယ်"

ကျွန်တော့်ရဲ့ ဆီမီနာ စဖို့အချိန် နီးကပ်လာပါပြီ။ ကဲလက်စိတ်ထဲ ဘာတွေဖြစ်နေလဲဆိုတာ နားလည်လိုက်ပြီလို့ ခံစားလိုက်ရပါတယ်။ ဒါကြောင့် သူတို့ဇနီးမောင်နှံကို ကျွန်တော် အကြံတစ်ခု ပေးလိုက်ပါတယ်။

"ကျွန်တော် အခုပြောမှာကတော့ အိမ်ထောင်ရေးအကြောင်းပဲ။ ဒါပေမဲ့ ကျွန်တော်ပြောတဲ့ထဲမှာ ကဲလက်အတွက် အသုံးဝင်မယ့်စကားတွေပါရင် သေသေချာချာ နားထောင်ပေးပါ။ ဆီမီနာအပြီးမှာတော့ ခင်ဗျားတို့ ဘယ်လိုကောက်ချက်ချလဲဆိုတာ ကျွန်တော့်ကို ပြန်ပြောပေးပါ"

လို့ ပြောလိုက်ပါတယ်။ သူတို့ကို ဘာအကြံဉာဏ်မှမပေးလိုက်လို့ အံ့သြသွားပုံရပါတယ်။ ဒါပေမဲ့ ကျွန်တော်တောင်းဆိုတဲ့အတိုင်း ကျွန်တော့်ဆီမီနာမှာ သေသေချာချာ နားထောင်ပါမယ်လို့ ကတိပေးကြပါတယ်။ ဆီမီနာအပြီးမှာတော့ တခြားပွဲတက်ရောက်သူတွေကြားထဲကနေပြီး ဘရက်နဲ့ အီမလီတို့ ကျွန်တော့်ဆီ

mgyoe.com

ရောက်လာပါတယ်။ သူတို့ကိုကြည့်ရတာ တွေ့ရှိမှုအသစ်တစ်ခုခု ရလိုက်သလို ပါပဲ။

''ဒေါက်တာချပ်မန်း၊ ကျွန်မတို့ ကဲလက် ဘာတွေဖြစ်နေလဲဆိုတာကို သိလိုက်ရပြီ။ ဒေါက်တာက ချစ်ခြင်းမေတ္တာဘာသာစကား ၅ မျိုးကိုပြောပြတော့ ကဲလက်ရဲ့ အဓိကဘာသာစကားက သူ့ကို အချိန်ပေးဆက်ဆံတာပဲဆိုတာ ကျွန်မတို့ သိလိုက်ရတယ်။ ပြီးခဲ့တဲ့ ၄–၅ လကို ပြန်ကြည့်ရင် ကျွန်မတို့ သူ့ကို အရင်တုန်းကပေးနေကြ အချိန်တွေလောက် အချိန်မပေးဖြစ်ခဲ့တာကို သဘောပေါက်သွားတယ်။

ကျွန်မ အချိန်ပိုင်းလုပ်နေတုန်းက ကျွန်မ သူ့ကို နေ့တိုင်း ကျောင်းကနေ ကြိုတယ်။ အိမ်အပြန် လမ်းမှာ ပန်းခြံထဲ ခဏဝင်တာမျိုး၊ ရေခဲမုန့်အတူတူ ဝယ်စားတာမျိုး လုပ်ခဲ့ကြတယ်။ အိမ်ပြန်ရောက်တော့ ကဲလက်က ခဏ ကစားတယ်။ ညစာစားပြီးရင်တော့ သူ့အိမ်စာတွေကို အတူတူ ကူလုပ်ပေးတာမျိုး၊ တီဗီအတူတူကြည့်တာမျိုး လုပ်ကြတယ်။ အထူးသဖြင့် ဘရက် အိမ်မှာရှိမနေတဲ့ ညတွေပေါ့။ ဒါတွေအားလုံးဟာ ကျွန်မ အလုပ်အသစ်စကတည်းက အားလုံး ပြောင်းလဲသွားတယ်။ ကျွန်မ ကဲလက်ကို အချိန်နည်းနည်းပဲ ပေးနိုင်တော့တယ်''

ကျွန်တော်က ဘရက်ကို ကြည့်လိုက်တော့ သူက –

''ကျွန်တော့်ဘက်ကတော့ ကျွန်တော် ကဲလက်ကို ဘောလုံးပွဲ ခေါ်သွားလေ့ရှိတယ်။ ဒါပေမဲ့ ကျွန်တော် မသွားတော့ကတည်းက အဖေနဲ့သား အချိန် အတွက် အခြားတစ်ခုခုနဲ့ အစားမထိုးခဲ့ဘူး။ ပြီးခဲ့တဲ့လတွေမှာ ကဲလက်နဲ့ကျွန်တော် အတူတူ ရှိမနေဘူး''

''ခင်ဗျားတို့ ကဲလက်ရဲ့ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကို ရှာတွေ့သွားပြီလို့ ကျွန်တော်ထင်တယ်။ သူ့ရဲ့ ချစ်ခြင်းမေတ္တာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရင် သူ့အပြုအမူတွေ ပြောင်းလဲလာမှာကို ခင်ဗျားတို့ တွေ့ရမှာပါ''
လို့ ပြန်ပြောလိုက်ပါတယ်။ သူတို့ရဲ့ ချစ်ခြင်းမေတ္တာကို အချိန်ပေးနည်းက တစ်ဆင့် ဖော်ပြဖို့ အဓိကနည်းလမ်းတွေကို အကြံပေးလိုက်ပြီး ဘရက်ကိုလည်း


mgyoe.com

mgyoe.com SAMPLE BOOK

သူရဲ့အချိန်ဇယားတွေထဲကမှ ကဲလက်ကို သီးသန့်အချိန်ပေးပါလို့ ပြောလိုက်ပါတယ်။ အီမလီကိုလည်း သူ အလုပ်သစ်မစခင်တုန်းကလိုပဲ ကဲလက်နဲ့အတူတူ လုပ်နိုင်မယ့်အရာတွေကို လုပ်ဖို့ ပြောပြလိုက်ပါတယ်။ သူတို့နှစ်ယောက်လုံး သိလိုက်တဲ့အသိကို အကောင်အထည်ဖော်ဖို့ စိတ်အားထက်သန်နေကြပုံပါ။

"တခြားအချက်တွေလည်း ရှိနိုင်သေးတယ်။ ဒါပေမဲ့ ခင်ဗျားတို့သားရဲ့ အဓိက ချစ်ခြင်းမေတ္တာဘာသာစကားဖြစ်တဲ့ အချိန်ပေးဆက်ဆံတာကို တခြား ဘာသာစကား ၄ မျိုးနဲ့ ရောစပ်လိုက်ရင် ကလေးရဲ့အပြုအမူက သိသိသာသာ ပြောင်းလဲလာမှာပါ"လို့ ပြောလိုက်ပါတယ်။

ကျွန်တော်တို့ နှုတ်ဆက်စကားပြောပြီး ခွဲခွာခဲ့ကြပါတယ်။ ကျွန်တော်လည်း အီမလီနဲ့ ဘရက်ဆီက ဘာမှ ထပ်မကြားရတော့ပါဘူး။ ရိုးရိုးသားသားပြောရရင် သူတို့ကို မေ့တောင်နေပါပြီ။ ဒါပေမဲ့ နောက် ၂ နှစ်အကြာ ကျွန်တော် ဝစ်ကွန် ဆက်ကို ဆီမီနာတစ်ခုအတွက် ထပ်ရောက်တော့ သူတို့နှစ်ယောက် ရောက်လာ ကြပြီး ကျွန်တော်တို့ ပြောခဲ့တာတွေကို အမှတ်ရအောင် ပြန်ပြောပြပါတယ်။ သူတို့အားလုံး ပြုံးရွှင်နေကြပြီး ကျွန်တော့်ကို ပွေ့ဖက်နှုတ်ဆက်ကြပါတယ်။ ကျွန်တော့်ဆီမီနာကို ခေါ်လာတဲ့ သူတို့မိတ်ဆွေတစ်ဦးနဲ့ မိတ်ဆက်ပေးပါတယ်။

"ကျွန်တော့်ကို ကဲလက်အကြောင်း ပြောပြပါဦး"

လို့ ပြောလိုက်ပါတယ်။ သူတို့နှစ်ယောက်လုံး ပြုံးလိုက်ကြပြီး –

"သူ အခု အရမ်းကို တိုးတက်နေပြီ။ ကျွန်တော်တို့ ဒေါက်တာဆီ စာရေးမယ် ရေးမယ်နဲ့ မရေးဖြစ်တာ။ ကျွန်တော်တို့ အိမ်ပြန်ရောက်တာနဲ့ ဆရာ အကြံပေးတဲ့အတိုင်း လုပ်တယ်။ ကဲလက်ကို ကျွန်တော်တို့ ဂရုတစိုက်ကို သူ့အတွက် အချိန်ပေးတယ်။ ၂ ပတ် ၃ ပတ်လောက်ကြာတာနဲ့ သူရဲ့ကျောင်းမှာ အပြုအမူတွေက သိသိသာသာ ပြောင်းလာတာပဲ။ ဆရာမက ကျွန်တော်တို့ကို ကျောင်းလာခဲ့ပါဦးခေါ်တော့ အစက စိတ်ပူသွားသေးတယ်။ ဒါပေမဲ့ ဆရာမက ကျွန်တော်တို့ ဘယ်လိုလုပ်လိုက်လို့ ကဲလက် အခုလိုပြောင်းလဲလာတာလဲဆိုပြီး ခေါ်မေးတာ"


mgyoe.com

mgyoe.com SAMPLE BOOK

ဆရာမက ကဲလက်ရဲ့ မသင့်လျော်တဲ့ အပြုအမူတွေ ရပ်တန့်သွားပြီလို့ သူတို့ကို ပြောပြခဲ့ပါတယ်။ နေ့လယ်စာစားရင်း တခြားကလေးတွေကို တွန်းတာလည်းမရှိတော့ဘူး။ ဆရာမဆီ ခဏခဏ ရောက်လာပြီး မေးခွန်းမေးတာလည်း မရှိတော့ပါဘူး။ ပြီးတော့ အီမလီက သူနဲ့ သူ့ခင်ပွန်း ဆီမီနာတက်အပြီးမှာ ကဲလက်ရဲ့ အဓိက ချစ်ခြင်းမေတ္တာစကားကို စပြီးပြောတဲ့အကြောင်းရှင်းပြပါတယ်။

"ကျွန်မတို့က ကဲလက်လိုနေတဲ့ မိဘနဲ့အတူတူရှိနေမယ့်အချိန်တွေကို ပိုပိုသာသာကို ပေးလိုက်တာ" လို့ အီမလီက ပြောပါတယ်။

ဒီဇနီးမောင်နှံက သူတို့ကလေးရဲ့ ချစ်ခြင်းမေတ္တာဘာသာစကား ဘယ်လိုပြောရမလဲဆိုတာ နားလည်သွားပါပြီ။ သူတို့သား နားလည်နိုင်မယ့် "အမေတို့ အဖေတို့က သားကိုချစ်တယ်" ဆိုတဲ့အကြောင်းကို ဘယ်လိုဖော်ပြရမလဲဆိုတဲ့ နည်းလမ်းပါ။ ကဲလက်အကြောင်းက ကျွန်တော့်ကို ဒီစာအုပ်ကိုရေးဖို့ တွန်းအားဖြစ်စေပါတယ်။

သင့်ကလေးရဲ့ အဓိက ချစ်ခြင်းမေတ္တာဘာသာစကားကို ပြောဆိုခြင်းဟာ ကလေးက နောက်တစ်ချိန်မှာ ရောင့်တက်လာနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ် မဟုတ်ပါဘူး။ အဓိက အဓိပ္ပာယ်ကလေးက သူ့ကို ချစ်မြတ်နိုးတယ်ဆိုတာ သိလာပြီး သူ့အတွက် မျှော်လင့်ချက်နဲ့ လုံခြုံမှုကိုပေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ကလေးကို တာဝန်ယူတတ်တဲ့ လူကြီးတစ်ယောက် ဖြစ်လာစေဖို့ အကူအညီ ပေးပါတယ်။ ချစ်ခြင်းမေတ္တာဆိုတာ အခြေခံအုတ်မြစ်ပါပဲ။

**သင့်ကလေးကို သင် တကယ့်ကို ချစ်မြတ်နိုးမှာပါ။ ဒါပေမဲ့ သူ့ဘက်က သင့်ရဲ့ချစ်ခြင်းမေတ္တာကို မခံစားရဘူးဆိုရင် သူ့ကိုချစ်တယ်လို့ ခံစားရမှာ မဟုတ်ပါဘူး။**

**ကလေးတစ်ယောက်ကို ပျိုးထောင်တဲ့အခါမှာ အရာတိုင်းက မိဘနဲ့ သားသမီးကြားက ချစ်ခြင်းမေတ္တာပါတဲ့ ဆက်ဆံရေးအပေါ် မူတည်နေပါတယ်။ ကလေးရဲ့ ချစ်ခြင်းမေတ္တာလိုအပ်ချက်ကို ဖြည့်ဆည်းမပေးနိုင်ရင် ဘယ်အရာကမှ အလုပ်မဖြစ်ပါဘူး။ သူတို့အပေါ် စစ်မှန်စွာနဲ့ ချစ်တယ်၊**


mgyoe.com

mgyoe.com SAMPLE BOOK

**ဂရုစိုက်တယ်လို့ ခံစားရတဲ့ ကလေးတွေပဲ အကောင်းဆုံးဆိုတဲ့အရာတွေကို လုပ်နိုင်မှာပါ။ သင့်ဘက်ကတော့ ကလေးကို တကယ်ပဲချစ်တယ်ဆိုတာ သေချာပါတယ်။ ဒါပေမဲ့ ကလေးဘက်က ချစ်တယ်လို့ မခံစားရရင် သင့်ရဲ့ အချစ်ကို ဆက်သွယ်ပေးမယ့် ဘာသာစကားကို သင့်ဘက်က မပြောဘူး ဆိုရင် ကလေးက သူ့ကိုချစ်ပါတယ်လို့ ခံစားရမှာမဟုတ်ပါဘူး။**

☺

## စိတ်ပိုင်းဆိုင်ရာ ကွက်လပ်ကို ဖြည့်ဆည်းခြင်း

သင့်ကလေးရဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကားကို ပြောခြင်းအားဖြင့် သူ့ရဲ့ စိတ်ခံစားမှု ကွက်လပ်ကို ဖြည့်နိုင်ပါတယ်။ ကလေးတစ်ယောက်ဟာ သူ့ကို ချစ်တယ်လို့ ခံစားရင် သူ့ရဲ့ စိတ်ခံစားမှုကွက်လပ်အတွက် အလွတ်နီးပါး ဖြစ်နေတဲ့ အခြေအနေထက်ပိုပြီး လေ့ကျင့်သင်ကြားပေးဖို့ရယ်၊ စည်းကမ်းလိုက်နာဖို့ရယ် ပိုလွယ်ကူပါတယ်။

ကလေးတိုင်းမှာ စိတ်ခံစားမှုကွက်လပ် ရှိပါတယ်။ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအတွက် နေရာဖြစ်ပြီး သူတို့ရဲ့ ကလေးဘဝနဲ့ ဆယ်ကျော်သက်အရွယ် တွေရဲ့ စိန်ခေါ်မှုတွေ ကျော်လွှားဖို့အတွက် အားဖြည့်ပေးရမယ့်နေရာ ဖြစ်ပါတယ်။ ကားတွေကို ဓာတ်ဆီဖြည့်ပြီး မောင်းနှင်ရသလိုပဲ ကျွန်တော်တို့ကလေးတွေဟာ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ကွက်လပ်မှာ လောင်စာဖြည့်ပေးရပါတယ်။ သူတို့ရဲ့ အလားအလာကောင်းတွေကို ရောက်ရှိဖို့အတွက် သူတို့မောင်းနှင်သင့်တဲ့ ပုံစံ အတိုင်း ဘဝကို မောင်းနှင်သွားဖို့အတွက် စိတ်ပိုင်းဆိုင်ရာ ကွက်လပ်ကို ဖြည့်ပေး ဖို့လိုအပ်ပါတယ်။

## ဒါပေမဲ့ ဘယ်လိုအရာတွေနဲ့ ဒီကွက်လပ်ကို ဖြည့်မှာလဲ

ချစ်ခြင်းမေတ္တာပေါ့။ သေချာပါတယ်၊ ဒါပေမဲ့ သူတို့အတွက် သီးသန့် ချစ်ခြင်းမေတ္တာ အမျိုးအစားကပဲ သူတို့ကို ကြီးပြင်းလာဖို့ရယ်၊ ပုံမှန်အလုပ်လုပ် နိုင်ဖို့ရယ်ကို လုပ်ပေးနိုင်မှာပါ။


mgyoe.com

mgyoe.com

SAMPLE BOOK


ကျွန်တော်တို့ကလေးတွေရဲ့ စိတ်ခံစားမှုကွက်လပ်ကို ခြွင်းချက်မရှိတဲ့ ချစ်ခြင်းမေတ္တာနဲ့ ဖြည့်ပေးရပါမယ်။ ဘာကြောင့်လဲဆိုတော့ အချစ်စစ် အချစ်မှန် ဆိုတာ ခြွင်းချက်မရှိပါဘူး။ အခြေအနေတစ်ခုခုကို မှီခိုမနေပါဘူး။ ခြွင်းချက်မရှိတဲ့ ချစ်ခြင်းမေတ္တာဆိုတာ ပြီးပြည့်စုံတဲ့ ချစ်ခြင်းတရားဖြစ်ပြီး ကလေးတစ်ယောက်ကို သူ ဘယ်သူဖြစ်တယ်ဆိုတဲ့အချက်ကို လက်ခံပေးပါတယ်။ သူ ဘာလုပ်နိုင်တယ် ဆိုတဲ့အချက် မဟုတ်ပါဘူး။ သူ ဘာပဲလုပ်လုပ် ဒါမှမဟုတ် ဘာကိုပဲလုပ်မနေနေ မိဘက ချစ်ပေးနေတာမျိုးပါ။ ဝမ်းနည်းစရာကောင်းတာက တချို့မိဘတွေက သူတို့အချစ်ကို အခြေအနေပေါ်မူတည်ပြီးတော့ပဲ ပြသတတ်ပါတယ်။ သူတို့ ကလေးရဲ့ ဖြစ်တည်မှုထက် အခြားအကြောင်းအရာတစ်ခုပေါ်မှာ အကြောင်းပြုပြီး ချစ်ခြင်းမေတ္တာကို ဖော်ပြတတ်ကြပါတယ်။ ခြွင်းချက်ရှိတဲ့ အချစ်ဆိုတာ ကလေးရဲ့ စွမ်းဆောင်ရည်ပေါ်မူတည်ပြီး ဖြစ်ပေါ်တဲ့အချစ်မျိုးပါ။ တစ်ခါတလေမှာ ကလေးကို လေ့ကျင့်သင်ကြားပေးတဲ့နည်းလမ်းတွေဖြစ်တဲ့ ကိုယ်ဖြစ်ချင်တဲ့အတိုင်း ကလေးက လိုက်လုပ်မှ လက်ဆောင်ပေးတာ၊ ဆုချတာနဲ့ တခြားအခွင့်အရေးပေးတာမျိုး တွေနဲ့ ရောထွေးနေတတ်ပါတယ်။

ကျွန်တော်တို့ ကလေးတွေကို လေ့ကျင့်သင်ကြားပေးဖို့ လိုအပ်တာ မှန်ပါတယ်။ ဒါပေမဲ့ ဒါက သူတို့ရဲ့ စိတ်ခံစားမှုကွက်လပ်ကိုဖြည့်ပြီးတော့မှ လုပ်ရမှာပါ။ စိတ်ခံစားမှုကွက်လပ်ဆိုတာကလည်း ပုံမှန်လိုလို လျော့နည်းလာ တတ်လို့ ထပ်ဖြည့်ပေးရပါတယ်။ ခြွင်းချက်မရှိတဲ့ ချစ်ခြင်းမေတ္တာကပဲ မမျှမတ ဆက်ဆံခံရတဲ့ ခံစားချက်၊ အချစ်မခံရဘူးလို့ ခံစားချက်၊ အပြစ်ရှိနေတယ်လို့ ခံစားရပြီး စိတ်မလုံမခြုံ ဖြစ်နေတဲ့ ခံစားချက်တွေ ဖြစ်ပေါ်မလာအောင် အကာ အကွယ်ပေးနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ ကလေးတွေကို ခြွင်းချက်မရှိ ချစ်ခြင်း မေတ္တာပေးတာ တစ်ခုတည်းကပဲ သူတို့အပေါ်ကို ကောင်းကောင်းနားလည်လာ နိုင်ပြီး သူတို့ အပြုအမူက ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သူတို့ကို ကိုင်တွယ်ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မော်လီက အသင့်အတင့်ကြွယ်ဝတဲ့အိမ်မှာ ကြီးပြင်းလာခဲ့တဲ့ ကလေး တစ်ယောက် ဖြစ်ပါတယ်။ သူ့အဖေကတော့ အိမ်နဲ့အနီးအနားမှာပဲ အလုပ်လုပ် ပါတယ်။ အမေကတော့ တစ်ခါတလေ အချိန်ပိုင်းအလုပ်ကလွဲလို့ အိမ်ထောင် ထိန်းသိမ်းတဲ့အလုပ်ကိုပဲ လုပ်ပါတယ်။ မိဘနှစ်ယောက်စလုံးက အလုပ်ကြိုးစားသူ တွေဖြစ်ပြီး သူတို့အိမ်နဲ့ မိသားစုအတွက် ဂုဏ်ယူနေသူတွေပါ။ မော်လီရဲ့အဖေ ညစာချက်တဲ့ရက်တွေဆိုရင် မီးဖိုချောင်ကို မော်လီနဲ့အတူတူ သန့်ရှင်းရေးလုပ် ကြပါတယ်။ စနေနေ့ညတွေဟာ သူတို့ အပတ်စဉ်အပြင်ထွက်တဲ့ရက်တွေဖြစ်ပြီး အပြင်မှာ ဟော့ဒေါ့ဂ်နဲ့ဘာဂါ အတူတူစားကြပါတယ်။ တနင်္ဂနွေမနက်မှာတော့ မိသားစုလိုက် ဘုရားကျောင်းတက်ကြပြီး တစ်နေကုန် ဆွေမျိုးတွေနဲ့အတူတူ ရှိနေတတ်ကြပါတယ်။

မော်လီနဲ့ သူ့မောင်လေးငယ်ငယ်ကဆို သူတို့မိဘတွေဟာ နေ့တိုင်း သူတို့ကို စာဖတ်ပြပါတယ်။ အခုတော့ သူတို့ ကျောင်းတက်နေကြပြီဖြစ်လို့ အမေရော အဖေရောက သူတို့ကျောင်းစာတွေလုပ်ဖို့ တိုက်တွန်းပါတယ်။ သူတို့ ကလေးတွေကို သူတို့တုန်းက မရခဲ့တဲ့ အခွင့်အရေးဖြစ်တဲ့ ကောလိပ်တက်ဖို့ သူတို့နှစ်ယောက်လုံးက ဆန္ဒရှိနေကြပါတယ်။

ဂျူနီယာအကြီးတန်းမှာ မော်လီနဲ့ အတန်းဖော်သူငယ်ချင်းတစ်ယောက်ရဲ့ နာမည်က စတက်ဖနီဖြစ်ပါတယ်။ သူတို့နှစ်ယောက် အတန်းအတူတူတက်ကြပြီး နေ့လယ်စာကိုလည်း မျှဝေစားတတ်ကြပါတယ်။ ဒါပေမဲ့ တစ်ယောက်အိမ်ကို တစ်ယောက် အလည်မသွားဖူးကြပါဘူး။ တကယ်လို့ သူတို့သာ အလည်သွား ခဲ့ကြမယ်ဆိုရင် သူတို့နှစ်ယောက်ကြားက ကြီးမားတဲ့ ခြားနားချက်ကို တွေ့ရမှာပါ။ စတက်ဖနီရဲ့ အဖေက အောင်မြင်တဲ့လုပ်ငန်းရှင်တစ်ယောက်ဖြစ်ပြီး သူ့မိသားစု လိုတာမှန်သမျှ ဖြည့်ဆည်းနိုင်သူပါ။ သူ ခရီးမကြာခဏထွက်ရပြီး အိမ်မှာမရှိတဲ့ အချိန်က ပိုများပါတယ်။ စတက်ဖနီရဲ့ အမေကတော့ သူနာပြုတစ်ယောက်ပါ။ စတက်ဖနီရဲ့အစ်ကိုကလည်း ပုဂ္ဂလိကကျောင်းတစ်ခုမှာ ကျောင်းအိပ်ကျောင်းစား တက်နေလို့ အိမ်မှာမရှိပါဘူး။ စတက်ဖနီကိုလည်း ၃ နှစ်ကြာအောင် ကျောင်းအိပ်


mgyoe.com

mgyoe.com
SAMPLE BOOK


ကျောင်းစားကျောင်းကို ပို့ပေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူ တောင်းတောင်းပန်ပန် ပြောလို့ သူ့ကို အစိုးရကျောင်းကို ပြန်ပြောင်းပေးခဲ့တာပါ။ သူ့အဖေအိမ်မှာ မရှိတာရယ်နဲ့ အမေက အလုပ်များနေတတ်တာကြောင့် မိသားစု အပြင်မှာ ထွက်စားကြတာ မရှိသလောက်ပါ။

မော်လီနဲ့ စတက်ဖနီတို့ဟာ ၉ တန်းထိတော့ အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေပါ။ ၉ တန်းအပြီးမှာတော့ စတက်ဖနီကို သူ့အဘိုးအဘွားအိမ်နဲ့နီးတဲ့ ကောလိပ်ဝင်ခွင့် ပြင်ဆင်ရေးကျောင်းတစ်ခုကို ပို့လိုက်ပါတယ်။ ပထမဆုံးနှစ်မှာတော့ သူတို့ စာရေးပြီး အဆက်အသွယ်လုပ်ကြပါသေးတယ်။ နောက်ပိုင်းမှာတော့ စတက်ဖနီက ရည်းစားစထားပြီး သူတို့အချင်းချင်း အဆက်အသွယ်လုပ်တာ လျော့နည်းလာပါတယ်။ နောက်ဆုံးမှာတော့ သူတို့ချင်း အဆက်အသွယ်မရှိကြတော့ပါဘူး။ မော်လီလည်း အခြားသူငယ်ချင်းအသစ်တွေရလာပြီး သူတို့ကျောင်းကို ပြောင်းရွှေ့လာတဲ့ ကျောင်းသားတစ်ဦးနဲ့ ရည်းစားစဖြစ်ပါတယ်။ စတက်ဖနီရဲ့မိဘတွေက တခြားကိုပြောင်းသွားကတည်းက စတက်ဖနီအကြောင်းကို လုံးဝမကြားရတော့ပါဘူး။

တကယ်လို့ ကြားခဲ့ရင်လည်း မော်လီအတွက် ဝမ်းနည်းကြေကွဲရမှာပါ။ စတက်ဖနီ အိမ်ထောင်ကျပြီး ကလေးတစ်ယောက်ရချိန်မှာ မူးယစ်ဆေးရောင်းဝယ်မှုနဲ့ အဖမ်းခံခဲ့ရပါတယ်။ အခု ထောင်ဒဏ်နှစ်တော်တော်များများ ကျခံနေရပါတယ်။ သူ ထောင်ကျနေစဉ်မှာပဲ သူ့ခင်ပွန်းက သူ့ကို စွန့်ခွာသွားခဲ့ပါတယ်။ မော်လီကတော့ ပျော်ရွှင်တဲ့မိသားစုဘဝကို ရနေပြီး ကလေး ၂ ယောက်ရနေပါပြီ။

ဘယ်လိုအရာက ကလေးဘဝက သူငယ်ချင်းနှစ်ယောက်ရဲ့ရလဒ်ကို ခြားနားသွားစေရတာလဲ။ ဘယ်သူမှ အဖြေမရှိခဲ့ပေမယ့် စတက်ဖနီ တစ်ခါက သူ့ရဲ့စိတ်ရောဂါကုဆရာဝန်ကို ပြောခဲ့တာကနေ အဖြေရှာလို့ရပါတယ်။

"ကျွန်မမိဘတွေက ကျွန်မကိုချစ်တယ်လို့ မခံစားခဲ့ရဘူး။ ကျွန်မ စပြီးမူးယစ်ဆေးသုံးစွဲဖြစ်တာက ကျွန်မအပေါင်းအသင်းတွေ ကျွန်မကို သဘောကျလာဖို့လုပ်ခဲ့တာ"


mgyoe.com

ဒီလိုပြောတာဟာ သူ(မ)အနေနဲ့ သူ့မိဘတွေကို အပြစ်ပြောတာ မဟုတ်ဘဲ သူ့အကြောင်းကို သူ နားလည်သလို ပြောလိုက်တာပါ။

စတက်ဖနီပြောလိုက်တာကို သတိထားမိလိုက်လား။

သူ့မိဘတွေက သူ့ကိုမချစ်တာ မဟုတ်ပါဘူး။ သူ့ဘက်က ချစ်တယ်လို့ မခံစားခဲ့ရတာပါ။ မိဘတော်တော်များများကတော့ သူတို့သားသမီးတွေကို ချစ်ကြပြီး သူတို့သားသမီးတွေကို အချစ်ခံရတယ်ဆိုတဲ့ ခံစားချက်ကို ရစေချင်ခဲ့ကြတာပါ။ ဒါပေမဲ့ ဒီခံစားချက်ကို ပေါ်လွင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို သိတဲ့သူ နည်းနည်းပဲရှိပါတယ်။ သူတို့သားသမီးတွေကို သူတို့ချစ်မြတ်နိုးပါတယ် ဆိုတာကို ဖော်ပြဖို့ သူတို့ကို ခြွင်းချက်မရှိ ချစ်ခြင်းမေတ္တာပေးတဲ့ နည်းလမ်း တစ်ခုပဲ ရှိပါတယ်။

**မျှော်လင့်ခြင်းစကား**

ကလေးတစ်ယောက်ကို စိတ်ပိုင်းဆိုင်ရာ ကျန်းကျန်းမာမာနဲ့ ကြီးပြင်း လာဖို့ ပြုစုပျိုးထောင်ရတာဟာ ဒီနေ့ခေတ်မှာတော့ ခက်ခဲတဲ့အလုပ် ဖြစ်နေပါပြီ။ မီဒီယာရဲ့ လွှမ်းမိုးမှု၊ ကလေးတွေကို မြန်မြန်ကြီးပြင်းလာအောင် တွန်းအားပေး နေတဲ့ ယနေ့ခေတ်ရေစီးကြောင်း၊ မူးယစ်ဆေးဝါး၊ အကြမ်းဖက်မှုတွေနဲ့ ထည့်ပြောဖို့မလိုလောက်အောင် သိသာတဲ့ ဒီနေ့ခေတ်မိဘတွေရဲ့ ငွေရှာရခက်တဲ့ အခက် အခဲတွေဟာ မိဘတိုင်းအတွက် စိန်ခေါ်မှုတွေ ဖြစ်လာပါတယ်။

ကျွန်တော်တို့က မိဘတွေကို မျှော်လင့်ချက်စကားလုံးတွေ ပြောပြနေ ရတာဟာ ငြင်းမရတဲ့ အမှန်တရားတစ်ခု ဖြစ်နေပါပြီ။ ကျွန်တော်တို့က မိဘ တိုင်းကို သားသမီးတွေနဲ့ ချစ်စရာကောင်းတဲ့ ဆက်ဆံရေးရစေချင်ပါတယ်။ ဒီစာအုပ်ရဲ့ ပုံမှန်သားသမီးပြုစုပျိုးထောင်ရေးနည်းလမ်းတွေတင်မကဘဲ ကလေး တွေရဲ့ ချစ်ခြင်းမေတ္တာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ကို ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ ဒီစာအုပ်ကို ရေးတာဟာ သင့်ကလေးတွေအပေါ်မှာ သင်ထားရှိတဲ့ ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ပြီး အတွေ့အကြုံကောင်းတွေ ပေးတဲ့နေရာမှာ ကူညီဖို့



mgyoe.com

အတွက်ပါ။ ဒီအခြေအနေက သင့်ဘက်က သူတို့နားလည်ပြီး တုံ့ပြန်မှုပြန်လုပ်နိုင်တဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကားကို ပြောတဲ့အချိန်မှာ ဖြစ်ပေါ်လာမှာပါ။

ကလေးတိုင်းမှာ ချစ်ခြင်းမေတ္တာကိုလက်ခံရယူတဲ့နေရာမှာ တစ်ယောက်ချင်းစီအတွက် ထူးခြားတဲ့နည်းလမ်းတွေ ရှိပါတယ်။ ကလေးတွေက ချစ်ခြင်းမေတ္တာကို နားလည်နိုင်တဲ့ အဓိကနည်းလမ်း ၅ ခု ရှိပါတယ်။ တကယ်တော့ ဒီနည်းလမ်းတွေဟာ ကလေးတွေအတွက်တင်မဟုတ်ဘဲ လူတိုင်းအတွက်ပါ။ အဲဒါတွေက အထိအတွေ့ပြုလုပ်ပေးခြင်း၊ ထောက်ခံစကားပြောခြင်း၊ အချိန်ပေးခြင်း၊ လက်ဆောင်ပေးခြင်းနဲ့ ဝန်ဆောင်မှုပေးခြင်း အပြုအမူတို့ ဖြစ်ပါတယ်။ သင့်မိသားစုမှာ ကလေးတွေ အများကြီးရှိရင်တော့ သူတို့အားလုံး မတူညီတဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကားကို ပြောနေနိုင်ပါတယ်။ ကလေးတွေမှာ မတူတဲ့ ပင်ကိုစရိုက်ရှိကြသလိုပဲ သူတို့ကြားနိုင်တဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကားက မတူနိုင်ပါဘူး။ ကလေး ၂ ယောက်တည်းရှိရင်တောင် သူတို့ ၂ ယောက်ကို မတူတဲ့နည်းလမ်းတွေနဲ့ ချစ်ပေးရမှာပါ။

ကလေးက ဘယ်လိုချစ်ခြင်းမေတ္တာ ဘာသာစကားကိုပဲ နားလည်နေပေမဲ့ အဓိကအရေးကြီးတာက ဒီဘာသာစကားကို မိဘဘက်က ခြွင်းချက်မရှိ အချစ်မျိုးနဲ့ ဖော်ပြရမှာပါ။ ခြွင်းချက်မဲ့ချစ်ခြင်းမေတ္တာဟာ အမှောင်မှာ အလင်းပေးနေတဲ့ လမ်းပြအလင်းလိုပါပဲ။ မိဘတွေကို ဘယ်နေရာမှာ ရောက်နေသလဲဆိုတာရယ်၊ ကလေးကို ပြုစုပျိုးထောင်ဖို့ ဘာလုပ်ဖို့ လိုအပ်တယ်ဆိုတာတွေကို ညွှန်ပြပေးနိုင်ပါတယ်။ ကျွန်တော်တို့ ချစ်ခြင်းမေတ္တာ ဘာသာစကား ၅ မျိုးကို မလေ့လာခင် ခြွင်းချက်မဲ့ချစ်ခြင်းမေတ္တာအကြောင်းကို အရင်လေ့လာကြည့်ရအောင်။

ခြွင်းချက်မဲ့ချစ်ခြင်းမေတ္တာဆိုတာ သူ ဘာလုပ်ပေးသလဲဆိုတာနဲ့ အကောင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ ခြွင်းချက်မဲ့ချစ်ခြင်းတရားဆိုတာ ဘယ်လိုအခြေအနေပဲဖြစ်နေနေ ကလေးအပေါ် ချစ်ခြင်းတရား ပေးအပ်ပါတယ်။ ကလေးရဲ့ ပုံသဏ္ဍာန်က ဘယ်လိုပဲဖြစ်နေနေ၊ သူ့ရဲ့ ပင်ကိုဗီဇက ဘာပဲဖြစ်နေနေ၊


mgyoe.com

mgyoe.com

မသန်မစွမ်းဖြစ်နေနေ၊ သူ့အပေါ် ဘယ်လိုမျှော်လင့်ချက်တွေပဲထားထား၊ အခက်အခဲဆုံးကတော့ သူ ဘယ်လိုပဲပြုမူပါစေ ချစ်တာကိုဆိုလိုတာပါ။ ကလေးရဲ့အပြုအမူတိုင်းကို ကြိုက်နှစ်သက်ပေးရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ဆိုလိုတာက သူ့ရဲ့အပြုအမူတွေက မလျော်မကန်ဖြစ်နေတာတောင် အချိန်တိုင်း သူ့ကို ချစ်ပေးနေတာကို ဆိုလိုတာပါ။

**ဒီလိုပြောတာ ကလေးကို လုပ်ချင်ရာလုပ်ခွင့်ပေးထားသလိုများ ဖြစ်နေတယ်လို့ ထင်မိလား**

အဲဒီလို မဟုတ်ပါဘူး။ ဒါဟာ ပထမဆုံးလုပ်ရမယ့်အလုပ်ကို လုပ်နေတာပါ။ စိတ်ခံစားမှုကွက်လပ်မှာ အချစ်တွေနဲ့ ပြည့်နေတဲ့ ကလေးတစ်ယောက်ဟာ မိဘရဲ့ လမ်းညွှန်သင်ပြမှုတွေကို အတိုက်အခံမလုပ်ဘဲ လွယ်လွယ်ကူကူနဲ့ လက်ခံနိုင်ပါတယ်။ တချို့လူတွေကတော့ ဒီလိုလုပ်တာ ကလေးကို ဖျက်ဆီးသလို ဖြစ်မှာကြောက်ကြပါတယ်။ ဒါပေမဲ့ ဒါဟာ အထင်မှားမှုတစ်ခုပါ။ ဘယ်ကလေးကမှ သင့်လျော်တဲ့ ခြွင်းချက်မဲ့ချစ်ခြင်းမေတ္တာ အများအပြားရလိုက်တယ်လို့ မရှိပါဘူး။ ကလေးတစ်ယောက်ဟာ သူ့အပေါ် သင်ကြားလေ့ကျင့်ပေးတာ မရှိလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် သူ့အပေါ် မှားယွင်းစွာ သင်ကြားပေးလို့ ရလိုက်တဲ့ မသင့်လျော်တဲ့ ချစ်ခြင်းမေတ္တာကြောင့်ဖြစ်ဖြစ်သာ ပျက်စီးသွားနိုင်ပါတယ်။ စစ်မှန်တဲ့ ခြွင်းချက်မဲ့မေတ္တာကြောင့် ကလေးမပျက်စီးနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ မိဘတွေအတွက် ခြွင်းချက်မဲ့မေတ္တာဆိုတာ အများကြီးပေးလို့ရတယ်ဆိုတာ မရှိပါဘူး။

ဒီစည်းမျဉ်းဥပဒေက သင့်အတွက် လက်ခံဖို့ ခက်ခဲနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ သင် အရင်က မှန်တယ်လို့ထင်ထားတာတွေနဲ့ ဆန့်ကျင်နေလို့ပါ။ ဒီလိုဖြစ်နေရင်တော့ သင့်ရဲ့ ခြွင်းချက်မဲ့ချစ်ခြင်းမေတ္တာကို ကလေးကိုပေးဖို့ လွယ်ကူမှာမဟုတ်ပါဘူး။ ဒါပေမဲ့ သင့်ဘက်က လေ့ကျင့်ပြီး အကျိုးကျေးဇူးတွေ တွေ့မြင်လာတဲ့အချိန်မှာတော့ လုပ်ရတာလွယ်ကူလာပါလိမ့်မယ်။ ယုံမှားသံသယတွေကို ခဏလောက် ဘေးဖယ်ထားပြီး သင့်ကလေးအတွက် အကောင်းဆုံး

mgyoe.com


ဖြစ်မယ့်အရာတွေကို လုပ်ကြည့်ပါ။ သင့်ရဲ့ကလေးအပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာဟာ လိုက်လျောညီထွေနေတတ်ပြီး ပျော်ရွှင်နေတဲ့ကလေးတွေနဲ့ ဒေါသထွက်၊ စိတ်မလုံမခြုံနဲ့ ကိုင်တွယ်ရခက်ခဲပြီး ရင့်ကျက်မှုမရှိတဲ့ ကလေးတွေကြားထဲမှာ သိသာတဲ့ ခြားနားမှုဖြစ်လာမယ်ဆိုတဲ့ အသိစိတ် သွင်းထားပါ။

ဒီစာအုပ်မှာပြောထားတဲ့ နည်းလမ်းတွေထဲက တစ်ခုခုနဲ့ သင့်ကလေးအပေါ် ချစ်နေကြောင်း မပြဖူးတော့ အစပထမမှာ သင့်အတွက် ခက်ခဲနေမှာပါ။ ဒါပေမဲ့ သင့်ရဲ့ ခြွင်းချက်မဲ့ချစ်ခြင်းတရားကို လေ့ကျင့်ယူတာနဲ့အမျှ သူ့ရဲ့အကျိုးကျေးဇူးကို မြင်တွေ့လာပြီး သင့်ရဲ့ဆက်ဆံရေးတိုင်းမှာ သင်ဟာ ချစ်တတ်သူတစ်ယောက် ဖြစ်လာမှာပါ။ ဘယ်သူမှ ပြီးပြည့်စုံနေတာ မဟုတ်ပါဘူး။ သင့်ကိုယ်သင်လည်း ခြွင်းချက်မဲ့ချစ်ခြင်းမေတ္တာကို အချိန်ပြည့်ပေးနိုင်မယ်လို့ မျှော်လင့်ထားလို့မရပါဘူး။ ဒါပေမဲ့ သင် ရည်ရွယ်ချက်ထားပြီး ပြုလုပ်မယ်ဆိုရင် ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် သင့်ရဲ့ ချစ်ခြင်းတရားကို ပေးနိုင်တဲ့စွမ်းရည်က မပြောင်းမလဲ ဖြစ်လာတာကို တွေ့ရမှာပါ။

သင့်ရဲ့ကလေးတွေနဲ့ ပတ်သက်ပြီး သိသာတဲ့အချက်အလက်တွေကို သင့်ကိုယ်သင် မကြာခဏသတိပေးနေတာ အလုပ်ဖြစ်တယ်ဆိုတာ သင် တွေ့လာမှာပါ။

၁။ သူတို့ဟာ ကလေးတွေဖြစ်တယ်။
၂။ သူတို့က ကလေးလိုပဲ ပြုမူမှာပဲ။
၃။ ကလေးဆန်တဲ့ အပြုအမူ တော်တော်များများ စိတ်ညစ်စရာတွေဖြစ်တယ်။
၄။ သူတို့ရဲ့ ကလေးဆန်တဲ့ အပြုအမူတွေ လုပ်နေပေမယ့် ငါက မိဘတစ်ယောက်လိုပြုမူရင် သူတို့ရဲ့ ကလေးဆန်တဲ့အပြုအမူတွေ ပျောက်ကွယ်သွားပြီး ရင့်ကျက်လာကြလိမ့်မယ်။
၅။ သူတို့ ငါ့ကို ကျေနပ်အောင်လုပ်တဲ့အချိန်မှာပဲ ချစ်ရင်၊ အဲဒီလို အချိန်တွေမှာပဲ ငါ့ရဲ့အချစ်ကို ဖော်ပြမိရင်၊ သူတို့ကို စစ်မှန်စွာနဲ့ ချစ်တယ်လို့


mgyoe.com

mgyoe.com SAMPLE BOOK

ခံစားရမှာ မဟုတ်ဘူး။ (ဒါကို ခြွင်းချက်ရှိ ချစ်ခြင်းလို့ ခေါ်ပါတယ်)။ ဒီလိုလုပ်တာဟာ သူတို့ရဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုကို ပျက်စီးစေနိုင်တယ်။ စိတ်မလုံမခြုံဖြစ်လာပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်တဲ့ အပြုအမူတွေ၊ ပိုပြီး ရင့်ကျက်လာစေမယ့် အပြုအမူတွေ ဖြစ်ပေါ်ဖို့ ခဲယဉ်းသွားမယ်။ ဒါကြောင့် သူတို့ရဲ့ ဖွံ့ဖြိုးမှုနဲ့ အပြုအမူတွေအတွက် သူတို့မှာ တာဝန်ရှိတာနဲ့တန်းတူ ငါ့မှာလည်း တာဝန်ရှိတယ်။

၆။ ငါ့ရဲ့မျှော်လင့်ချက်တွေ ဒါမှမဟုတ် လိုအပ်ချက်တွေပြည့်မီတဲ့ အချိန်မှာပဲ သူတို့ကိုချစ်ရင် သူတို့ဘက်က အရည်အချင်းမရှိသလို ခံစားရပြီး သူတို့ဘက်က အကောင်းဆုံးလုပ်နေတာတွေဟာ အလကားပါဆိုတဲ့ အတွေးဝင်လာလိမ့်မယ်။ သူတို့ရဲ့ စိတ်မလုံခြုံမှုတွေ၊ ပူပန်သောကတွေ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားနိုင်မှုတွေနဲ့ ဒေါသထွက်မှုတွေဟာ မောင်နှမတွေကြားထဲ ကူးစက်သွားလိမ့်မယ်။ ဒီလိုမဖြစ်အောင် သူတို့ရဲ့ ကြီးထွားမှုတစ်ခုလုံးဟာ ငါ့အပေါ်မှာ တာဝန်ရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ် အမြဲ သတိပေးနေရမယ်။

၇။ သူတို့အပေါ် ခြွင်းချက်မဲ့ချစ်ပေးရင် သူတို့အရွယ်ရောက်လာတာနဲ့အမျှ သူတို့ကိုယ်သူတို့ စိတ်သက်သာရာ ရလာပြီး စိတ်ပူပန်မှုတွေ အပြုအမူတွေကို ထိန်းချုပ်လာနိုင်မယ်။

ဟုတ်ပါတယ်။ ကျွန်တော်တို့ရဲ့ သားတွေ၊ သမီးတွေအတွက် သူတို့အသက်နဲ့ ဆီလျော်တဲ့ အပြုအမူတွေ ရှိပါတယ်။ ဆယ်ကျော်သက်နဲ့ ကလေးငယ်တွေ ပြုမူတာ တူမှာမဟုတ်ပါဘူး။ ၁၃ နှစ်အရွယ် ကလေးတစ်ယောက်က ၇ နှစ်အရွယ် ကလေးတစ်ယောက်နဲ့ မတူဘဲ ပြုမူမှာပါ။ ဒါပေမဲ့ သူတို့ဟာ အရွယ်မရောက်သေးသူတွေ၊ ရင့်ကျက်တဲ့လူကြီးတွေ မဟုတ်သေးဘူးဆိုတာ အမြဲသတိရနေရပါမယ်။ ဒါကြောင့် သူတို့ အမှားလုပ်နိုင်တဲ့အချိန်တွေ ရှိနိုင်တယ်ဆိုတာ မျှော်လင့်ထားရပါမယ်။ သူတို့ ကြီးပြင်းဖို့ လေ့လာသင်ယူနေတဲ့ တစ်လျှောက်လုံးမှာ ကျွန်တော်တို့ရဲ့ သည်းခံစိတ်ကို ပြသရမှာပါ။


mgyoe.com

mgyoe.com SAMPLE BOOK

**သင့်ကလေး သင့်ဆီက လိုအပ်တဲ့အရာ**

ဒီစာအုပ်မှာ အဓိကဖော်ပြထားတာက ကျွန်တော်တို့ကလေးတွေရဲ့ ချစ်ခြင်းမေတ္တာလိုအပ်ချက်နဲ့ သူတို့ကို ဘယ်လို ချစ်ခြင်းမေတ္တာပေးမလဲဆိုတာပါ။ ဘာကြောင့်လဲဆိုတော့ ဒါဟာ သူတို့ရဲ့ အကြီးမားဆုံး စိတ်ခံစားမှုဆိုင်ရာ လိုအပ်ချက်ဖြစ်ပြီး ကျွန်တော်တို့နဲ့ သူတို့ဆက်ဆံရေးကို ကြီးကြီးမားမား သက်ရောက်မှုရှိနေလို့ပါ။ တခြားလိုအပ်ချက်တွေဖြစ်တဲ့ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်မျိုးဆိုတာ သိသာဖို့လွယ်ကူပြီး ဖြည့်ဆည်းရတာလည်း လွယ်ကူပါတယ်။ ဒါပေမဲ့ ဒီလို ဖြည့်ဆည်းပေးတာဟာ သူတို့အတွက် ကျေနပ်နှစ်သိမ့်မှုမပေးနိုင်သလို ဘဝကို ပြောင်းလဲမသွားစေနိုင်ပါဘူး။ ဟုတ်ပါတယ်။ ကျွန်တော်တို့ကလေးတွေအတွက် နေစရာ အိမ်၊ အစားအသောက်၊ အဝတ်အစား ဖြည့်ဆည်းပေးရမှာပါ။ ဒါပေမဲ့ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာကြီးထွားမှုနဲ့ စိတ်ကျန်းမာရေးကို ဖြည့်ဆည်းပေးဖို့လည်း ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။

**"ကလေးတစ်ယောက်ဟာ ဆက်ဆံရေးစွမ်းရည်ကို ဖွံ့ဖြိုးလာဖို့ လိုပါတယ်။ ဒါမှသာ လူသားအားလုံးကို တန်ဖိုးအတူတူထားပြီး ဆက်ဆံနိုင်မှာ ဖြစ်ပါတယ်"**

ကလေးတစ်ယောက်အတွက် ကျန်းမာတဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှု၊ ကိုယ့်တန်ဖိုးအပေး နားလည်နိုင်မှုအတွက် ရေးထားတဲ့စာအုပ်တွေ အများကြီးရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ် အရမ်းတန်ဖိုးရှိတယ်လို့ အမြင်ရှိတဲ့ ကလေးတစ်ယောက်အနေနဲ့ သူဟာ အခြားသူတွေအတွက် သာလွန်တယ်။ သူဟာ ဘုရားသခင်က ကမ္ဘာမြေကိုပေးလိုက်တဲ့ လက်ဆောင်ဖြစ်ပြီး သူလိုချင်တာ မှန်သမျှ ထိုက်တန်တယ်ဆိုတဲ့အမြင် ရှိတတ်ကြပါတယ်။ လေ့လာမှုတစ်ခု အရတော့ အခုလို ကိုယ့်ကိုယ်ကိုယ် အများတကာထက် သာလွန်တယ်ဆိုတဲ့ အမြင်ဟာ ဒီနေ့ခေတ် လူငယ်တွေမှာ ပိုပြီးအဖြစ်များနေပါတယ်။ စိတ်ပညာဆိုင်ရာ ပါမောက္ခ ဂျင်တွစ်က ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်တဲ့ အမြင်မျိုးဟာ ၁၉၈၀ လောက်ကစပြီး အဲဒီအသက်အပိုင်းအခြားမှာရှိတဲ့ လူတော်တော်များများမှာ တွေ့ရတယ်လို့ ပြောပါတယ်။


mgyoe.com

''ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုကနေ တဖြည်းဖြည်းနဲ့ ကိုယ်က လူတကာထက်သာလွန်တယ်ဆိုတဲ့ အမြင်ကို ပြောင်းလဲလာတတ်ကြတယ်''

ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားလွန်ကဲခြင်းနဲ့ အလားတူ ပျက်စီးစေနိုင်တာကတော့ ကိုယ့်ရဲ့ တန်ဖိုးကို လျော့ပေါ့တွေးတဲ့အမြင်ပါ။ ကိုယ့်တန်ဖိုးကို လျော့ပေါ့တွေးတဲ့ကလေးတွေဟာ ''ငါက သူများတွေလောက် မတော်ဘူး၊ မလှဘူး၊ မကြံ့ခိုင်ဘူး''ဆိုတဲ့ အတွေးတွေနဲ့ ရုန်းကန်နေရလေ့ရှိပါတယ်။ မိဘတစ်ယောက်အနေနဲ့ ကျွန်တော်တို့ရဲ့ အကောင်းဆုံးကြိုးစားမှုတွေက ကလေးတစ်ယောက်အတွက် သင့်လျော်တဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုကို ဖြစ်ပေါ်စေပါတယ်။ ဒါမှသာ သူတို့ဟာ လူ့အဖွဲ့အစည်းထဲမှာ အရေးပါတဲ့ အဖွဲ့ဝင်တစ်ယောက်လို့မြင်လာပြီး သူတို့ရဲ့ ထူးခြားတဲ့ဗီဇနဲ့ စွမ်းရည်တွေကို အကောင်အထည်ဖော်ဖို့ဆန္ဒတွေ ဖြစ်ပေါ်လာမှာပါ။

ကလေးတွေမှာ ထာဝရလိုအပ်ချက်ကတော့ လုံခြုံမှုနဲ့ ဘေးကင်းမှုဖြစ်ပါတယ်။ ယနေ့လို ဘာမှ သေချာမှုမရှိတဲ့ကမ္ဘာမှာ မိဘတွေအတွက် ကလေးတွေကို အိမ်မှာရော အပြင်မှာပါ လုံခြုံပါတယ်ဆိုတဲ့ စိတ်ခံစားမှုပေးဖို့ ပိုပြီးခက်ခဲလာပါပြီ။ နာနာကျင်ကျင် ဖြစ်စေတဲ့ မေးခွန်းတွေကို ကလေးဘက်က မေးတာကို ကြားရတဲ့ မိဘတွေ ပိုပိုများလာပါပြီ။ ''သားကို အမေတို့ ထားသွားမှာလား''။ ဝမ်းနည်းစရာကောင်းတဲ့အချက်က သူတို့သူငယ်ချင်းတွေရဲ့ မိဘတွေက သူတို့သူငယ်ချင်းတွေကို ထားသွားကြပါပြီ။ မိဘတစ်ယောက်က ထားသွားရင် ကလေးဘက်က တခြားတစ်ယောက်လည်း သူ့ကို ထားသွားမှာပဲဆိုတဲ့ ကြောက်ရွံ့စိတ် ဖြစ်ပေါ်ပါတယ်။

ကလေးတစ်ယောက်အတွက် ဆက်ဆံမှုစွမ်းရည် ဖွံ့ဖြိုးဖို့လိုအပ်ပါတယ်။ ဒါမှသာ ကလေးက လူအားလုံးကို တန်ဖိုးအတူတူထားပြီး ဆက်ဆံနိုင်မှာဖြစ်ပြီး အပေးအယူ မျှတတဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ဒီစွမ်းရည် မရှိဘူးဆိုရင် ကလေးတစ်ယောက်ဟာ ချို့ယွင်းချက်ရှိတဲ့ လူကြီးတစ်ယောက်အဖြစ် ရောက်လာမှာပါ။ မရှိမဖြစ် ဆက်ဆံရေးစွမ်းရည် မရှိတဲ့ ကလေး



mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်ဟာ သူများရဲ့ခံစားမှုကို စာနာမပေးနိုင်ဘဲ ရက်ရက်စက်စက် ဆက်ဆံတတ်တဲ့ အနိုင်ကျင့်သူတစ်ယောက် ဖြစ်လာနိုင်ပါတယ်။ နောက်ဆုံးမှာ ကလေးတစ်ယောက်က ဩဇာအာဏာရှိသူကို ဘယ်လိုဆက်ဆံရမယ်ဆိုတဲ့ စွမ်းရည်ကို သင်ယူဖို့လိုပါတယ်။ ဒီစွမ်းရည်မရှိဘဲနဲ့ တခြားစွမ်းရည်တွေ ရှိနေတာဟာ အဓိပ္ပာယ် မရှိပါဘူး။

ကလေးတွေရဲ့ ထူးခြားတဲ့ အရည်အသွေးနဲ့ ဗီဇကို မိဘတွေဘက်က ကူညီပြီး ဖွံ့ဖြိုးပေးအောင်လုပ်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ သူ့ရဲ့ မွေးရာပါ စွမ်းရည်က ပေးအပ်တဲ့ အောင်မြင်မှုဆိုတဲ့ ခံစားချက်ရယ်၊ ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရခြင်းဆိုတဲ့ ခံစားချက်ကို ရရှိမှာပါ။ ကလေးတွေကို တွန်းအားပေးခြင်းနဲ့ ဖိအားပေးခြင်းဆိုတဲ့ အရမ်းနူးညံ့သိမ်မွေ့တဲ့ကိစ္စကို မိဘတွေဘက်က သတိကြီးကြီးထားပြီး ချိန်ညှိဖို့ လိုအပ်ပါတယ်။

### ကလေးကြီးပြင်းလာတာနဲ့အမျှ ချစ်ပေးပါ

ကလေးတွေအတွက် တရားဝင်လိုအပ်နေတဲ့အရာတွေ အများကြီးပါ။ ဒီစာအုပ်မှာတော့ ချစ်ခြင်းမေတ္တာကိုပဲ အထူးပြုဖော်ပြထားပါတယ်။ ကလေးတစ်ယောက်အတွက် ချစ်ခြင်းမေတ္တာ လိုအပ်ချက်ဟာ အခြားလိုအပ်ချက်တွေ အားလုံးရဲ့ အခြေခံပဲလို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ချစ်ခြင်းမေတ္တာကို လက်ခံရယူခြင်းနဲ့ ပေးဖို့သင်ယူခြင်းဟာ ကလေးတွေရဲ့ ကြီးပြင်းဖို့ ကြိုးစားမှု တစ်လျှောက်လုံးမှာ အရေးအကြီးဆုံး ဖြစ်ပါတယ်။

### အစောပိုင်းနှစ်တွေ

ရင်ခွင်ပိုက်အရွယ်မှာ ကလေးတစ်ယောက်က နို့တိုက်တာနဲ့ ကြင်ကြင်နာနာဆက်ဆံတာ၊ အစားအစာနဲ့ ချစ်ခြင်းမေတ္တာကို ခွဲခြားနားမလည်နိုင်သေးပါဘူး။ အစားအစာမရှိဘူးဆိုရင် ကလေးကဆာလောင်လာမှာပါ။ ချစ်ခြင်းမေတ္တာ မရှိဘူးဆိုရင်လည်း ကလေးကစိတ်ခံစားမှု ဆာလောင်လာမှာဖြစ်ပြီး ဘဝ


mgyoe.com

mgyoe.com SAMPLE BOOK

တစ်လျှောက်လုံးအထိ ထိခိုက်နိုင်ပါတယ်။ သုတေသနတစ်ခုရဲ့ ပြောကြားချက်အရ ဘဝရဲ့ စိတ်ခံစားမှုဆိုင်ရာ အုတ်မြစ်က ကလေး ၈ လအရွယ် အထူးသဖြင့် အမေနဲ့ကလေး ဆက်ဆံရေးမှာ စတင်ဖြစ်ပေါ်ပါတယ်။ စိတ်ခံစားမှုဆိုင်ရာ ကျန်းမာရေးအတွက် အစာကတော့ ထိတွေ့ပေးတာ၊ ကြင်ကြင်နာနာ စကားပြော ပေးတာနဲ့ ငြင်ငြင်သာသာ ဂရုစိုက်ပေးတာ ဖြစ်ပါတယ်။

မတ်တတ်ပြေးအရွယ်မှာတော့ အရာဝတ္ထုတွေကို ခွဲခြားနိုင်ပြီဖြစ်လို့ သူတို့ကို သူတို့နဲ့ သူတို့ချစ်တဲ့ပစ္စည်းတွေကို စတင်ခွဲခြားနိုင်ပါပြီ။ ဒီအချိန် မတိုင်ခင်မှာ အမေဖြစ်သူက ကလေးရဲ့အမြင်ကနေ သူ့ကိုယ်သူကို ဖယ်ရှားနိုင် ကောင်းနိုင်ပေမဲ့ ကလေးကလည်း သူမှီခိုနေရတဲ့ လူကနေ သူ့ကိုယ်သူ ဖယ်ရှား နိုင်ပြီ ဖြစ်ပါတယ်။ ကလေးက ပိုပြီး ဆက်ဆံရေးပြုလုပ်နိုင်လာတာနဲ့အမျှ ချစ်ခြင်း မေတ္တာကိုလည်း ပိုပြီး တက်တက်ကြွကြွ သင်ယူလာနိုင်ပါပြီ။ အချစ်ကို လက်ခံ ရယူသူအဖြစ်ကနေ သူကိုယ်တိုင်လည်း အချစ်ကို တုံ့ပြန်နိုင်တဲ့သူ ဖြစ်လာပါပြီ။ ဒါပေမဲ့ ဒီစွမ်းရည်ကို ချစ်ရတဲ့သူတစ်ယောက် ပိုင်ဆိုင်နေတာထက် ပိုတဲ့ ကိုယ့်ဘက်က ပေးနိုင်တဲ့စွမ်းရည် ဖြစ်ပါတယ်။ လာမယ့်နှစ်တွေ တော်တော် များများမှာတော့ ကလေးရဲ့ ချစ်ခြင်းမေတ္တာကို ဖော်ပြနိုင်တဲ့စွမ်းရည်က တိုးပွား လာပါတယ်။ သူ့မှာ ချစ်ခြင်းမေတ္တာတွေကို ဆက်ရနေမယ်ဆိုရင် သူ့ဘက်က နေလည်း ချစ်ခြင်းတရား ပေးနိုင်တာက ပိုပြီးဖြစ်လာမှာပါ။

**"ကလေးတစ်ယောက်ဟာ သူ့အသက်အရွယ်အလိုက် ထိထိ ရောက်ရောက် သင်ယူမှုလုပ်နိုင်မယ့်အရွယ် မတိုင်ခင်မှာ သင့်လျော်တဲ့ ရင့်ကျက်မှုအဆင့်ကို ရောက်နေဖို့ လိုအပ်ပါတယ်"**

ကလေးရဲ့ အစောပိုင်းနှစ်တွေမှာ တည်ဆောက်ခဲ့တဲ့ ချစ်ခြင်းမေတ္တာ အုတ်မြစ်က သင်ယူလေ့လာမှုစွမ်းရည်ကိုအကျိုးသက်ရောက်မှုရှိပြီး ဘယ်အချိန်မှာ သူ့ဘက်က သတင်းအချက်အလက် အသစ်တွေကို ရယူနိုင်မလဲဆိုတာကို ဆုံးဖြတ်ပေးပါတယ်။ ကလေးတော်တော်များများဟာ ပြင်ဆင်မှုကောင်းကောင်း မလုပ်ရသေးဘဲ ကျောင်းကိုသွားကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့


mgyoe.com

လေ့လာသင်ယူမှုလုပ်ဖို့ စိတ်ပိုင်းဆိုင်ရာ အဆင်သင့်မဖြစ်သေးလို့ပါ။ ကလေးကို ကျောင်းကောင်းကောင်းပို့လိုက်တာ၊ ဆရာကောင်းကောင်း ပြောင်းလဲလိုက်တာဟာ အဖြေမဟုတ်ပါဘူး။ ကျွန်တော်တို့ကလေးတွေ စိတ်ပိုင်းဆိုင်ရာအရ အဆင်သင့်ဖြစ်နေပြီလားဆိုတာကိုသိအောင် လုပ်ရပါမယ်။ (အခန်း ၉ မှာ ချစ်ခြင်းမေတ္တာနဲ့ သင်ယူလေ့လာခြင်း ဆက်စပ်မှုကို အသေးစိတ်ဖော်ပြထားပါတယ်)။

**ဆယ်ကျော်သက်အရွယ်**

ကလေးရဲ့ ချစ်ခြင်းမေတ္တာ လိုအပ်ချက်ကို ဖြည့်ဆီးပေးတယ်ဆိုတာ ပြောသလောက်မလွယ်ကူပါဘူး။ သူတို့ရဲ့ ဆယ်ကျော်သက် စတင်ချိန်တွေမှာဆို ပိုမှန်ပါလိမ့်မယ်။ ဆယ်ကျော်သက်အရွယ် အန္တရာယ်တွေက သူတို့ကိုယ် သူတို့တောင် ခြိမ်းခြောက်မှုကောင်းကောင်း ပေးနေနိုင်ပါတယ်။ ဒါကိုမှ ကလေးက ဆယ်ကျော်သက်အရွယ်ကို ဗလာဖြစ်နေတဲ့ စိတ်ခံစားမှုကွက်လပ်နဲ့ ဝင်ရောက်သွားရင် ဆယ်ကျော်သက်အရွယ် ပြဿနာတွေကို ပိုပြီး ရင်ဆိုင်ရနိုင်ပါတယ်။

ခြွင်းချက်ရှိတဲ့ ချစ်ခြင်းမေတ္တာတရားနဲ့ ပျိုးထောင်ခံရတဲ့ ကလေးတစ်ယောက်ဟာ အခြားတစ်ယောက်ကိုလည်း ခြွင်းချက်နဲ့ပဲ ချစ်တတ်ပါတယ်။ ဆယ်ကျော်သက်ရောက်လာချိန်မှာ ကလေးတွေဟာ မိဘကို လိုသလိုလှည့်ဖြားပြီး ထိန်းချုပ်တတ်ကြပါတယ်။ သူတို့ကျေနပ်နေတဲ့အချိန်မှာပဲ မိဘကို ကျေနပ်အောင် လုပ်မှာပါ။ သူတို့ မကျေမနပ်ဖြစ်နေချိန်မှာတော့ မိဘကို စိတ်ပျက်အောင် လုပ်ကြမှာပါ။ ဒီအခြေအနေက မိဘကို အရုပ်ကြိုးပြတ်ဖြစ်စေတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မိဘက သူတို့သားသမီး သူတို့ကို ကျေနပ်အောင် စောင့်ဆိုင်းနေတတ်ပြီး ကလေးတွေဘက်ကလည်း ခြွင်းချက်မဲ့ ချစ်ခြင်းနဲ့ ဘယ်လိုချစ်ရမယ်ဆိုတာ မသိတော့လို့ပါ။ ဒီလို သံသရာလည်နေတဲ့ စက်ဝိုင်းက ဆယ်ကျော်သက်အရွယ်တွေကို ဒေါသထွက်တာ၊ အတိုက်အခံလုပ်တာ အစရှိတဲ့ အပြုအမူတွေကို ဖြစ်ပေါ်စေပါတယ်။



mgyoe.com

**ချစ်ခြင်းနဲ့ ကလေးတွေရဲ့ ခံစားချက်**

ကလေးတွေဟာ မူလအားဖြင့် ကိုယ် စိတ် ခံစားမှုမြင့်ကြပြီး သူတို့ ပထမဆုံး နားလည်တဲ့စကားလုံးကလည်း စိတ်ခံစားမှု ဖြစ်ပါတယ်။ လေ့လာမှုတွေ အရတော့ အမေဖြစ်သူရဲ့ စိတ်ခံစားမှုဟာ ဗိုက်ထဲမှာရှိတဲ့ သန္ဓေသားအပေါ် ကိုတောင် သက်ရောက်မှုရှိနိုင်ပါတယ်။ ဗိုက်ထဲမှာရှိနေတဲ့ ကလေးက အမေ ဖြစ်သူရဲ့ ဒေါသနဲ့ ပျော်ရွှင်မှုကို ခံစားတုံ့ပြန်နိုင်ပါတယ်။ ပြီးတော့ သူတို့ကြီးပြင်း လာတာနဲ့အမျှ မိဘတွေရဲ့ စိတ်ခံစားမှုအပေါ်လွှန်လွှန်ကဲကဲကို တုံ့ပြန်နိုင်ပါတယ်။

ကျွန်တော့်မိသားစုမှာတော့ ကလေးတွေက သူတို့အဖေရဲ့ စိတ်ခံစား မှုကို သူတို့ခံစားမှုထက် ပိုပြီးတော့ကို နားလည်ကြပါတယ်။ ဥပမာပြောရရင် တစ်ခါတစ်ရံမှာ ကျွန်တော် သတိမထားမိတဲ့ ခံစားချက်တွေကို သူတို့ထဲက တစ်ယောက်ယောက်က ပြောပြနိုင်ပါတယ်။ ကျွန်တော့်သမီးဆိုရင် '''အဖေ ဘာတွေကို စိတ်ဆိုးနေရတာလဲ''လို့ ပြောတတ်ပါတယ်။ ကျွန်တော့်ဒေါသကို ကျွန်တော်ကိုယ်တိုင်တောင် သတိမထားမိရင်တောင်မှ သေသေချာချာ စဉ်းစား လိုက်ရင် ဖြစ်ခဲ့တဲ့ကိစ္စတစ်ခုအပေါ် ကျွန်တော် မကျေမနပ်ဖြစ်နေတာကို တွေ့ရ ပါတယ်။

တချို့အချိန်တွေမှာတော့ ကလေးတစ်ယောက်ယောက်က ''အဖေ ဘာတွေပျော်နေတာလဲ''လို့ မေးတတ်ပါတယ်။

''အဖေပျော်နေတာ သားက ဘယ်လိုသိတာလဲ''

ကျွန်တော့်ဘက်က သူတို့ ဘယ်လိုသိတာလဲ သိချင်လို့ ပြန်မေးတတ် ပါတယ်။ တစ်ခါတုန်းကတော့ သမီးဖြစ်သူ ကယ်ရာက ''အဖေက ပျော်စရာ ကောင်းတဲ့သီချင်းတစ်ပုဒ်ကို လေချွန်နေလို့ သိတာပေါ့''လို့ ပြန်ပြောဖူးပါတယ်။ ကျွန်တော်ကိုယ်တိုင်တောင် လေချွန်နေတာ သတိမထားမိပါဘူး။

''ကလေးတွေဟာ ချစ်စရာမကောင်းဘူးလား''။ သူတို့တွေဟာ ကျွန်တော်တို့ခံစားမှုတွေကို သိမြင်ခံစားနိုင်ကြပါတယ်။ ဒါကြောင့် သူတို့ဟာ သူတို့အပေါ် ကျွန်တော်တို့ ပြသလိုက်တဲ့ ချစ်ခြင်းမေတ္တာကို ကောင်းကောင်း



mgyoe.com

mgyoe.com

သိမြင်နိုင်စွမ်းရှိပါတယ်။ ဒါကြောင့်ပဲ သူတို့က ကျွန်တော်တို့ရဲ့ ဒေါသကို ကြောက်ရွံ့ကြတာပါ။ ဒီအကြောင်းကို နောက်ပိုင်းအခန်းတွေမှာ ပိုပြီး ပြည့်ပြည့်စုံစုံ ပြောပါမယ်။

ကျွန်တော်တို့ကလေးတွေ နားလည်တဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကားနဲ့ ဆက်သွယ်ရပါမယ်။ အိမ်ကနေထွက်ပြေးတဲ့ ဆယ်ကျော်သက်အရွယ် ကလေး ဆိုတာ သူ့ကို ဘယ်သူကမှ ချစ်တယ်လို့ မခံစားရတဲ့ ကလေးတွေ ဖြစ်ပါတယ်။ အိမ်ကထွက်ပြေးတဲ့ ကလေးတွေရဲ့ မိဘတော်တော်များများက သူတို့ကလေးကို သူတို့ ချစ်ပါတယ်လို့ ပြောကြမှာပါ။ ချစ်တယ်ဆိုတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့အချစ်ကို အောင်အောင်မြင်မြင် ဆက်သွယ်ခဲ့မှာ မဟုတ်ပါဘူး။ မိဘတွေက အစားအသောက်တွေ ချက်ပြုတ်ပေးတယ်၊ အဝတ်လျှော်ပေးတယ်၊ သူတို့သွားဖို့ လာဖို့ စီစဉ်ပေးတယ်၊ သူတို့ရဲ့ ပညာရေးနဲ့ အနားယူအပန်းဖြေဖို့ အခွင့်အရေးတွေကို ပေးတယ်။ ဒီအရာတွေအားလုံးဟာ ခြွင်းချက်မဲ့ ချစ်ခြင်းမေတ္တာကိုသာ ပထမနေရာမှာထားခဲ့မယ်ဆိုရင် မှန်ကန်တဲ့အချစ်ကို ဖော်ပြနည်းတွေပါ။ ဒါပေမဲ့ ဒီအရာတွေအားလုံးဟာ အရေးကြီးဆုံးဖြစ်တဲ့ ချစ်ခြင်းတရားရဲ့ အစားထိုးအရာတွေ မဖြစ်ရပါဘူး။ ကလေးတွေဘက်က မတူကွဲပြားတာကို ကောင်းကောင်းသိပါတယ်။ သူတို့ နက်နက်ရှိုင်းရှိုင်း တောင့်တနေတဲ့ ချစ်ခြင်းမေတ္တာကို ရသလား မရသလားဆိုတာ သူတို့သိကြပါတယ်။

**သင့်ကလေးက သင့်ရဲ့ချစ်ခြင်းမေတ္တာကို ခံစားမိရဲ့လား**

မိဘတိုင်းလိုလိုကတော့ သူတို့သားသမီးတွေကို နှစ်နှစ်ကာကာ ချစ်ကြပါတယ်။ ဒါပေမဲ့ ကလေးတိုင်းကတော့ မိဘရဲ့ ခြွင်းချက်မဲ့ ချစ်ခြင်းတရားနဲ့ ဂရုစိုက်မှုကို မခံစားရပါဘူး။ ဒီလိုအငြင်းပွားစရာကိစ္စ ဘာလို့ဖြစ်ရတာလဲ။ တစ်ခါတလေမှာ မိဘတွေဘက်က ကလေးတွေ သူတို့ကို ချစ်တယ်ဆိုတာသိတယ်။ သူတို့ကို "I Love You" လို့ပြောတာ လုံလောက်တယ်လို့ ထင်တတ်ကြပါတယ်။ ဒါပေမဲ့ ကလေးဆိုတာ အပြုအမူပေါ်ကိုပဲ စိတ်အားထက်သန်မှု ဖြစ်ကြ


mgyoe.com

mgyoe.com SAMPLE BOOK

တာပါ။ သင့်ဘက်က သူတို့အပေါ် ပြုလုပ်ပေးတဲ့ လုပ်ရပ်ပေါ်ကိုပဲ တုံ့ပြန်တတ်ကြတာပါ။ ဒါကြောင့် သူတို့ကို ထိတွေ့ဖို့အတွက် သူတို့ရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း ချစ်ပေးရပါတယ်။

သင့်ကလေးက သင် သူတို့အပေါ် ဘယ်လိုခံစားချက်ရှိတယ်၊ ဘယ်လိုအပြုအမူ ပြုလုပ်တယ်ဆိုတာကို အလိုလိုသိတတ်ကြပါတယ်။

မိဘတွေအတွက် ဒီချည်းကပ်ပုံက အကျိုးကျေးဇူး ရှိပါတယ်။ ဥပမာ– သင့်အတွက် စိတ်ရှုပ်စရာတွေများပြီး စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ ရက်မျိုးမှာ အိမ်ပြန်ရောက်ချိန်ဆိုရင် အထူးသဖြင့် ချစ်ခြင်းမေတ္တာကို ခံစားမိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သင့်ဘက်က ချစ်ခြင်းမေတ္တာကို ကိုယ်စားပြုတဲ့ အပြုအမူကို လုပ်ပြနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတာ အပြုအမူလုပ်ဆောင်ရတာက ရိုးရှင်းလို့ပါ။

သင့်ဘက်က ချစ်ခြင်းမေတ္တာကို ခံစားလို့မရတဲ့အချိန်တွေမှာတောင် သင့်ကလေးကို ချစ်ခြင်းမေတ္တာ ပေးလို့ ရပါသေးတယ်။

ဒါဟာ ရိုးသားမှုရှိရဲ့လားနဲ့ ကလေးက သင့်လုပ်ရပ်ကို သိမလားလို့ စဉ်းစားကောင်း စဉ်းစားနေနိုင်ပါတယ်။ သင့်ကလေးက သင့်လုပ်ရပ်ကို သိနိုင်တယ်လို့ပဲ ပြောရမှာပါ။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ စိတ်ခံစားမှုက ထက်မြက်ကြလို့ပါ။ သင့်ချစ်ခြင်းမေတ္တာကို မခံစားရတဲ့အချိန်ကို သူတို့သိပါတယ်။ ဒါပေမဲ့ သင့်ရဲ့ ချစ်ခြင်းမေတ္တာကို ဖော်ပြတဲ့ အပြုအမူကိုတော့ အတွေ့အကြုံနည်းအရ ခံစားမိကြမှာပါ။ သင့်စိတ်ထဲမှာ ဘယ်လိုပဲ ဖြစ်နေနေ သင့်ကို ချစ်တတ်လာတဲ့ လူတစ်ယောက်ဖြစ်လာအောင် သူတို့က ကူညီပေးနေတာဖြစ်လို့ သူတို့ကို ကျေးဇူးတင်သင့်တယ်လို့ မထင်မိဘူးလား။

သင့်ကလေးက သူတို့အပေါ် သင် ဘယ်လိုခံစားချက်ရှိတယ်ဆိုတာကို သူတို့အပေါ် ဘယ်လိုပြုမူနေသလဲအပေါ် မူတည်ပြီး အလိုလိုသိပါတယ်။ အပိုစတယ်ဂျွန်က ရေးဖူးပါတယ်။


mgyoe.com

mgyoe.com

SAMPLE BOOK


''ချစ်ရတဲ့ကလေးတွေရေ၊ ငါတို့ကို လျှာဖျားလေးတွေ စကားလုံးတွေနဲ့တင်မဟုတ်ဘဲ အမှန်အတိုင်းနဲ့ အပြုအမူတွေကနေပါ ချစ်ခွင့်ပေးပါ''

သင့်ရဲ့ကလေးကိုချစ်ဖို့ အပြုအမူနည်းလမ်းတွေကို စာရွက်ပေါ်မှာ ချရေးမယ်ဆိုရင် သင့်ဘက်က စာမျက်နှာတစ်ခုတော့ အသာလေးရေးနိုင်မှာပါ။ နည်းလမ်းတွေ အများကြီးရှိနေတာတော့ မဟုတ်ပါဘူး။ ဒါက အခြေခံပြေပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်က ရိုးရိုးလေးပဲ လုပ်ချင်တာလေ။ အရေးကြီးတာက သင့်ကလေးရဲ့ စိတ်ခံစားမှုကွက်လပ် ပြည့်လာဖို့ပါပဲ။ ချစ်ခြင်းကိုစွ အပြုအမူနဲ့ ဖော်ပြတာကို ရိုးရိုးလေးမှတ်ချင်ရင် အထိအတွေ့၊ အချိန်၊ လက်ဆောင်၊ အတည်ပြုထောက်ခံစကား၊ ဝန်ဆောင်မှုလို့သာ မှတ်ထားပေးပါ။

အခန်း–၂ ကနေစပြီး သင့်ရဲ့ အဓိကချစ်ခြင်းမေတ္တာ ဘာသာစကားကို ဖော်ထုတ်တဲ့နည်းကို ကျွန်တော်တို့ ပြသပေးပါမယ်။ သတိတစ်ခုတော့ ပေးချင်ပါတယ်။ သင့်ကလေးက ၅ နှစ်အောက်ဆိုရင်တော့ သူ့ရဲ့ အဓိကဘာသာစကားကို သိလာလိမ့်မယ်လို့ မျှော်လင့်မထားပါနဲ့။ ကလေးက သဲလွန်စတော့ ပေးနိုင်ပါတယ်။ ဒါပေမဲ့ ဒီအရွယ်တွေရဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကားက ရှင်းရှင်းလင်းလင်း မြင်ရတယ်ဆိုတာ ရှားပါတယ်။ ငယ်ရွယ်တဲ့ကလေးတွေအတွက် ဘာသာစကား ၅ ခုလုံးသာ ပြောပါ။ ကြင်ကြင်နာနာ ထိတွေ့ပေးတာ၊ အားပေးစကားပြောတာ၊ အချိန်ပေးတာ၊ လက်ဆောင်ပေးတာနဲ့ ဝန်ဆောင်မှုပေးတာတွေဟာ ကလေးရဲ့ ချစ်ခြင်းမေတ္တာ လိုအပ်ချက်အားလုံးကို ပြည့်စုံစေပါတယ်။ ကလေးရဲ့ ချစ်ခြင်းမေတ္တာ လိုအပ်ချက် ပြည့်စုံပြီး စစ်စစ်မှန်မှန် အချစ်ခံရတယ်လို့ ခံစားရရင် အခြားနေရာတွေမှာ သူ့အတွက် လေ့လာသင်ယူရတာ ပိုပြီးလွယ်ကူသွားပါတယ်။ ချစ်ခြင်းတရားက ကလေးရဲ့ တခြားလိုအပ်ချက်တွေကို ပေါင်းကူးပေးလိုက်တဲ့ သဘောပါပဲ။ သင့်ကလေး ကြီးလာရင်လည်း ကလေးက ၅ ခုထဲက တစ်ခုခုကို သိသိသာသာ တောင့်တနေရင်တောင်မှ ၅ ခုလုံးကို အသုံးပြုပါ။ သူ ကြီးပြင်းလာဖို့အတွက် ၅ ခုလုံးလိုအပ်ပါတယ်။

mgyoe.com

**ဒုတိယသတိပေးချက်။** သင့်ကလေးရဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကားကို ရှာဖွေတွေ့ရှိပြီး ကလေးဘက်ကလည်း သူလိုချင်တဲ့အချစ်ကို ရပြီဆိုရုံနဲ့ သူ့ဘဝတစ်လျှောက်လုံးမှာ ပြဿနာအားလုံး ပြေလည်သွားပြီလို့ မယူဆပါနဲ့။ အခြားပြဿနာတွေနဲ့ နားလည်မှုလွဲမှားတာတွေ ရှိနေနိုင်ပါသေးတယ်။ ဒါပေမဲ့ သင့်ကလေးက ပန်းလေးတစ်ပွင့်လိုပါပဲ။ သင့်ရဲ့ ချစ်ခြင်းကနေ အကျိုးကျေးဇူး ရပါတယ်။ ပန်းပင်ကိုရေလောင်းလိုက်သလိုပဲ ကလေးကို ချစ်ခြင်းမေတ္တာရေည် လောင်းလိုက်ရင် ပန်းလေးတစ်ပွင့်လို လှပစွာနဲ့ ပွင့်ဖူးလာမှာပါ။ ချစ်ခြင်းမေတ္တာ ရှိရင်တော့ ရေကို တောင့်တနေတဲ့ နွမ်းနယ်တဲ့ပန်းလို ဖြစ်လာမှာပါ။

ဘာကြောင့်လဲဆိုတော့ သင့်ကလေးကို ရင့်ကျက်ပြည့်စုံလာစေချင်တာကြောင့် သင့်ရဲ့ချစ်ခြင်းကို ဘာသာစကား ၅ ခုလုံးနဲ့ ဖော်ပြချင်မှာဖြစ်ပြီး ကလေးတွေကိုလည်း ဘယ်လို သူတို့ကိုယ်တိုင် ဘယ်လိုအသုံးပြုလဲ သင်ကြား ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီအကျိုးကျေးဇူးက ကလေးအပေါ်တင်မဟုတ်ဘဲ သူတို့ နေထိုင်ရာ ပါဝင်ပတ်သက်နေတဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကိုပါ အကျိုးသက်ရောက် စေမှာ ဖြစ်ပါတယ်။ ရင့်ကျက်တဲ့လူကြီးတစ်ယောက်ဆိုတဲ့ အမှတ်အသားက ချစ်ခြင်းတရား ဘာသာစကား ၅ ခုလုံးကို ပေးနိုင်စွမ်းရှိသလို ရရှိနိုင်စွမ်းရှိပြီဆိုတဲ့ အချက် ဖြစ်ပါတယ်။ တချို့လူကြီးတွေမှာပဲ ဒီအချက်ရှိပါတယ်။ တော်တော် များများက ပေးရင်ပေးနိုင်၊ ဒါမှမဟုတ် ရပဲရရှိနိုင်တဲ့ တစ်လမ်းသွားတွေ ဖြစ်ကြ ပါတယ်။

သင် အတိတ်ကာလမှာ ဒါကို မလုပ်ခဲ့ဘူးဆိုရင် သင်ကိုယ်တိုင်လည်း ဆက်ဆံရေး အရည်အသွေးမှာ နားလည်နိုင်စွမ်း တိုးပွားလာပြီး ပြောင်းလဲလာ တာကို သတိထားမိမှာပါ။ အချိန်တိုအတွင်းမှာ သင့်မိသားစုတစ်ခုလုံး ဘာသာ စကားအားလုံးကို ပြောနိုင်လာကြမှာပါ။

☺



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - ၂

# အထိအတွေ့

စမန်သာက ပတ်ဝန်းကျင်အသစ်ကို ရွှေ့လာတဲ့ မိသားစုတစ်စုထဲက ၅ တန်းကျောင်းသူ ဖြစ်ပါတယ်။

"ဒီနှစ်က သမီးအတွက် ခက်ခဲတဲ့နှစ်ဖြစ်ပါတယ်။ နေရာအသစ်ပြောင်းရတာရော၊ သူငယ်ချင်းအသစ် ရှာဖွေရတာတွေရောပါ။ သမီး အရင်ကျောင်းမှာ တုန်းကဆို သမီးက လူတိုင်းကိုသိပြီး လူတိုင်းက သမီးကို သိကြပါတယ်"

ကျွန်တော်တို့က သူ့မိဘတွေက သူ့ကို ကျောင်းအသစ်နဲ့ နေရာအသစ် ပြောင်းလိုက်လို့ သူ့ကိုမချစ်ဘူးလို့ ခံစားရလားလို့ မေးတော့ "အဲလို မဟုတ်ပါဘူး။ သူတို့ ဒါကို တမင်လုပ်တယ်လို့ မခံစားရဘူး။ သူတို့ သမီးကို ချစ်တယ်ဆိုတာ သိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ သမီးကို အမြဲပဲ ပွေ့ဖက်ပြီး နမ်းတယ်။ သမီးကတော့ မပြောင်းချင်ဘူးပေါ့။ ဒါပေမဲ့ ဖေဖေ့အလုပ်က အရေးကြီးတယ်ဆိုတာ သိပါတယ်"လို့ ပြန်ဖြေပါတယ်။

စမန်သာရဲ့ ချစ်ခြင်းမေတ္တာဘာသာစကားက အထိအတွေ့ဖြစ်ပါတယ်။ ဒီအရာက သူ့အဖေနဲ့အမေက သူ့ကိုချစ်တယ်ဆိုတာ ပြောပြနေပါတယ်။ ပွေ့ဖက်တာနဲ့ နမ်းရှုပ်တာဟာ ချစ်ခြင်းမေတ္တာရဲ့ ဖော်ပြနေကျ နည်းလမ်းတွေပါ။ ဒါပေမဲ့ တခြားနည်းလမ်းတွေလည်း ရှိပါသေးတယ်။ ဖခင်တစ်ယောက်က သူ့ရဲ့ တစ်နှစ်သားအရွယ် သားငယ်ကို လေထဲပစ်မြှောက်တာပါတယ်။ သူ့ရဲ့ ၇ နှစ်အရွယ်

mgyoe.com

mgyoe.com

SAMPLE BOOK


သမီးငယ်ကို လေထဲမှာ ပွေ့ချီပြီးလှည့်နေတဲ့အတွက် ကလေးက ကျယ်ကျယ်လောင်လောင် ရယ်မောနေပါတယ်။ အမေကတော့ သူ့ရဲ့ ၃ နှစ်အရွယ်သားငယ်ကို အပေါင်ပေါ်တင်ပြီး ပုံပြင်ဖတ်ပြနေပါတယ်။

ဒီလိုအပြုအမူတွေဟာ မိဘနဲ့ သားသမီးတွေကြားမှာ လုပ်လေ့ရှိတဲ့ အပြုအမူတွေပါ။ ဒါပေမဲ့ သင် ထင်ထားသလို မကြာခဏတော့ ဖြစ်မနေပါဘူး။ လေ့လာမှုတစ်ခုမှာ တွေ့ရှိတာက မိဘတော်တော်များများဟာ သူတို့ကလေးတွေကို လိုအပ်တဲ့အချိန်မှသာ ထိတွေ့ကြပါတယ်။ သူတို့အတွက် အဝတ်အစားလဲပေးတာ၊ ကားပေါ်ကိုတင်ပေးတာနဲ့ အိပ်ရာပေါ်တင်ပေးတဲ့ အချိန်မျိုးတွေမှာပါ။ ကြည့်ရတာ မိဘတော်တော်များများက သူတို့ကလေးတွေ အထိအတွေ့ကို လိုအပ်နေတာရယ်၊ ဒီနည်းလမ်းကိုသုံးပြီး သူတို့ရဲ့ စိတ်ခံစားမှုကို ကွက်လပ်ကို ခြွင်းချက်မဲ့ချစ်ခြင်းတရားနဲ့ ဖြည့်နိုင်တယ်ဆိုတာရယ်ကို သတိမမူမိကြပါဘူး။

အထိအတွေ့ဆိုတာ အလွယ်ကူဆုံးနဲ့ ခြွင်းချက်မရှိ အသုံးပြုနိုင်တဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကား ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မိဘက သားသမီးကို ထိတွေ့ဖို့အတွက် သီးသန့်နေရာ အချိန်မလိုသလို ဘာအကြောင်းပြချက်မှ ပေးဖို့မလိုအပ်ပါဘူး။ ကလေးတွေရဲ့ နှလုံးသားကို သူတို့ရဲ့ ချစ်ခြင်းတွေ လွှဲပြောင်းပေးဖို့ အခွင့်အရေး အမြဲနီးပါးရနေပါတယ်။ အထိအတွေ့ ဘာသာစကားဆိုတာ ပွေ့ဖက်တာနဲ့ နမ်းရှုပ်တာတင် မဟုတ်ပါဘူး။ အခြားထိတွေ့မှုပုံစံအကုန်ပါဝင်ပါတယ်။ မိဘတွေ အလုပ်ရှုပ်နေချိန်မှာတောင် ကလေးရဲ့ ကျောပြင်၊ လက်မောင်း၊ ပခုံးတို့ကို ထိတွေ့နိုင်ပါတယ်။

တချို့မိဘတွေကတော့ တက်တက်ကြွကြွ ထိတွေ့ကြပေမဲ့ တချို့ကျတော့လည်း အထိအတွေ့ကို ရှောင်ကြဉ်တတ်ကြပါတယ်။ မိဘတွေဘက်က အထိအတွေ့ပုံစံကို ဘယ်လိုပြောင်းလဲရမလဲ မသိတာကြောင့် အခုလို အကန့်အသတ်ရှိတဲ့ ထိတွေ့မှုတွေက မကြာခဏ ဖြစ်ပေါ်လေ့ရှိပါတယ်။

တော်တော်များများကတော့ သူတို့ရဲ့အချစ်ကို အခြေခံအကျဆုံးနည်းနဲ့ ဖော်ပြနိုင်တာကို သိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ လက်ခံကြပါတယ်။


mgyoe.com

ခရစ်က သူ့ရဲ့ ၄ နှစ်အရွယ် သမီးအော်ဒရီနဲ့ ဆက်ဆံရေးကို စိတ်ပူပန်နေပါတယ်။ ဘာလို့လဲဆိုတော့ အော်ဒရီက သူ့အနားကိုမကပ်ဘဲနဲ့ သူ့ကို ရှောင်ဖယ်ရှောင်ဖယ် လုပ်နေလို့ပါ။ ခရစ်မှာ ချစ်တတ်တဲ့နှလုံးသား ရှိပါတယ်။ ဒါပေမဲ့ သူက သိုသိုသိပ်သိပ်နေတတ်သူဖြစ်ပြီး သူ့စိတ်ထဲမှာပဲ ထားလေ့ရှိပါတယ်။ သူ့ရဲ့ စိတ်ခံစားမှုကို အထိအတွေ့နဲ့ ဖော်ပြဖို့ကိုလည်း သူက အမြဲတမ်း စိတ်မသက်မသာ ဖြစ်နေပါတယ်။ သူက အော်ဒရီနဲ့ ပိုပြီး နီးနီးကပ်ကပ် ဖြစ်ချင်တာကြောင့် အပြောင်းအလဲတစ်ခုကို စလုပ်ပြီး သူ့ရဲ့အချစ်ကို ပြသတဲ့အနေနဲ့ ဖြည်းဖြည်းခြင်း ကလေးရဲ့ လက်မောင်း၊ ကျောပြင်နဲ့ ပခုံးတို့ကို ညင်ညင်သာသာ ထိတွေ့ပါတယ်။ တဖြည်းဖြည်းနဲ့ သူ့ရဲ့ချစ်ခြင်းမေတ္တာ ဘာသာစကား အသုံးပြုမှုက တိုးတက်လာပြီး သူ့ရဲ့ အဖိုးတန်သမီးလေးကို ပွေ့ဖက်တာ၊ နမ်းရှုပ်တာတွေကို စိတ်မသက်မသာ မဖြစ်တော့ဘဲ ပြုလုပ်လာနိုင်ပါတယ်။

ဒီအပြောင်းအလဲက ခရစ်အတွက် မလွယ်ကူပါဘူး။ ဒါပေမဲ့ သူ့ဘက်က စတင်ပြီး လုပ်ပြတဲ့အတွက် အော်ဒရီမှာ မိဘရဲ့မေတ္တာ ပိုလိုအပ်နေတာကို သိလာပါတယ်။ အော်ဒရီသာ ချစ်ခြင်းမေတ္တာကို မရရှိခဲ့ရင် ဒေါသကြီးပြီး စိတ်အလိုမကျတဲ့ကလေး ဖြစ်လာမှာပါ။ ခရစ်ဘက်က ချစ်ခြင်းမေတ္တာပေးဖို့ ပျက်ကွက်ခြင်းဟာ အော်ဒရီအတွက် နောက်ပိုင်းမှာ အမျိုးသားအားလုံးနဲ့ ဆက်ဆံတဲ့နေရာမှာ အနှောင့်အယှက် ပေးနိုင်တယ်ဆိုတာကို ခရစ်က နားလည်လာပါတယ်။

**ကလေးအသယ်တွေရဲ့ အထိအတွေ့လိုအပ်ချက်**

ခရစ်က ဒီအထိအတွေ့ဆိုတဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကားရဲ့ စွမ်းပကားကို တွေ့ရှိသွားပါပြီ။ ပြီးခဲ့တဲ့နှစ်တွေက လေ့လာမှု တော်တော်များများကလည်း တူညီတဲ့ ကောက်ချက်ချမှုကို ပြုလုပ်ခဲ့ပါတယ်။ ပွေ့ချီထားတာ၊ ပွေ့ဖက်ထားတာနဲ့ အနမ်းခံရတဲ့ကလေးတွေက အဲဒီလိုအထိအတွေ့ မခံရတဲ့ကလေးတွေထက် ပိုပြီး ကျန်းမာတဲ့စိတ်ခံစားမှုကို ရရှိပါတယ်။



mgyoe.com

mgyoe.com


အထိအတွေ့ဟာ ချစ်ခြင်းမေတ္တာရဲ့ အသန်မာဆုံး အရာတစ်ခု ဖြစ်ပါတယ်။ "I Love You" ဆိုတဲ့စကားကို အော်ပြောလိုက်သလိုပါပဲ။ ကလေးတွေကို ထိတွေ့ဖို့ အရေးကြီးတယ်ဆိုတာ ခေတ်သစ်အမြင်တစ်ခု မဟုတ်ပါဘူး။ ပထမဆုံး ရာစုနှစ်တွေမှာကတည်းက ပါလက်စတိုင်းမှာနေတဲ့ ဟီးဘရူး လူမျိုးတွေဟာ သူတို့ရဲ့ကလေးတွေကို ဂျီးဆပ်ရဲ့ အထိအတွေ့ခံရဖို့ ခေါ်သွားလေ့ ရှိပါတယ်။ စာရေးဆရာ မာက်ကဂျီးဆပ်ရဲ့ နောက်လိုက်နောက်ပါတွေဟာ မိဘ တွေကို ပြင်းပြင်းထန်ထန် အပြစ်တင်ခဲ့ဖူးတယ်လို့ ရေးသားခဲ့ဖူးပါတယ်။ သူတို့ ဆရာဟာ ကလေးတွေကို အချိန်ပေးဖို့ထက် တခြားအရေးကြီးတဲ့အရာတွေနဲ့ အလုပ်ရှုပ်နေတယ်လို့ ထင်နေလို့ပါ။ ဒါပေမဲ့ ဂျီးဆပ်က သူ့နောက်လိုက်နောက်ပါ တွေကို စိတ်ဆိုးမာန်ဆိုး ဖြစ်ခဲ့ပါတယ်။

''ကလေးငယ်တွေ ငါ့ဆီလာပါစေ၊ သူတို့ကို မတားမြစ်ပါနဲ့။ သူတို့လို ကလေးတွေအတွက် ဘုရားသခင်ရဲ့နိုင်ငံတော် တည်ရှိနေတာပါ။ ငါ သင်တို့ကို အမှန်တရားကိုပြောပြမယ်။ ကလေးငယ်တွေလို ဘုရားသခင်ရဲ့နိုင်ငံတော်ကို မရရှိတဲ့သူတွေဟာ ဒီနိုင်ငံတော်ကို ဘယ်တော့မှ ဝင်ရောက်နိုင်မှာမဟုတ်''။ ပြီးတော့ ဂျီးဆပ်က ကလေးတွေကို သူ့လက်ပေါ်တင်ပြီး ကောင်းချီးပေးပါတယ်။

အခန်း–၇ မှာ သင့်ကလေးရဲ့ အဓိကချစ်ခြင်းမေတ္တာ ဘာသာစကားကို ဘယ်လိုရှာဖွေရမယ်ဆိုတာ လေ့လာရမှာပါ။ သူတို့ရဲ့ အဓိကဘာသာစကားက အထိအတွေ့ ဖြစ်ချင်မှဖြစ်ပါတယ်။ ဒါပေမဲ့ အရေးမကြီးပါဘူး။ ကလေးတိုင်းကို ထိတွေ့ဖို့ လိုအပ်ပါတယ်။ ဘယ်ယဉ်ကျေးမှုမျိုးမှာမဆို ဉာဏ်ပညာနဲ့ပြည့်စုံတဲ့ မိဘတွေက ကလေးတွေကို ထိတွေ့ဖို့ အရေးကြီးကြောင်း သဘောပေါက်ကြ ပါတယ်။ သူတို့ ကလေးတွေကို အဘိုးအဘွားလို မိသားစုထဲက တခြားလူကြီးတွေ ထိတွေ့ပေးဖို့ အရေးကြီးတယ်ဆိုတာကိုလည်း သဘောပေါက်ကြပါတယ်။

mgyoe.com

m g y o e . c o m SAMPLE BOOK

## ကြီးပြင်းလာတဲ့ နှစ်တွေအတွက် အထိအတွေ့

## ရင်ခွင်ပိုက်နဲ့ မတ်တတ်ပြေးအရွယ်

ကျွန်တော်တို့ရဲ့ ကလေးတွေဟာ သူတို့ရဲ့ ပထမဆုံးနှစ်မှာ အထိအတွေ့ တွေအများကြီး ရရှိဖို့လိုအပ်ပါတယ်။ ကံကောင်းစွာနဲ့ပဲ အမေတွေအတွက် ရင်ခွင်ပိုက်အရွယ်တွေကို ပွေ့ချီထားတာဟာ အမေတိုင်းအတွက် အလိုအလျောက် ဖြစ်ပေါ်မှုတွေပါ။ တခြားယဉ်ကျေးမှု တော်တော်များများမှာလည်း အဖေတွေကပါ အခုလို မေတ္တာပေးတာကို တက်တက်ကြွကြွ ပါဝင်တတ်ကြပါတယ်။

ဒါပေမဲ့ အရမ်းအလုပ်များတဲ့ အမေရိကားလို နေရာမှာတော့ မိဘတွေဟာ ကလေးတွေကို ထိတွေ့သင့်သလောက် မထိတွေ့ကြပါဘူး။ သူတို့တွေဟာ အချိန်အကြာကြီး အလုပ်လုပ်ရလို့ အိမ်ကို ပင်ပန်းနွမ်းနယ်စွာနဲ့ ပြန်လာကြရပါတယ်။ မအေကပါ အလုပ်လုပ်ရင်တော့ ကလေးထိန်းသူကို လွတ်လပ်စွာ ထိတွေ့ခွင့်ပေးထားရပါမယ်။ ကလေးအတွက် တစ်နေ့လုံးမှာ ချစ်ခြင်းမေတ္တာ အပြည့်နဲ့ ထိတွေ့ခံနေရတာလား ဒါမှမဟုတ် ပုခက်ထဲမှာပဲ ဘယ်သူမှ ဂရုမစိုက်၊ ချစ်မြတ်နိုးမှုမရှိဘဲ တစ်ယောက်တည်းနေနေရတာလား။ ကလေးပြုစုပျိုးထောင်ခြင်းမှာ ကလေးကိုဒိုင်ဘာလဲတာဖြစ်ဖြစ်၊ အစားအစာကျွေးတာဖြစ်ဖြစ်၊ တစ်နေရာရာကို သယ်သွားတာဖြစ်ဖြစ် သူတို့ကို ညင်ညင်သာသာနဲ့ ချစ်ခြင်းမေတ္တာပါတဲ့ အထိအတွေ့တွေ ပြုလုပ်ပေးဖို့လိုပါတယ်။ ရင်ခွင်ပိုက်ကလေးအရွယ်တောင်မှ ညင်ညင်သာသာ ထိတွေ့ကတာလား၊ သူတို့အပေါ် ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံတာလားဆိုတာ ခွဲခြားသိပါတယ်၊ မိဘတွေက သူတို့မသိတဲ့အချိန်တိုင်းမှာ ကလေးတွေကို ချစ်ခြင်းမေတ္တာပါတဲ့ ဆက်ဆံမှုတွေ ပြုလုပ်နေနိုင်အောင် စီစဉ်ထားရပါမယ်။

ကလေး တဖြည်းဖြည်းကြီးလာပြီး ပိုလှုပ်ရှားလာနိုင်ပေမဲ့ အထိအတွေ့ လိုအပ်ချက်က လျော့မသွားပါဘူး။ ပွေ့ဖက်နမ်းရှုပ်တာ၊ ကြမ်းပြင်ပေါ်မှာ နပမ်းလုံးတမ်း ကစားတာ၊ ကျောပေါ်တင်စီးတမ်း (ဆင်စီးတမ်း) ကစားတာနဲ့ တခြားအထိအတွေ့ပါဝင်တဲ့ ကစားနည်းတွေဟာ ကလေးအတွက် စိတ်ပိုင်းဆိုင်ရာ


m g y o e . c o m

mgyoe.com

ဖွံ့ဖြိုးရေးမှာ အဓိကကျတဲ့အရာတွေ ဖြစ်ပါတယ်။ ကလေးတွေအတွက် နေ့စဉ်နေ့တိုင်းမှာ အဓိပ္ပာယ်ရှိတဲ့ အထိအတွေ့တွေ လိုအပ်တာကြောင့် မိဘတွေဘက်က ဒီလိုချစ်ခြင်းမေတ္တာဖော်ပြမှုတွေကို ပြုလုပ်ပေးဖို့ အားထုတ်ရပါမယ်။ သင်ဟာ သင့်ရဲ့ မူလသဘာဝအရ ပွေ့ဖက်တတ်သူ မဟုတ်ရင် သင့်ရဲ့ မူလအကျင့်စရိုက်နဲ့ ဆန့်ကျင်ပြီး လုပ်နေရတယ်လို့ ခံစားရမှာပါ။ ဒါပေမဲ့ သင့်ဘက်က သင်ယူလို့ ရပါတယ်။ ကျွန်တော်တို့တွေ ထိတွေ့ခြင်းရဲ့ အရေးပါမှုကို နားလည်လိုက်တာနဲ့ ပြောင်းလဲဖို့ကို စိတ်ခွန်အားရစေမှာပါ။

ယောကျ်ားလေးရော မိန်းကလေးရော ချစ်ခြင်းမေတ္တာပါတဲ့ အထိအတွေ့ လိုအပ်ပါတယ်။ ဒါပေမဲ့ ယောကျ်ားလေးတွေက အထိအတွေ့ရတာ နည်းပါတယ်။ အကြောင်းပြချက်တွေ အများကြီးရှိမှာပါ။ ဒါပေမဲ့ မိဘတော်တော်များများက သူတို့ သားယောကျ်ားလေးကို ထိတွေ့မှု များများလုပ်ပေးရင် မိန်းကလေးဆန်လာမလားဆိုပြီး စိုးရိမ်တတ်ကြပါတယ်။ ဒါ လုံးဝမမှန်ပါဘူး။ မိဘတွေဘက်က ကလေးတွေရဲ့ စိတ်ခံစားမှု ကွက်လပ်ကို အပြည့်ဖြည့်ပေးနိုင်လေလေ ကလေးတွေရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို ပိုကျန်းမာလေလေနဲ့ သူတို့ရဲ့ ကျားမ လိင်စိတ်က ပိုပြီးထင်ရှားလေလေ ဖြစ်ပါတယ်။

**ကျောင်းတက်အရွယ်ကလေး**

ကလေးတွေ ကျောင်းစတက်တဲ့အချိန်မှာလည်း သူတို့အပေါ် အထိအတွေ့ လိုအပ်ချက်က ရှိနေတုန်းပါပဲ။ မနက်ခင်း ကျောင်းမသွားခင်တိုင်း ပွေ့ဖက်ပေးတာက သူတို့ရဲ့ စိတ်လုံခြုံမှုနဲ့ မလုံခြုံမှုကို သိသိသာသာ ဖြစ်ပေါ်စေပါတယ်။ သူတို့ ကျောင်းပြန်လာချိန်မှာ ပွေ့ဖက်ပေးတာက သူတို့အတွက် ကောင်းမွန်တဲ့ စိတ်ခံစားချက်ရှိတဲ့ ညနေခင်းကို ရမလား ဒါမှမဟုတ် မိဘရဲ့ အာရုံစိုက်မှုရဖို့ အတွက် နားပူနားဆာလုပ်မလားဆိုတာကို ဆုံးဖြတ်ပေးနိုင်ပါတယ်။ ဘာကြောင့်လဲ။

ကလေးတွေဟာ တစ်နေကုန် ကျောင်းမှာ သူတို့ဆရာနဲ့ဖြစ်ဖြစ်၊ အတန်းဖော်တွေနဲ့ဖြစ်ဖြစ် ကောင်းတာရော ဆိုးတာပါ ပါတဲ့ စိတ်ခံစားချက်တွေ၊ အတွေ့


mgyoe.com

mgyoe.com SAMPLE BOOK

အကြံအသစ်တွေ ခံစားခဲ့ကြပါတယ်။ ဒါကြောင့် အိမ်ဆိုတာ သူတို့အတွက် လုံခြုံရာ နိဗ္ဗာန်တစ်ခု ဖြစ်သင့်ပါတယ်။ ထိတွေ့ခြင်းဆိုတာ အခိုင်မာဆုံး ချစ်ခြင်းမေတ္တာ ဘာသာစကားတစ်ခုဆိုတာကို သတိရပါ။ ဒီဘာသာစကားကို သဘာဝကျကျ၊ စိတ်သက်သောင့်သက်သာနဲ့ ပြောတာနဲ့အမျှ ကလေးဟာ တခြားသူတွေနဲ့ ဆက်ဆံတဲ့အခါမှာလည်း ပိုမိုလွယ်ကူလာပြီး ပိုပြီး သက်သောင့်သက်သာ ဖြစ်လာပါတယ်။

''ဒါပေမဲ့ ကျွန်တော့်မှာ သားတွေချည်းပဲ။ သူတို့က ကြီးလာတော့ သူတို့ကိုချစ်တာ၊ အထူးသဖြင့် ထိတွေ့တာကို သိပ်မလိုအပ်ကြတော့ဘူး''လို့ တချို့က ငြင်းခုံပြောဆိုနိုင်ပါတယ်။ အဲဒီလိုမဟုတ်ပါဘူး။ ကလေးတိုင်းဟာ အထိအတွေ့ကို ကလေးဘဝတစ်လျှောက်လုံးနဲ့ ဆယ်ကျော်သက်အရွယ်တွေအထိ လိုအပ်ကြပါတယ်။ အသက် ၇ နှစ်နဲ့ ၉ နှစ်ကြား ယောကျ်ားလေးတွေက သူတို့ကို ချစ်မြတ်နိုးစွာနဲ့ ထိတွေ့တာကို ငြင်းဆန်တဲ့အဆင့်ကို ကျော်ဖြတ်ကြရပါတယ်။ ဒါပေမဲ့ သူတို့အတွက် အထိအတွေ့က လိုအပ်နေတုန်းပါ။ သူတို့နဲ့ နပမ်းလုံးတာ၊ ထိုးနှက်တာ၊ ရိုက်နှက်တာ၊ ဝက်ဝံပုံစံ ပွေ့ဖက်တာ၊ ဟိုက်ဖိုက် လက်ဝါးချင်းရိုက်တာ အစရှိတဲ့ ကြမ်းကြမ်းတမ်းတမ်း ကစားနည်းတွေကတစ်ဆင့် ထိတွေ့တာကို ပိုပြီး တုံ့ပြန်နိုင်ကြပါတယ်။ မိန်းကလေးတွေလည်း ဒီလို ထိတွေ့တာကို ကြိုက်နှစ်သက်ကြပေမဲ့ သူတို့ကို ညင်ညင်သာသာ ထိတွေ့တာကိုလည်း သူတို့ မငြင်းဆန်ကြပါဘူး။ ယောကျ်ားလေးတွေနဲ့ မတူတာကို သူတို့အပေါ် ချစ်ခြင်းမေတ္တာပေးတာကို ငြင်းဆန်တဲ့အဆင့်ကို မိန်းကလေးတွေက မဖြတ်သန်းရပါဘူး။

ကလေးရဲ့ ဒီအရွယ်မှာဖြစ်ပေါ်တဲ့ အထိအတွေ့ တော်တော်များများက ကစားနည်းတွေကတစ်ဆင့် ဖြစ်ပေါ်တာပါ။ ဘတ်စကက်ဘော၊ ဘောလုံးကန်၊ အမေရိကန်ဘောလုံးကစားနည်းတွေဟာ အထိအတွေ့ပါတဲ့ ကစားနည်းတွေ ဖြစ်ပါတယ်။ သင်နဲ့ ကလေးတွေ အိမ်နောက်ဖေးမှာ ကစားနည်းတစ်ခုခု ကစားနေတာဟာ ချစ်ခြင်းမေတ္တာ ဘာသာစကား ၂ ခုဖြစ်တဲ့ အချိန်ပေးတာနဲ့ အထိ


mgyoe.com

mgyoe.com

အတွေ့ကို တစ်ပြိုင်နက်တည်း ပြုလုပ်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ အထိအတွေ့ကို ကစားနည်းတွေကပဲ ပြုလုပ်ရမယ်လို့ ကန့်သတ်မထားသင့်ပါဘူး။ ကလေးရဲ့ ဆံပင်တွေကို လက်နဲ့ပွတ်သပ်ပေးတာ၊ သူတို့ရဲ့ ပခုံးနဲ့ လက်မောင်းတွေကို ထိတွေ့ပေးတာ၊ သူတို့ရဲ့ ကျောပြင်နဲ့ ခြေထောက်တွေကို ပွတ်သပ်ပေးတာတွေကို အားပေးစကားတွေနဲ့ အတူတူ ပြောဆိုပြုလုပ်မယ်ဆိုရင် ဒါတွေအားလုံးဟာ ကြီးပြင်းလာတဲ့ ကလေးတစ်ယောက်အတွက် အဓိပ္ပာယ်ရှိတဲ့ ချစ်ခြင်းတရားကို ဖော်ပြနည်းတွေ ဖြစ်ပါတယ်။

**ဒီအရွယ်ရဲ့ အထိအတွေ့တော်တော်များများဟာ ကစားနည်းတွေက တစ်ဆင့် ရရှိပါတယ်။**

မိဘတွေ တော်တော်များများ နှစ်သက်တဲ့ ထိတွေ့မှုပုံစံက ကလေးငယ်တွေကို ပုံပြင်ဖတ်ပြနေချိန်မှာ ပွေ့ချီထားတာပါ။ ဒီလိုလုပ်တာဟာ ကလေးကို အချိန်ကြာကြာ ထိတွေ့ထားနိုင်ပြီး ကလေးရဲ့ ဘဝတစ်လျှောက်လုံး အမှတ်ရနေမယ့်အထိ နက်နက်ရှိုင်းရှိုင်း အဓိပ္ပာယ်ဖြစ်ပေါ်စေနိုင်ပါတယ်။

အထိအတွေ့ ပြုလုပ်ဖို့ တခြားအရေးကြီးတဲ့ အချိန်က ကလေး နေမကောင်းနေတဲ့အချိန် စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်နေတဲ့အချိန်နဲ့ ဝမ်းနည်းနေတဲ့အချိန်ပါ။ မိဘတွေဘက်က ဒီလိုအချိန်တွေမှာဆိုရင် ယောက်ျားလေးတွေကိုလည်း မိန်းကလေးတွေလိုပဲ အလားတူ ဆက်ဆံဖို့လိုပါတယ်။ ယောက်ျားလေး တော်တော်များများက သူတို့ဖွံ့ဖြိုးနေတဲ့ အသက်အပိုင်းအခြားတစ်ခုမှာ ချစ်ခြင်းမေတ္တာကို မိန်းကလေးဆန်တယ်လို့ မြင်တတ်ကြပါတယ်။ သူတို့က လက်မခံလေလေ မိဘနဲ့ သူတို့ကြားမှာ ဝေးကွာသွားဖို့က လွယ်ကူလေပါပဲ။ လူကြီးတချို့ကလည်း ယောက်ျားလေးတွေကို အသက်အပိုင်းအခြားတစ်ခုမှာ ချစ်စရာ မကောင်းတော့ဘူးလို့ ထင်ကြပါတယ်။ မိဘတွေဘက်က ဒီလိုခံစားချက်မျိုး ရတာနဲ့ ဒီလိုခံစားချက်တွေကို တိုက်ဖျက်ပစ်ဖို့ လိုပါတယ်။ ယောက်ျားလေးတွေဘက်က အထိအတွေ့ကို မလိုချင်တဲ့ပုံစံ ပြနေရင်တောင်မှ သူတို့လိုအပ်နေတဲ့ အထိအတွေ့ကို ပေးသာပေးပါ။

mgyoe.com

**ဆယ်ကျော်သက်မရောက်ခင်စပ်ကြား**

သင့်ကလေးရဲ့ ကျောင်းတက်နေစဉ်ကာလအတွင်းမှာ သင့်မှာ သူတို့ ကလေးဘဝရဲ့ အခက်ခဲဆုံးဖြစ်လာမယ့် ဆယ်ကျော်သက်ဘဝအတွက် ပြင်ဆင်ပေးနေရတယ်ဆိုတာ သတိရပါ။ ကလေး အသက်အရွယ်ငယ်စဉ်မှာတော့ သူတို့ရဲ့ စိတ်ခံစားမှုကွက်လပ်ကသေးနေလို့ ဖြည့်ဆည်းရတာလွယ်ကူပါတယ်။ ကွက်လပ်မှာ ချစ်ခြင်းမေတ္တာ ကုန်ခမ်းသွားဖို့ လွယ်ကူသလို အသစ်ပြန်ပြန်ဖြည့်နေရပါတယ်။ ကလေးကြီးလာတာနဲ့အမျှ သူ့ရဲ့စိတ်ခံစားမှု ကွက်လပ်ကလည်း ကြီးလာတဲ့ အတွက် အပြည့်ဖြည့်ဖို့ဆိုတာ ခက်ခဲပါတယ်။ နောက်ဆုံးမှာ ယောက်ျားလေးတွေကလည်း သင့်ထက် ပိုထွားလာပြီး ပိုဉာဏ်ရည်ထက်မြက်လာကြမှာပါ။ သင့်ရဲ့ သမီးတွေဆိုလည်း သင့်ထက်ပိုပြီး ထူးချွန်ထက်မြက်တဲ့ လူကြီးဆန်တဲ့ကလေးတွေ ဖြစ်လာမှာပါ။

သူတို့ရဲ့ လိုအပ်ချက်တွေကို လက္ခဏာမပြရင်တောင်မှ သူတို့ရဲ့ စိတ်ခံစားမှု ကွက်လပ်ကို ချစ်ခြင်းမေတ္တာနဲ့ ဆက်သာဖြည့်ပေးနေပါ။ ယောက်ျားလေးတွေက ဆယ်ကျော်သက်အရွယ်မှာ မိန်းမဆန်မှာစိုးလို့ အထိအတွေ့ကို ရှောင်ကြဉ်နေချိန်မှာ မိန်းကလေးတွေကလည်း အဖေနဲ့ရှောင်ခွာရှောင်ခွာ ဖြစ်လာပါတယ်။ သင့်ရဲ့ ဆယ်ကျော်သက်ဝင်စပြုနေတဲ့ သမီးရဲ့ အနာဂတ်အတွက် သေသေချာချာ ကြိုတင်ပြင်ဆင်မှု လုပ်ပေးချင်တယ်ဆိုရင် အထိအတွေ့ကို မလုပ်ဘဲ မနေပါနဲ့။ ဘာကြောင့်လဲဆိုတာကို ဖတ်ကြည့်ပါ။

သမီးမိန်းကလေးတွေဟာ ဆယ်ကျော်သက်မတိုင်ခင် အရွယ်မှာ အဖေတွေရဲ့ ချစ်ခြင်းမေတ္တာ ဖော်ပြမှုကို လိုအပ်တတ်ကြပါတယ်။ ယောက်ျားလေးတွေနဲ့ မတူတာက ခြွင်းချက်မဲ့ ချစ်ခြင်းမေတ္တာလိုအပ်ချက်က မိန်းကလေးတွေအတွက် တဖြည်းဖြည်း မြင့်တက်လာပြီး အသက် ၁၁ နှစ်အရွယ်မှာတော့ အမြင့်ဆုံး အခြေအနေကို ရောက်လာပါတယ်။ ဒီလို ထူးထူးခြားခြား လိုအပ်တာရဲ့ အကြောင်းပြချက်တစ်ခုက ဒီအသက်အရွယ်မှာ အမေတွေက သမီးမိန်းကလေးတွေကို အထိအတွေ့ပိုပါတဲ့ ချစ်ခြင်းမေတ္တာကို အဖေတွေထက် ပိုပေးကြလို့ပါ။


mgyoe.com

mgyoe.com SAMPLE BOOK

၆ တန်းအရွယ် မိန်းကလေးအုပ်စုတစ်စုကို သေချာလေ့လာကြည့်ရင် ဆယ်ကျော်သက်မတိုင်ခင် ပြင်ဆင်မှုလုပ်ခဲ့တဲ့ မိန်းကလေးတွေနဲ့ ရုန်းကန်နေရတဲ့ မိန်းကလေးတွေကြား ခြားနားမှုကို တွေ့ရမှာပါ။ အဲဒီလိုသိမ်မွေ့တဲ့ အသက်အပိုင်း အခြားကိုရောက်လာတဲ့ မိန်းကလေးတစ်ယောက်ဟာ သူ့ကိုယ်သူ လုပပြီး စိတ်ချမ်းချမ်းသာသာဖြစ်ဖို့အတွက် လိုအပ်တယ်ဆိုတာ အလိုလိုသိပါတယ်။ သူ့ရဲ့ မသိစိတ်ထဲမှာလည်း လာမယ့်နှစ်တွေမှာ သူ့ရဲ့မိန်းမပီသမှုကို ပြဖို့ လိုအပ်နေတယ် ဆိုတာ သိနေပါတယ်။ သူ့ကို အမျိုးသမီးတစ်ယောက်ရဲ့ တန်ဖိုးကို ခံစားမိစေဖို့က အရမ်းကို အရေးကြီးပါတယ်။

မိန်းကလေးတွေကို သင် လေ့လာကြည့်ရင် တချို့ဟာ ဆန့်ကျင်ဘက် လိင်နဲ့ စကားပြောဖို့ ခက်ခဲတာကို တွေ့ရမှာပါ။ သူတို့ဟာ ရှက်ရွံ့ပြီး ယောကျ်ား လေးတွေနဲ့ ဝေးဝေးနေတာမျိုးဖြစ်ဖြစ်၊ ဒါမှမဟုတ် လျှပ်ပေါ်လော်လီတဲ့ပုံစံနဲ့ ဆွဲဆောင်နေတဲ့ပုံစံမျိုးဖြစ်ဖြစ် ဖြစ်နေတတ်ကြပါတယ်။ ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးတစ်ယောက်ကို သူတို့ တန်ဖိုးမထားတတ်ကြပါဘူး။ ပြီးလော့ လူကွယ် ရာမှာ သူတို့ကို စော်ကားမော်ကား ပြောင်လှောင်တတ်ကြပါတယ်။ ဒါပေမဲ့ ဒီလိုမိန်းကလေးရဲ့ တကယ်ခံစားလိုက်ရတဲ့ နာကျင်မှုက သူတို့ရဲ့ ဂုဏ်သိက္ခာတင် မဟုတ်ဘဲ တခြားမိန်းကလေးတွေနဲ့ ဆက်ဆံရေးပါ ပျက်စီးသွားတာပါ။ တခြား မိန်းကလေးတွေက ဒီလိုမိန်းကလေးကို သူ့ရဲ့ယောကျ်ားလေးတွေနဲ့ ပတ်သက်တဲ့ အပြုအမူကြောင့် စိတ်ပျက်လက်ပျက်ဖြစ်သလို မခံချိမခံသာဖြစ်တတ်ကြပါတယ်။ ဒီလိုအရွယ်မှာ အခြားမိန်းကလေးတွေနဲ့ ပုံမှန်ဖြစ်ပြီး အကူအညီရနေတဲ့ မိတ်ဆွေ သူငယ်ချင်းဖြစ်မှုက ယောကျ်ားလေးတွေနဲ့ ဆက်ဆံရေးပြေလည်တာထက် ပိုအရေးကြီးပါတယ်။ ဒီလို သူငယ်ချင်းဆက်ဆံရေးဟာ ဘဝတစ်လျှောက်လုံး အထိပါ ခင်မင်သွားတတ်ပါတယ်။

သင် လေ့လာမိတဲ့ထဲက တချို့မိန်းကလေးတွေကတော့ ယောကျ်ား လေးတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါ ရှက်ကိုးရှက်ကန်း မဖြစ်ကြပါဘူး။ သူတို့ပုံစံနဲ့ သူတို့နေနိုင်တာဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမြင့်မားခြင်းနဲ့ မိန်းမပီပီသသ


mgyoe.com

နေနိုင်လို့ ဖြစ်ပါတယ်။ သူတို့ဟာ ထင်ပေါ်ကျော်ကြားတဲ့ ယောက်ျားလေးပဲ ဖြစ်ဖြစ်၊ ရှက်ရွံ့တတ်တဲ့ ယောက်ျားဘေးကိုပဲ ဖြစ်ဖြစ် ပြောဆိုဆက်ဆံတဲ့အခါမှာ သူတို့အပြုအမူက ပြောင်းလဲခြင်းမရှိဘဲ တစ်သမတ်တည်းပါပဲ။ ယောက်ျားလေး တွေဘက်ကလည်း သူတို့ကို တန်ဖိုးထားဆက်ဆံကြပါတယ်။ ဒါပေမဲ့ အကောင်းဆုံး ရရှိလိုက်တာကတော့ တခြားမိန်းကလေးတွေနဲ့ပါ ရင်းနှီးပြီး အဓိပ္ပာယ်ရှိတဲ့ အချင်းချင်း ကူညီထောက်ပံ့ပေးနိုင်တဲ့ ဆက်ဆံရေးဖြစ်ပါတယ်။

ကျန်းမာကြံ့ခိုင်ပြီး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှုရှိတဲ့ မိန်းကလေး တွေဟာ ပတ်ဝန်းကျင်ရဲ့ မကောင်းပြောတဲ့ ဖိအားတွေကိုလည်း ကောင်းကောင်း ခံနိုင်ရည်ရှိပါတယ်။ သူတို့ကို အိမ်မှာသင်ကြားပေးလိုက်တဲ့ လူ့ကျင့်ဝတ်စံနှုန်း တွေကိုလည်း ကောင်းကောင်းလိုက်နာနိုင်ပြီး သူတို့အတွက်ကို ကောင်းကောင်း စဉ်းစားနိုင်ကြပါတယ်။

အခုဖော်ပြတဲ့ မိန်းကလေးအမျိုးအစား ၂ ခုမှာ ဘာတွေက ခြားနား ချက်ဖြစ်နေတာလဲ။ တချို့ကတော့ ဘေးပတ်ဝန်းကျင်ရဲ့ ဝေဖန်မှုတွေကို ခံနိုင်ရည် မရှိဘဲ တချို့ကတော့ လှလှပပ တုံ့ပြန်နိုင်စွမ်း ရှိပါတယ်။ သင် ခန့်မှန်းကြည့်ပါ။ ဒါက သူတို့ရဲ့ စိတ်ခံစားမှု ကွက်လပ်ကို ဖြည့်နိုင်ခြင်းနဲ့ မဖြည့်နိုင်ခြင်းအပေါ်မှာ ကွဲပြားသွားတာပါ။ အဆင်ပြေပြေနေနိုင်တဲ့ မိန်းကလေးတော်တော်များများမှာ သူတို့ရဲ့ စိတ်ခံစားမှု ကွက်လပ်ကို ဖြည့်ပေးနိုင်တဲ့ အဖေတွေ ရှိကြပါတယ်။ အိမ်မှာလည်း သူတို့အတွက် လမ်းပျောက်နေတယ်လို့ မရှိပါဘူး။ အဖေမရှိတဲ့ အချိန်တွေမှာတောင် သူတို့အတွက် အဖေနေရာ အစားထိုးနိုင်မယ့် အဘိုးနဲ့ ဦးလေးတွေ ရှိကြပါတယ်။ အဖေမရှိတော့ပေမဲ့ စိတ်ခံစားမှု ကျန်းကျန်းမာမာနဲ့ ကြီးပြင်းလာကြတဲ့ မိန်းကလေးတွေ အများကြီးပါ။

**သင့်ရဲ့ ဆယ်ကျော်သက်အရွယ်ကလေးနဲ့ အထိအတွေ့**

သင့်ကလေးရဲ့ ဆယ်ကျော်သက်အရွယ်နှစ်တွေကို ရောက်လာချိန် မှာတော့ သင့်ရဲ့ ချစ်ခြင်းမေတ္တာကို ပြသဖို့အတွက် မှန်ကန်တဲ့နေရာနဲ့ အချိန်ကို



mgyoe.com

mgyoe.com SAMPLE BOOK

ရှာဖွေဖို့ လိုအပ်ပါတယ်။ အမေက သူတို့သားကို သားရဲ့သူငယ်ချင်းတွေရှေ့မှာ မပွေ့ဖက်သင့်ပါဘူး။ သူက သူ့ရဲ့ အမှီအခိုကင်းကင်းနဲ့ ရပ်တည်နိုင်တဲ့ပုံစံကို ရှာဖွေနေချိန်မို့လို့ သူ့ကို လူရှေ့မှာ ဒီလိုလုပ်တာ အရှက်ရစေပါတယ်။ သူ့အတွက် သူငယ်ချင်းတွေရဲ့ စနောက်တာကို ခံရနိုင်ခြေရှိပါတယ်။ ဒါပေမဲ့ သူ ပင်ပင်ပန်းပန်း ပြုလုပ်ခဲ့တဲ့ ဘောလုံးကစားနည်းအပြီး အိမ်ကိုပြန်ရောက်ချိန်မှာ သူ့ကို အမေက ပွေ့ဖက်လိုက်တာဟာ ချစ်ခြင်းမေတ္တာကို ဖော်ပြတဲ့နည်း ဖြစ်ပါတယ်။

တချို့အဖေတွေလည်း သူတို့ရဲ့ ဆယ်ကျော်သက်သမီးတွေကို ပွေ့ဖက်တာ၊ နမ်းရှုပ်တာတွေကို မလုပ်ကြတော့ပါဘူး။ ဒီအသက်အရွယ်မှာ ဒါမျိုးလုပ်တာဟာ မသင့်တော်ဘူးလို့ ထင်ကြလို့ပါ။ တကယ်တော့ ဒါရဲ့ဆန့်ကျင်ဘက်ကသာ အမှန်ပါ။ ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ယောက်ဟာ ဖခင်ရဲ့ ပွေ့ဖက်တာတွေ၊ နမ်းရှုပ်တာတွေ လိုအပ်ပါတယ်။ အဖေဘက်က မလုပ်တော့ဘူးဆိုရင် တခြားအမျိုးသားတစ်ယောက်ဆီက အထိအတွေ့ကို ရှာဖွေလာနိုင်ပြီး မသင့်တော်တာတွေ ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ ဒီမှာလည်း အချိန်နဲ့နေရာက အဓိကကြီးပါတယ်။ လူရှေ့မှာ သမီးမိန်းကလေးဘက်က ပွေ့ဖက်တာကို စမလုပ်ဘူးဆိုရင် ဒါဟာ ရှောင်ကြဉ်သင့်တဲ့အရာပါ။ ဒါပေမဲ့ အိမ်မှာတော့ သင့်ဘက်ကစတင်ပြီး ထိတွေ့တာ ပြုလုပ်နိုင်ပါတယ်။

ဆယ်ကျော်သက်အရွယ်တွေကို ပွေ့ဖက်ခြင်းနဲ့ ချစ်ခြင်းမေတ္တာပါတဲ့ ထိတွေ့မှုတွေဟာ သူတို့ရဲ့ ခက်ခဲတဲ့ အချိန်တွေနဲ့ အထူးသဖြင့် ကျောင်းက ပေးလိုက်တဲ့ အရမ်းခက်ခဲတဲ့ ပရောဂျက် လုပ်နေရတဲ့အချိန်မျိုးတွေမှာဆို သူတို့ အတွက် အကူအညီဖြစ်စေပါတယ်။ ပြီးတော့ တူညီတဲ့လိင်ရှိတဲ့ မိဘရဲ့ အထိအတွေ့ကလည်း အရေးကြီးတယ်ဆိုတာ မမေ့ပါနဲ့။ ဖခင်က သားကိုပွေ့ဖက်တာ၊ မိခင်က သမီးကိုပွေ့ဖက်တာတွေဟာ သူတို့ရဲ့ အသက်အရွယ်တိုင်းမှာ သင့်လျော်ပါတယ်။ သားယောက်ျားလေးတစ်ယောက်ဟာ ဖခင်ရဲ့ ချစ်ခြင်းမေတ္တာပါတဲ့ အထိအတွေ့ကို လိုအပ်သလို မိခင်ဆီကလည်း ရဖို့လိုအပ်ပါတယ်။ အဲဒီလိုပဲ


mgyoe.com

mgyoe.com SAMPLE BOOK

သမီးမိန်းကလေးတစ်ယောက်အတွက် မိခင်ဆီက လုံလောက်တဲ့ ချစ်ခြင်းမေတ္တာ ဖော်ပြချက်တွေ လိုအပ်သလို ဖခင်ဆီကနေလည်း လိုအပ်နေပါတယ်။

သင့်ရဲ့ ဆယ်ကျော်သက်အရွယ် ကလေးအတွက် ချစ်ခြင်းမေတ္တာပါတဲ့ အထိအတွေ့နည်းလမ်းတွေကို ရှာဖွေကြည့်ရင် သင်တွေ့လာမှာပါ။ ဥပမာ– သူတို့ကြိုက်နှစ်သက်တဲ့ အားကစားနည်းကို လေ့ကျင့်ပြီး ပြန်လာလို့ မောပန်းနေချိန်မှာ သူတို့ရဲ့ တင်းမာနေတဲ့ ကြွက်သားတွေကို ငြင်ငြင်သာသာ ပွတ်သပ်ပေးနိုင်ပါတယ်။ ဒါမှမဟုတ် သူတို့အချိန်အကြာကြီး စာလုပ်ပြီးတဲ့အချိန်မှာ သူတို့ရဲ့ တင်းမာနေတဲ့ ပခုံးတွေကို နှိပ်နယ်ပေးတာမျိုးနဲ့ ချစ်ခြင်းမေတ္တာပါတဲ့၊ အထိအတွေ့ပါတဲ့၊ သက်သောင့်သက်သာဖြစ်တဲ့ နည်းလမ်းတွေ လုပ်ပေးနိုင်ပါတယ်။ ပြီးတော့ ကလေးတော်တော်များများဟာ ကြီးပြင်းလာပြီးချိန်နဲ့ အိမ်ကနေ အဝေးကိုရောက်နေချိန်တွေမှာတောင် သူတို့ကျောကို ကုတ်ပေးတာမျိုးကို သဘောကျကြပါတယ်။

''သင့်ရဲ့ ဆယ်ကျော်သက်ကလေးကို ထိတွေ့ဖို့ ဖိအားပေးမလုပ်ချင်ပါဘူး''

ဒါပေမဲ့ သင့်ရဲ့ကလေးကို ထိတွေ့ဖို့ သင့်ဘက်က ဖိအားမပေးချင်ပါဘူး။ သင် ထိတွေ့တာနေတာကြောင့် တစ်နေရာရာကို ထွက်သွားတာ၊ သူ့ရဲ့ပုခုံးကို ထိလိုက်တာကြောင့် ထိုင်နေရာက ထွက်သွားတာမျိုးဆိုရင် ဆက်မလုပ်ပါနဲ့။ သူတို့မှာ အကြောင်းပြချက်တစ်ခုခု ရှိနေလို့ ဒီအချိန်မှာ သူတို့ကို ထိတွေ့တာ မလိုချင်ကြတာပါ။ ဒီအကြောင်းပြချက်က သင်နဲ့ မသက်ဆိုင်သလို သင်နဲ့ ကလေးရဲ့ ဆက်ဆံရေးမှာလည်း တစ်ခုခုဖြစ်နေလို့ မဟုတ်ပါဘူး။ ဆယ်ကျော်သက်တွေဆိုတာ စိတ်ခံစားမှုတွေ၊ အတွေးတွေ၊ လိုအင်ဆန္ဒတွေနဲ့ ပြည့်နှက်နေတတ်လို့ တစ်ခါတစ်ရံမှာ သူတို့ကို ထိတွေ့တာ မလိုချင်ကြပါဘူး။ သူတို့ရဲ့ ခံစားချက်ကို အပြုအမူနဲ့ဖြစ်ဖြစ်၊ စကားလုံးနဲ့ဖြစ်ဖြစ်ဖော်ပြတဲ့အခါမှာ သင့်ဘက်က သူတို့ခံစားချက်ကို လေးစားရပါမယ်။ ဒါပေမဲ့ သူတို့ဘက်က တောက်လျှောက်


mgyoe.com

mgyoe.com


ထိတွေ့တာကို ငြင်းဆန်နေရင်တော့ ဘာကြောင့်လဲဆိုတဲ့အဖြေကို သူတို့နဲ့ စကားပြောဖို့ အချိန်ယူရပါမယ်။

သင်က သူတို့ရဲ့ စံပြပုဂ္ဂိုလ်ဆိုတာ သတိရပါ။ သင်တို့ရဲ့ အထိအတွေ့ပုံစံတွေကို သူတို့စောင့်ကြည့်နေပါတယ်။ သင့်ရဲ့ပုံစံအတိုင်း သူတို့ လိုက်လုပ်နေလားကို သိနိုင်မယ့်နည်းတစ်ခုက သူတို့ရဲ့ အထိအတွေ့လုပ်တဲ့ပုံစံကို စောင့်ကြည့်ကြည့်ပါ။ သင့်ရဲ့ကလေးက အခြားသူတွေအပေါ်ကိုလည်း ဒီချစ်ခြင်းမေတ္တာဘာသာစကား အသုံးပြုနေတယ်ဆိုတာကို တွေ့ရတာ ဝမ်းသာစရာကောင်းမှာပါ။

သင့်ကလေးရဲ့ အဓိကချစ်ခြင်းမေတ္တာ ဘာသာစကားက အထိအတွေ့ဖြစ်နေတဲ့အခါ သင့်ကလေးရဲ့ အဓိကချစ်ခြင်းမေတ္တာဘာသာစကားက အထိအတွေ့လား။

သင် သေသေချာချာ ဆုံးဖြတ်နိုင်ဖို့အတွက် အခန်း–၇ ကို ဖတ်ဖြစ်အောင်ဖတ်ပါ။ ဒါပေမဲ့ ဒီနေရာမှာ သဲလွန်စတချို့ကို ပြောပြပါမယ်။ ဒီချစ်ခြင်းမေတ္တာ ဘာသာစကားကို နားလည်တဲ့ကလေးတွေအတွက် အထိအတွေ့ဟာ သူတို့ကို ချစ်ပါတယ်လို့ ပြောတာထက်၊ ဒါမှမဟုတ် သူတို့ကို လက်ဆောင်ပေးတာ၊ သူတို့ရဲ့ စက်ဘီးကို ပြင်ပေးတာ၊ သူတို့ကို အချိန်ပေးတာတွေထက်ကိုပိုပြီး ချစ်ခြင်းမေတ္တာကို နက်နက်ရှိုင်းရှိုင်း ဆက်သွယ်ပေးရာရောက်ပါတယ်။ သူတို့ ချစ်ခြင်းမေတ္တာကို တခြားဘာသာစကားတွေကနေလည်း ရမှာပါ။ ဒါပေမဲ့ သူတို့အတွက် အရှင်းလင်းဆုံးနဲ့ အကျယ်လောင်ဆုံးက အထိအတွေ့ဖြစ်ပါတယ်။ ပွေ့ဖက်ခြင်း၊ နမ်းရှုတ်ခြင်းနဲ့ သူတို့ကျောပြင်ကို အသာအယာ ပွတ်သတ်ပေးခြင်းနဲ့ တခြားအထိအတွေ့တွေ မရှိဘူးဆိုရင် သူတို့ရဲ့ စိတ်ခံစားမှုကွက်လပ်က အပြည့်ဖြစ်နေမှာ မဟုတ်ပါဘူး။

ဒီလို ကလေးတွေကို သင်အထိအတွေ့ ပြုလုပ်တဲ့အခါ သင့်ရဲ့ချစ်ခြင်းမေတ္တာစကားကို ကျယ်လောက်စွာနဲ့ ရှင်းလင်းစွာရရှိမှာ ဖြစ်ပါတယ်။ နွေးနွေးထွေးထွေး ပွေ့ဖက်တာဟာ ကလေးတိုင်းကို ချစ်ခြင်းမေတ္တာ ဆက်သွယ်ပေးတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုကလေးတွေအတွက်တော့ ချစ်ခြင်းတရားကို အော်ပြော


mgyoe.com

mgyoe.com SAMPLE BOOK

လိုက်သလို ဖြစ်မှာပါ။ အပြန်အလှန်အနေနဲ့ သင့်ရဲ့ဒေါသနဲ့ ရန်လိုတဲ့ အပြုအမူတွေကို အထိအတွေ့နဲ့ ဖော်ပြလိုက်ရင် ဒီလိုကလေးတွေအတွက် ပိုပြီး နာနာကျင်ကျင် ခံစားစေရမှာပါ။ မျက်နှာကိုရိုက်လိုက်တာဟာ ကလေးတိုင်းအတွက် နာကျင်စေတဲ့ အပြုအမူပါ။ ဒါပေမဲ့ အထိအတွေ့ဟာ သူတို့အတွက် အဓိက ချစ်ခြင်းမေတ္တာ ဘာသာစကားဖြစ်တဲ့ ကလေးတွေအတွက်တော့ ကိုယ်ထိလက်ရောက် နာကျင်အောင် လုပ်လိုက်မိတာဟာ အရာအားလုံး ပြိုကွဲပျက်စီးသွားသလိုအထိ ဖြစ်နိုင်ပါတယ်။

မစ်ရှဲဟာ သူ့ရဲ့သား ဂျေစင် အသက် ၁၂ နှစ်အရွယ်ရောက်တဲ့အထိ ချစ်ခြင်းမေတ္တာဘာသာစကား ၅ ခုအကြောင်းကို မသိပါဘူး။ ချစ်ခြင်းမေတ္တာဘာသာစကား ဟောပြောပွဲအပြီးမှာ သူက သူ့သူငယ်ချင်းတစ်ယောက်ကို အခုလို ပြောပြပါတယ်။

အခု ကျွန်မ ဂျေစင်ကို နားလည်သွားပြီ။ နှစ်တွေတော်တော်ကြာကြာ သူက ကျွန်မနားကိုပဲကပ်ပြီး ကျွန်မကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာ။ ကျွန်မ ကွန်ပျူတာနဲ့ အလုပ်လုပ်နေချိန်ဆိုရင် ကျွန်မအနောက်ကို ရောက်လာပြီး သူ့လက်ဝါးနဲ့ ကျွန်မမျက်လုံးတွေကို ကာထားတတ်တယ်။ ကျွန်မ သူ့ဘေးနားက ဖြတ်သွားချိန်ဆိုရင် ကျွန်မလက်မောင်းကို လှမ်းဆိတ်တယ်။ သူ လဲလျောင်းနေတဲ့ ကြမ်းပြင်ရှိတဲ့အခန်းကို ကျွန်မ ဖြတ်လျှောက်သွားရင် ကျွန်မခြေထောက်တွေကို လှမ်းဆွဲထားတတ်တယ်။ တစ်ခါတလေမှာ ကျွန်မ လက်မောင်းတွေကို နောက်ဘက်ကို ဆွဲယူလိုက်တယ်။ ကျွန်မထိုင်နေချိန်ဆိုလည်း ကျွန်မ ဘယ်လောက်ပြောပြော သူကလက်တွေကို ကျွန်မဆံပင်တွေထဲ ထိုးဖွနေတတ်တယ်။ သူ သူ့အဖေကိုလည်း ဒါမျိုးတွေလုပ်တာပဲ။ သူ့အဖေနဲ့ သူနဲ့ နောက်ဆုံးမှာ ကြမ်းပြင်ပေါ် နပမ်းလုံးကြတော့တာပဲ''

''အခုတော့ ဂျေဆင်ရဲ့ အဓိက ချစ်ခြင်းမေတ္တာဘာသာစကားက အထိအတွေ့ဆိုတာ ကျွန်မ သဘောပေါက်သွားပြီ။ သူ ကျွန်မကို တောက်လျှောက်ထိတွေ့နေတာဟာ သူ့ကို ထိတွေ့တာခံချင်လို့ပဲဆိုတာ ကျွန်မ သိသွားပြီ။


mgyoe.com

ကျွန်မက လူလူချင်း ထိတွေ့တတ်သူ မဟုတ်ဘူးဆိုတာ ဝန်ခံပါတယ်။ ကျွန်မ မိဘတွေကလည်း ပွေ့ဖက်တတ်သူတွေ မဟုတ်ဘူးလေ။ ကျွန်မအမျိုးသားက ဂျေဆင်ကို နပန်းလုံးပြီး သူ့အချစ်တွေပေးနေပေမယ့် ကျွန်မကတော့ သူ ကျွန်မဆီက ချစ်ခြင်းတွေရဖို့ ကြိုးစားနေတာကို လျစ်လျူရှုမိနေတယ်ဆိုတာ သဘောပေါက်သွားပြီ။ ပြီးခဲ့တဲ့အချိန်တွေမှာ ဘာလို့များ ကျွန်မ သတိမထားမိခဲ့တာပါလိမ့်။ ဒီအရာက ဒီလောက်ရိုးရှင်းတဲ့ဟာကို''

အဲဒီညမှာပဲ မစ်ရှဲက သူ့အမျိုးသားကို ဟောပြောပွဲအကြောင်း ပြောပြပါတယ်။ ဝီလီယံက သူကြားလိုက်ရတာတွေကို အံ့ဩသွားပါတယ်။

''နပန်းလုံးတာဟာ ချစ်ခြင်းတရားပဲလို့ ကျွန်တော်မတွေးမိခဲ့ဘူး။ ဒါက အဓိပ္ပာယ် တော်တော်ရှိတာပဲ''။

ပြီးတော့ သူက သူ့ဇနီးကို ပြောပါတယ်။

''ငါက ငါ့ဆီမှာ သဘာဝအတိုင်း ရှိနေတာကို လုပ်လိုက်တာပဲ။ ပြီးတော့ မင်းသိလား၊ ငါ့ရဲ့ အဓိကချစ်ခြင်းမေတ္တာ ဘာသာစကားကလည်း အထိအတွေ့ပဲလေ''

မစ်ရှဲက ဒါကိုကြားလိုက်ရတဲ့အချိန်မှာ နောက်ထပ်အသိတစ်ခုပါ ထပ်ရသွားပါတယ်။ ဝီလီယံက အမြဲပွေ့ဖက်ပြီး နမ်းရှုပ်နေချင်တဲ့သူပါ။ သူ့ဘက်က ဇနီးနဲ့ လိင်ဆက်ဆံဖို့ စိတ်မဝင်စားတဲ့အချိန်တောင်မှ ဝီလီယံဟာ သူတွေ့ဖူးသမျှထဲမှာ အထိအတွေ့ အလုပ်ဆုံးသူ ဖြစ်ပါတယ်။ အဲဒီညမှာ မစ်ရှဲက သူ့အနေနဲ့ လေ့လာစရာတွေ အများကြီးရှိနေတယ်ဆိုတာကို သိလိုက်ရပါတယ်။ ပြီးတော့ အထိအတွေ့ချစ်ခြင်း၊ မေတ္တာဘာသာစကားကို ပြောနိုင်အောင် သင်ယူမယ်လို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။

သူ့ဘက်က သူ့ခင်ပွန်းနဲ့ သားရဲ့အထိအတွေ့ကို တုံ့ပြန်တဲ့နည်းနဲ့ စတင်ပါတယ်။

နောက်တစ်ခါ ဂျေဆင်က သူထိုင်နေတုန်း နောက်ကလာပြီး သူ့မျက်လုံးကို လာအုပ်ချိန်မှာတော့ သူ့သားဘက်ကိုလှည့်ပြီး ရင်ချင်းကပ်ပြီး ပြန်လည်ပွေ့ဖက်



mgyoe.com

လိုက်ပါတယ်။ ဂျေဆင်က အံ့သြသွားပြီးနောက်မှာ ရယ်ပါတယ်။ ဝီလီယံက သူ(မ)လက်မောင်းကို လက်ချင်းလာချိတ်တဲ့အခါမှာလည်း သူတို့ ရည်းစားဘဝ တုန်းကလို ပြန်လည်တုံ့ပြန်ပြီး လက်ချင်းချိတ်လိုက်ပါတယ်။ ဝီလီယံက ပြုံးပြီး ပြောပါတယ်။

"မင်းကို ငါ ဟောပြောပွဲတွေ ထပ်လွှတ်ရဦးမယ်။ ဒါတွေက အလုပ် တော်တော်ဖြစ်တာပဲ"

မစ်ရှဲဟာ ချစ်ခြင်းမေတ္တာဘာသာစကားအသစ်ကို စွဲစွဲမြဲမြဲ သင်ယူ ပြီးနောက် မကြာခင်မှာပဲ သူ့ဘက်ကစပြီး စိတ်သက်သောင့်သက်သာနဲ့ ထိတွေ့ မှုတွေ ပြုလုပ်လာနိုင်ပါတယ်။ ဒါပေမဲ့ မစ်ရှဲဘက်က အပြည့်အဝ စိတ်သက်သောင့် သက်သာ မဖြစ်ခင်မှာပဲ ဝီလီယံနဲ့ဂျေဆင်တို့ကတော့ မစ်ရှဲရဲ့ အဓိက ချစ်ခြင်း မေတ္တာဘာသာစကားဖြစ်တဲ့ ဝန်ဆောင်မှုပေးခြင်းကနေ အကျိုးကျေးဇူးတွေ ရရှိ နေပါတယ်။ ဂျေဆင်က သူ့ပစ္စည်းတွေ သူသိမ်းဆည်းနေပြီး ဝီလီယံက အခန်းကို ဖုန်စုပ်ပေးနေပါတယ်။ မစ်ရှဲအတွက်တော့ ပျော်စရာ နိဗ္ဗာန်ဘုံကို ရောက်နေ သလိုပါပဲ။

**ကလေးတွေက ဘာပြောလဲ**

ကလေးတော်တော်များများအတွက် အထိအတွေ့ကို စကားလုံးတွေ၊ လက်ဆောင်တွေ၊ မိဘနဲ့အတူရှိနေချိန်တွေ၊ သူတို့ ဝေယျာဝစ္စလုပ်ပေးတာ တွေထက် ပိုပြီး ကျယ်ကျယ်လောင်လောင် ခံစားရပါတယ်။ ဒီအရာမရှိဘဲနဲ့ သူတို့ရဲ့ ချစ်ခြင်းတရားကွက်လပ်က အပြည့်မဖြစ်နိုင်ပါဘူး။ ကလေးတွေက အထိအတွေ့ရဲ့ စွမ်းပကားနဲ့ပတ်သက်ပြီး ဘာပြောလဲ ကြည့်ကြည့်ရအောင်။

၇ နှစ်အရွယ် ဆိုဖီယာက

"မေမေ သမီးကို ချစ်တယ်ဆိုတာ သမီးသိတာပေါ့။ မေမေက သမီးကို အမြဲ ဖက်နမ်းတတ်တယ်လေ"



mgyoe.com

mgyoe.com
SAMPLE BOOK


ဂျူနီယာကောလိပ်ရောက်နေပြီဖြစ်တဲ့ ဂျရမီက သူ့မိဘတွေ သူ့ကို ချစ်တယ်ဆိုတာ ဘယ်လိုသိကြောင်း အခုလိုပြောပြပါတယ်။

"သူတို့ ကျွန်တော့်ကို ချစ်တယ်ဆိုတာ အမြဲပဲပြောတယ်။ ကျွန်တော် မှတ်မိသလောက်ဆိုရင် ကျွန်တော် အိမ်ကနေ အပြင်သွားတိုင်း အမေက အမြဲ ဖက်ပြီးနမ်းတယ်။ အဖေ အိမ်မှာရှိနေချိန်ဆိုလည်း အဖေက အမြဲ ပွေ့ဖက်ပြီး နှုတ်ဆက်တယ်။ ကျွန်တော် အပြင်ကနေ အိမ်ပြန်လာရင်လည်း ဒီပုံစံထပ်လုပ်တာပဲ။ အခုအချိန်အထိ ဒီအတိုင်းပဲ။ ကျွန်တော့်သူငယ်ချင်းအချို့က ကျွန်တော့် မိဘတွေကို နားမလည်နိုင်ကြဘူး။ ဘာလို့လဲဆိုတော့ သူတို့က အထိအတွေ့ လုပ်တဲ့ မိသားစုမှာ ကြီးပြင်းလာကြတာ မဟုတ်ဘူးလေ။ ဒါပေမဲ့ ကျွန်တော် သဘောကျပါတယ်။ သူတို့ပွေ့ဖက်တာကို ကျွန်တော် မျှော်လင့်နေတုန်းပဲ။ ကျွန်တော့်စိတ်ထဲမှာ နွေးထွေးသွားတယ်လို့ ခံစားရတယ်"

၁၁ နှစ်အရွယ် ဟန်တာကို အခုလို မေးကြည့်ပါတယ်။

"သားမိဘတွေက သားကို ဘယ်လောက်ချစ်ကြောင်း ၀ ကနေ ၁၀ အထိ အမှတ်ပေးပါဆိုရင် ဘယ်လောက်ပေးမလဲ"

စဉ်းစားတောင်မနေဘဲ "၁၀" လို့ တန်းပြောပါတယ်။ ကျွန်တော်တို့က ဘာကြောင့် သူ အခုလို ခိုင်ခိုင်မာမာပြောနိုင်ရတာလဲမေးတော့ "ပြောနိုင်တာ တစ်ခုကတော့ သူတို့ ကျွန်တော့်ကိုချစ်တယ်လို့ အမြဲပြောတယ်။ ဒါပေမဲ့ သူတို့ ကျွန်တော့်အပေါ် ဆက်ဆံပုံတွေက ပိုပြီးသိသာတယ်။ အဖေက သူလမ်းလျှောက် လာရင်းနဲ့ ကျွန်တော့်ကို အမြဲဝင်တိုက်တယ်။ ပြီးတော့ ကျွန်တော်တို့ နပမ်းလုံး ကြတာပဲ။ အဖေနဲ့ဆို အရမ်းပျော်စရာကောင်းတယ်။ အမေကလည်း ကျွန်တော့် သူငယ်ချင်းတွေရှေ့မှာတော့ မလုပ်တော့ပေမယ့် ကျွန်တော့်ကို အမြဲတန်း ပွေ့ဖက် လေ့ရှိတယ်"

အသက် ၁၂ နှစ်အရွယ် ဂျက်ဆီကာကတော့ အမေနဲ့အတူတူနေပြီး အဖေ့ဆီကို တစ်ပတ်ခြားတစ်ခါ အလည်သွားပါတယ်။ အထူးသဖြင့် သူ့အဖေက သူ့ကိုချစ်တယ်လို့ ခံစားရတယ်လို့ ပြောပြပါတယ်။ ကျွန်တော်တို့က ဘာကြောင့်


mgyoe.com

mgyoe.com SAMPLE BOOK

လဲလို့မေးတော့ ''ဘာလို့လဲဆိုတော့ သမီး အဖေ့ဆီ သွားလည်တိုင်း အဖေက အမြဲပွေ့ဖက်ပြီး နမ်းတယ်။ ပြီးတော့ သူ သမီးကိုတွေ့ရတာ အရမ်းဝမ်းသာတယ်လို့ ပြောတယ်။ သမီးပြန်တော့မယ်ဆိုရင် သူက သမီးကို ဖက်ထားပြီး သမီးကိုသတိရနေမယ်လို့ ပြောတယ်။ အမေကလည်း သမီးကိုချစ်တယ်ဆိုတာ သိပါတယ်။ သမီးအတွက် အများကြီးလုပ်ပေးတယ်။ ဒါပေမဲ့ သမီးနဲ့တူတူရှိချိန်တွေမှာ အဖေ့လိုပဲ ပွေ့ဖက်ပြီး စိတ်လှုပ်ရှားအောင်လုပ်ပေးရင် ကောင်းမယ်လို့ သမီးထင်တယ်''

သင့်ကလေးရဲ့ အဓိကချစ်ခြင်းမေတ္တာ ဘာသာစကားက အထိအတွေ့ဖြစ်နေပြီး သင်ကိုယ်တိုင်က သဘာဝအလျောက်ကို ထိတွေ့တတ်သူ မဟုတ်ဘူးဆိုရင် ဒီဘာသာစကားကို လေ့ကျင့်ဖို့အတွက် သင့်ခန္ဓာကိုယ်ကို သင် စပြီးထိတွေ့နိုင်ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ တကယ်အလေးထားပြောနေတာပါ။ ပထမဆုံး သင့်လက်နဲ့ လက်မောင်းကိုထိတွေ့ပါ။ လက်ကောက်ဝတ်ကနေစပြီး တဖြည်းဖြည်းနဲ့ ပခုံးတွေအထိ ထိတွေ့ပါ။ သင့်ပခုံးကို ပွတ်သပ်ပါ။ ပြီးရင် အခြားလက်တစ်ဖက်ကို သုံးပြီး နောက်တစ်ခြမ်းကို ဆက်လုပ်ပါ။ သင့်ရဲ့ လက်နှစ်ဖက်စလုံးကို အသုံးပြုပြီး သင့်ဆံပင်တွေကို ထိတွေ့ပါ။ ဦးခေါင်းခွံကို အရှေ့ကနေ အနောက်ထိ နှိပ်နယ်ပေးပါ။ ကြမ်းပြင်ပေါ်မှာ မတ်မတ်ထိုင်ပြီး သင့်ခြေထောက်တွေကို ပွတ်သပ်ပေးပါ။ သင့်ရဲ့ လက်တစ်ဖက်ကို ဗိုက်ပေါ်တင်ထားပါ။ ရှေ့ကို ကိုင်းညွတ်ပြီး အခြားလက်တစ်ဖက်နဲ့ ခြေထောက်ကိုထိပြီး ခြေကျင်းဝတ်တွေကို နှိပ်နယ်ပေးပါ။ ပြန်ထိုင်လိုက်ပြီး အခုလိုပြောပါ ''ငါလုပ်နိုင်ခဲ့ပြီ၊ ငါ့ကိုယ်ငါ ထိတွေ့နိုင်တယ်။ ငါ့ကလေးကိုလည်း ထိတွေ့နိုင်တော့မယ်''လို့ပေါ့။

တစ်ခါမှ အထိအတွေ့မခံဖူးသူတွေနဲ့ အခြားသူကို ထိတွေ့ရမှာ သက်သောင့်သက်သာ မဖြစ်သူတွေအတွက် ဒီလေ့ကျင့်ခန်းက ထိတွေ့ဖို့ဖြစ်နေတဲ့ အတားအဆီးကို ဖယ်ရှားပေးမယ့် ပထမအဆင့် လေ့ကျင့်ခန်းဖြစ်ပါတယ်။ သင်ဟာ ဒီလိုလူစားမျိုးဆိုရင် ဒီလေ့ကျင့်ခန်းကို တစ်နေ့တစ်ခါလုပ်ပြီး သင့်ရဲ့ ကလေးနဲ့ အိမ်ထောင်ဖက်ကို ထိတွေ့နိုင်ဖို့ သတ္တိရှိလာချိန်အထိ လေ့ကျင့်ယူပါ။



mgyoe.com

mgyoe.com

သင် စတင်လေ့ကျင့်တာနဲ့ တစ်ပြိုင်နက် ရည်မှန်းချက်ထားပြီး နေ့စဉ် သင့်ကလေးကို သတိနဲ့ထိတွေ့ပါ။ နောက်ပိုင်းမှာ တစ်ရက်အတွင်း အကြိမ်ပေါင်းများစွာ ထိတွေ့လာနိုင်တဲ့အထိ ဆက်ကြိုးစားပါ။ ဘယ်သူမဆို အထိအတွေ့ချစ်ခြင်းမေတ္တာ ဘာသာစကားကို လေ့လာနိုင်ပါတယ်။ သင့်ကလေးရဲ့ အဓိကချစ်ခြင်းမေတ္တာဘာသာစကားက အထိအတွေ့ဖြစ်ခဲ့ရင်တော့ သင် အားထုတ်ခဲ့တာရဲ့ ထိုက်တန်တဲ့ရလဒ်ကို ရရှိမှာဖြစ်ပါတယ်။

သင့်ကလေးရဲ့ အဓိကချစ်ခြင်းမေတ္တာ ဘာသာစကားက အထိအတွေ့ဖြစ်ခဲ့ရင် မိဘတွေအတွက် အကြံဉာဏ်တွေ ထပ်ပေးချင်ပါသေးတယ်။ အခုဖော်ပြထားတာတွေထဲက သင့်ကလေး သဘောကျမယ့်အရာတွေကို ရွေးချယ်ပြုလုပ်ကြည့်ပါ။

* သင်က နှုတ်ဆက်တဲ့အချိန်ဖြစ်ဖြစ်၊ 'တာ့တာ'လို့ပြောတဲ့ အချိန်ဖြစ်ဖြစ် သင့်ကလေးကို သင့်လက်မောင်းတွေနဲ့ ပွေ့ဖက်ထားပါ။ ကလေးငယ်တွေကိုတော့ ဒူးထောက်ထိုင်ပြီး ပြုလုပ်ပါ။
* သင့်ကလေးကို နူးညံ့တဲ့အရာတွေ ကိုင်တွယ်ပါစေ၊ ပွေ့ဖက်ထားပါစေ။ ဥပမာ–နူးညံ့တဲ့ စောင်လိုပစ္စည်းမျိုးပါ။
* ကလေးတွေ ကျောင်းအသွားနဲ့ ကျောင်းကပြန်လာတိုင်းမှာ ပွေ့ဖက်ပြီးနမ်းပေးပါ။ ကလေးအငယ်တွေအတွက် ညအိပ်ရာဝင်တိုင်း ပြုလုပ်ပေးပါ။
* ကလေးတွေက သင့်ကို သူတို့ စိတ်ပျက်လက်ပျက်ဖြစ်ရတဲ့ အကြောင်းတွေ ပြောနေချိန်မှာ သူတို့ရဲ့ ဆံပင်တွေနဲ့ ကျောပြင်ကို ပွတ်သပ်ပေးပါ။
* သင့်ကလေးကို စည်းကမ်းလိုက်နာစေဖို့ အပြစ်ပေးပြီးပြီးချင်း သူတို့ကို ခဏတဖြုတ် ပွေ့ဖက်ထားပြီး အခုလိုအပြစ်ပေးတာ သူတို့အမှားလုပ်မိတဲ့ အကျိုးဆက်ဖြစ်ကြောင်း၊ သင့်ဘက်က သူတို့ကို အမြဲချစ်နေကြောင်း ရှင်းလင်းပြောပြပါ။
* ဆိုဖာပေါ်မှာ တီဗီတူတူကြည့်နေချိန် သူတို့ကို ပွေ့ဖက်ထားပေးပါ။

mgyoe.com

mgyoe.com SAMPLE BOOK

* ကလေးတွေ ကောင်းတာတစ်ခုခုလုပ်လိုက်တိုင်း ဟိုက်ဖိုက်လို လက်ဝါးချင်းရိုက်တာဖြစ်ဖြစ်၊ အလားတူ အပြုအမူမျိုးဖြစ်ဖြစ် ပြုလုပ်ပြီး ချီးကျူးစကားပြောပါ။
* အထိအတွေ့ ကောင်းကောင်းပြုလုပ်လို့ရတဲ့ နူးညံ့တဲ့ ခေါင်းအုံး၊ စောင်၊ ဆွယ်တာအင်္ကျီလိုမျိုး လက်ဆောင်ဝယ်ပေးပါ။
* သင့်ရဲ့မိသားစုအရွယ်အစားက သေးသေးကြီးကြီး "Group Hug"လို့ မကြာခဏ အော်ပြောပြီး မိသားစုတစ်ခုလုံး ပွေ့ဖက်ပါ။ ပိုပြီး ပျော်စရာကောင်းအောင် မိသားစု အိမ်မွေးတိရစ္ဆာန်ခွေး ဒါမှမဟုတ် ကြောင်တစ်ကောင်ကောင်ကို ပါဝင်ပါစေ။
* အထိအတွေ့ပါတဲ့ ကစားနည်း၊ အားကစားနည်းတွေ အတူတူ လုပ်ပါ။ ဒီလိုလုပ်တာဟာ အချိန်ပေးသလိုပါ ဖြစ်ပြီး အထိအတွေ့ကို တမင်လုပ်ယူသလို မဖြစ်စေပါဘူး။
* မြူးကြွပြီး အထိအတွေ့တွေဖြစ်တဲ့ လက်ခုပ်တီးတာ၊ ခန္ဓာကိုယ် လှုပ်တာ၊ ခုန်ပေါက်တာတွေပါဝင်တဲ့ သီချင်းတွေကို ကလေးတွေနဲ့ အတူတူဆိုပါ။ အခုခေတ် ကလေးသီချင်း တော်တော်များများက ဒါမျိုးလုပ်လို့ ရပါတယ်။
* ကလေးနဲ့ ကလိထိုးတမ်းကစားပါ။ ဒါပေမဲ့ ကလေးကို စိတ်ဖိအား ပေးမိတာမျိုး မဖြစ်မိအောင် သတိထားပါ။
* ကလေးငယ်တွေအတွက် ပုံပြင်ဖတ်ပြတဲ့အချိန်မှာ သင့်ပေါင်ပေါ် တင်ထားပါ။
* သင့်ကလေးက နေမကောင်းတဲ့၊ ဒဏ်ရာအနာတရဖြစ်တဲ့ အချိန် မျိုးတွေမှာ သင့်ကလေး သက်သောင့်သက်သာဖြစ်ဖို့ အချိန်ပိုပေးပါ။ သူတို့မျက်နှာကို အေးမြတဲ့အဝတ်စနဲ့ သုတ်ပေးတာမျိုး လုပ်ပေးပါ။
* မိသားစု ဝတ်ပြုဆုတောင်းနေချိန်မှာ လက်ချင်းဆုပ်ကိုင်ထားပါ။

☺


mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း - ၃

# အတည်ပြုထောက်ခံပြောကြားပေးခြင်း

''ကျွန်တော့်အဖေ ကျွန်တော့်ကိုချစ်လား''

''ချစ်တာပေါ့။ ဘာလို့လဲဆိုတော့ ကျွန်တော် ဘောလုံးကစားတဲ့အခါ သူက အမြဲအားပေးစကားပြောတယ်။ ကစားပွဲပြီးသွားရင်လည်း ကြိုးကြိုးစားစား ကစားတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောတယ်။ ကစားပွဲမှာ အဓိကကျ တာက အနိုင်ရဖို့မဟုတ်ဘူး။ တတ်နိုင်သလောက် အကောင်းဆုံးကစားဖို့လည်း သူက ပြောတယ်''

အသက် ၁၄ နှစ်အရွယ် ဆမ်က ဆက်ပြောပါတယ်။

''တစ်ခါတလေမှာ ကျွန်တော် အမှားလုပ်မိတယ်။ ဒါပေမဲ့ အဖေက စိတ်မပူဖို့ပြောတယ်။ ကျွန်တော့်ဘက်ကသာ အကောင်းဆုံးကြိုးစားကစားနေရင် ပိုကောင်းလာမှာပဲလို့ ပြောတယ်''

ချစ်ခြင်းမေတ္တာကို ဆက်သွယ်တဲ့အခါမှာ စကားလုံးတွေရဲ့ စွမ်းပကားက ကြီးပါတယ်။ မေတ္တာတရားနဲ့ ချစ်ခင်ကြင်နာစွာပြောတဲ့စကား၊ ချီးမြှောက်အားပေး စကား၊ အကောင်းဘက်ကို ညွှန်ပြပေးတဲ့စကား ဒါတွေအားလုံးဟာ ''သားတို့ သမီးတို့ကို ဖေဖေနဲ့မေမေက ဂရုစိုက်တယ်''လို့ ပြောနေတာပါ။ ဒီစကားလုံး တွေဟာ ကလေးရဲ့ နှလုံးဝိညာဉ်ပေါ်ကို သွန်းလောင်းလိုက်တဲ့ ညင်သာနွေးထွေးတဲ့ မိုးစက်တွေလိုပါပဲ။ ဒီစကားလုံးတွေဟာ ကလေးရဲ့ စိတ်အတွင်းသဏ္ဍာန်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုးရှိခြင်းနဲ့ လုံခြုံမှုရှိခြင်းတို့အတွက် ပြုစုပျိုးထောင်ပေးပါတယ်။ ဒီစကားလုံးတွေကို ပြီးစလွယ်ပြောလိုက်တာတောင် ကလေးတွေအတွက်တော့ မမေ့နိုင်တဲ့ စကားလုံးတွေပါ။ ကလေးတစ်ယောက်ဟာ သူ့အပေါ် ပြောလိုက်တဲ့ အတည်ပြုထောက်ခံပေးတဲ့စကားတစ်ခွန်းကြောင့် ဘဝတစ်လျှောက်လုံး အကျိုးကျေးဇူး ရရှိနိုင်ပါတယ်။

ဒီလိုစကားလုံးတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ကလေးကို စကားကြမ်းကြမ်းတမ်းတမ်း ပြောတာ၊ စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်တာတွေဟာ ကလေးရဲ့ မိမိကိုယ်ကို တန်ဖိုးထားမှုကို ထိခိုက်စေနိုင်ပြီး သူ့ရဲ့ လုပ်နိုင်စွမ်းကို သံသယရှိလာစေပါတယ်။ ကလေးတွေဟာ လူကြီးတွေပြောတာကို တကယ်ယုံကြည်လို့ ပြောတာလို့ ထင်တတ်ကြပါတယ်။ ရှေးဟောင်းဟီးဘရူး စကားပုံတစ်ခုက အမှန်တရားကို ချဲ့ကားပြောထားတာ မဟုတ်ပါဘူး။ "လျှာဖျားလေးတစ်ခုမှာ အသက်ရှင်ခြင်းနဲ့ သေဆုံးစေနိုင်ခြင်း စွမ်းပကားရှိတယ်"ဆိုတဲ့ စကားပုံ ဖြစ်ပါတယ်။

ဒုတိယမြောက် ချစ်ခြင်းမေတ္တာ ဘာသာစကားကို အတည်ပြုထောက်ခံပြောကြားပေးခြင်း ဖြစ်ပါတယ်။ တစ်ချိန် ကလေးတွေဟာ ချစ်ခြင်းတရားရဲ့ အကြီးမြတ်ဆုံး ခံစားမှုကို သူတို့ကို အတည်ပြုထောက်ခံပြောကြားပေးခြင်းနဲ့ ခံစားရပါတယ်။ ဒီလိုဖော်ပြမှုဟာ သူတို့ကို "I Love You" လို့ပြောနေစရာ မလိုပါဘူး။

## "I Love You" ကို နားလည်ခြင်း

ကလေးတွေဟာ သူတို့စကားလုံးတွေကို နားမလည်ခင် အချိန်တော်တော်ကြာကြာကတည်းက စိတ်ခံစားမှုဆိုင်ရာ ဆက်သွယ်မှုတွေကို ရရှိကြပါတယ်။ စကားလေသံ အနိမ့်အမြင့်၊ စိတ်နေစိတ်ထား ညင်သာမှု၊ ဂရုတစိုက်ပြုမှုတဲ့ အပြုအမူတွေအားလုံးဟာ စိတ်ပိုင်းဆိုင်ရာ နွေးထွေးမှုနဲ့ ချစ်ခြင်းတရားကို ဆက်သွယ်ပေးပါတယ်။ မိဘတိုင်းဟာ သူတို့ရဲ့ ရင်ခွင်ပိုက်ကလေးငယ်တွေကို စကားပြောကြပါတယ်။ ကလေးငယ် နားလည်တာက မိဘရဲ့ မျက်နှာ အနေ


mgyoe.com

mgyoe.com SAMPLE BOOK


အထား၊ မေတ္တာဓာတ်ပါတဲ့ အသံနဲ့ ရောနှောနေတဲ့ ကိုယ်ဟန်အနေအထားတို့ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကလေးငယ်တွေဟာ တဖြည်းဖြည်းနဲ့ စကားလုံးတွေနဲ့ အယူအဆတွေကို နားလည်နိုင်တဲ့စွမ်းရည် ရလာကြပါတယ်။ ကျွန်တော်တို့က "I Love You" လို့ပြောရင်တောင်မှ စကားလုံးတွေရဲ့ ဆိုလိုချက်တိုင်းကို သူတို့ အမြဲ နားမလည်ကြပါဘူး။ ချစ်ခြင်းတရားဆိုတာ ခြုံငုံဖော်ပြထားတဲ့ အယူအဆတစ်ခုပါ။ သူတို့ရဲ့ ကစားစရာ၊ စာအုပ်တို့ကို မြင်သလိုမျိုး ချစ်ခြင်းတရားကို မမြင်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ ချစ်ခြင်းတရားကို ဖော်ပြတဲ့အခါ ဘာကိုဆိုလိုသလဲလို့ သူတို့နားလည်အောင် ကူညီဖို့လိုအပ်တယ်လို့ သူတို့ဘက်က ခိုင်ခိုင်မာမာ တွေးတတ်ကြပါတယ်။ "I Love You" ဆိုတဲ့စကားလုံးကို ကလေးတွေဟာ သင်တို့ရဲ့ မေတ္တာတရားပါတဲ့ ခံစားချက်နဲ့ တွဲဖက်လိုက်တဲ့အခါမှာ ပိုပြီး ကြီးမြတ်တဲ့ အဓိပ္ပာယ်နဲ့ ဖွင့်ဆိုနိုင်ကြပါတယ်။ တစ်ခါတစ်ရံမှာ ဒါဟာ ခန္ဓာကိုယ်ချင်း နီးကပ်နေတာကို ဆိုလိုတာ ဖြစ်နိုင်ပါတယ်။ ဥပမာ–သင့်ကလေးကို ညအိပ်ရာဝင်ပုံပြင်ဖတ်ပြနေတုန်း သူ့ကို ပွေ့ဖက်ထားရင်း ကလေးရဲ့ခံစားချက်ကို နွေးထွေးစေပြီး ချစ်ခြင်းတရားကို ခံစားရတဲ့ ပုံပြင်နေရာကိုရောက်ရင် "I Love You" လို့ ငြင်ငြင်သာသာ ပြောနိုင်ပါတယ်။

ကလေးက သင့်ရဲ့ "I Love You" ဆိုလိုချက်ကို နားလည်ပြီဆိုတာနဲ့ သင့်ဘက်က ဒီစကားလုံးကို မတူခြားနားတဲ့အချိန်နဲ့ နည်းလမ်းတွေကို အသုံးပြုနိုင်ပါတယ်။ ဒါမှသာ ဒီစကားလုံးတွေဟာ ပုံမှန်ဖြစ်စဉ်တွေဖြစ်တဲ့ ကလေးကို ကစားကွင်းပို့တာ၊ ကျောင်းကိုပို့တာ စတဲ့အဖြစ်အပျက်တွေနဲ့ ဆက်စပ်လို့ရမှာပါ။ သင့်ရဲ့ ချစ်ခြင်းမေတ္တာ စကားလုံးတွေကို သင့်ကလေးနဲ့ပတ်သက်တဲ့ စစ်မှန်တဲ့ ချီးမြှောက်ပြောဆိုတဲ့ စကားလုံးတွေနဲ့ ပေါင်းစပ်လို့ရပါတယ်။ အခုအချိန်မှာ ကလေးနှစ်ယောက်အမေဖြစ်နေတဲ့ ကက်သလင်းက အခုလို ပြောပြပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မအမေက ကျွန်မရဲ့ လှပတဲ့ အနီရောင်ဆံပင်တွေနဲ့ပတ်သက်ပြီး ပြောခဲ့တာတွေကို အမြဲအမှတ်ရနေပါတယ်။ ကျောင်းမသွားခင် ကျွန်မဆံပင်ကို ဖြီးနေရင်းနဲ့ ကောင်းမွန်တဲ့မှတ်ချက်ပေးတာဟာ ကျွန်မဘဝတစ်လျှောက်လုံး ကိုယ့်ကိုယ်ကိုယ် ပြန်မြင်မိတဲ့အမြင် ဖြစ်လာခဲ့ပါတယ်။ နှစ်တွေကြာမြင့်ပြီးတဲ့နောက်မှာ ကျွန်မတို့လို ဆံပင်အနီရှိသူတွေဟာ လူနည်းစုပဲလို့ သိလာခဲ့တာတောင် ကျွန်မရဲ့ဆံပင်အနီနဲ့ပတ်သက်ပြီး မကောင်းတဲ့ခံစားချက် မဖြစ်ခဲ့ပါဘူး။ အမေ့ရဲ့ ချစ်ခြင်းမေတ္တာပါတဲ့ မှတ်ချက်တွေကြောင့် ဖြစ်တယ်ဆိုတာ ကျွန်မ သေသေချာချာ သိပါတယ်"

**မှန်ကန်တဲ့ ချီးမွမ်းပြောဆိုခြင်း**

ချီးမြှောက်ပြောဆိုမှုနဲ့ မေတ္တာတရားဟာ ကျွန်တော်တို့ ကလေးတွေကို ပေးတဲ့ သတင်းစကားမှာ ရောနှောပြီး ပါဝင်နေပါတယ်။ ဒီ ၂ ခုကို ကျွန်တော်တို့ ခွဲခြားနိုင်ရပါမယ်။ မေတ္တာတရားနဲ့ ချစ်ခြင်းတရားဆိုတာ ကလေးရဲ့ ဖြစ်တည်မှုတိုင်းကို အသိအမှတ်ပြုခြင်းကို ဆိုလိုပါတယ်။ စွမ်းရည်နဲ့ ဝိသေသလက္ခဏာတွေဟာ လူတစ်ယောက်ရဲ့ ဖွဲ့စည်းမှုမှာ ပါဝင်နေတဲ့ အစိတ်အပိုင်းတွေ ဖြစ်ပါတယ်။ အသေးစိတ်ပြောရမယ်ဆိုရင် ကလေးဘာလုပ်သလဲပေါ်မူတည်ပြီး ချီးမွမ်းစကားကို ကျွန်တော်တို့ ပြောကြပါတယ်။ ကလေးရဲ့ အောင်မြင်မှု၊ အပြုအမူ၊ သတိထားပြုမှုတဲ့ စိတ်နေစိတ်ထားတို့အပေါ်မှာ ချီးမွမ်းစကားပြောကြပါတယ်၊ ချီးမွမ်းပြောဆိုခြင်းလို့ ကျွန်တော်တို့ ဒီနေရာမှာ သုံးနေတဲ့ စကားလုံးက ကလေးရဲ့ ထိန်းချုပ်နိုင်အဆင့်ပေါ်မှာရှိနေတဲ့ တစ်စုံတစ်ခု ဖြစ်ပါတယ်။

သင်က သင့်ရဲ့ ချီးကျူးစကားတွေကို ကလေးအတွက် စစ်မှန်စွာ အဓိပ္ပာယ်ရှိသွားစေချင်တာကြောင့် သင်ပြောတဲ့အခါမှာ သတိထားဖို့လိုပါတယ်။ သင့်ဘက်က ချီးကျူးစကားကို လိုတာထက်ပိုပြီး မကြာခဏ ပြောရင်တော့ သင့်ရဲ့စကားလုံးတွေဟာ ကောင်းမွန်တဲ့အကျိုးသက်ရောက်မှု နည်းနည်းပဲရမှာပါ။ ဥပမာ–သင်က "သမီးက သိပ်လိမ္မာတာပဲ" လို့ ပြောနိုင်ပါတယ်။ ဒီလိုပြော


mgyoe.com

mgyoe.com SAMPLE BOOK


တာဟာ အင်မတန်ကောင်းမွန်ပါတယ်။ ဒါပေမဲ့ ဒီစကားလုံးတွေ အသုံးပြုတဲ့အခါ မှာတော့ ဉာဏ်ပညာသုံးဖို့ လိုပါတယ်။ ဒီလိုစကားမျိုးကို ကလေးက ကောင်းမွန် တဲ့အရာတစ်ခုလုပ်ပြီး ချီးမွမ်းစကားကြားရဖို့ မျှော်လင့်နေတဲ့အချိန်မှာပြောရင် ပိုပြီး ထိရောက်မှုရှိပါတယ်။ ကလေးလုပ်တဲ့အရာတွေက သာမန်လောက်ပဲ ဖြစ်နေ ပေမယ့် တော်တယ်လို့ပြောတာကလည်း မှန်ကန်ပါတယ်။ ကလေးတွေက သူတို့ကို ချီးကျူးစကားပြောတာဟာ ချီးကျူးခံရဖို့ အကြောင်းပြချက်တစ်ခု ရှိလို့လား၊ ဒါမှမဟုတ် သူတို့သဘောကျအောင် ပြောပေးတာလားဆိုတာ သိကြ ပါတယ်။ သူတို့ကို သဘောကျအောင်ပြောတဲ့ ချီးကျူးစကားတွေကိုတော့ မရိုး သားဘူးလို့ ထင်မြင်တတ်ကြပါတယ်။

သင်က လိုတာထက် ချီးကျူးနေရင် အကျိုးသက်ရောက်မှု လျော့နည်း မှာပါ။ မကြာခဏ ကြုံသလို ချီးကျူးစကားပြောတာဟာ နောက်ထပ်ဆိုးကျိုးတစ်ခု ရှိပါသေးတယ်။ တချို့ကလေးတွေအတွက် ဒီလိုချီးကျူးခံရမှုမျိုးကို အကျင့်ဖြစ် လာပြီး သူတို့က ဒါဟာ သဘာဝအတိုင်းဖြစ်တာလို့ ယူဆလာတတ်ပါတယ်။ ပြီးတော့ သူတို့က ဒီလိုချီးကျူးတာမျိုးကို မျှော်လင့်နေတတ်ကြပါတယ်။ သူတို့ကို ဒီလို ချီးကျူးမှုမပေးနိုင်တဲ့ အခြေအနေမှာ ရောက်နေရင်တော့ သူတို့ဘက်က တစ်ခုခု မှားနေလို့လို့ ယူဆပြီး စိတ်ပူပန်လာတတ်ကြပါတယ်။ ဒီလိုဖေးမမှုမျိုးကို မရတဲ့ အခြားကလေးတွေကို တွေ့ရင်တော့ သူတို့ကိုယ်သူတို့ ဘာကြောင့် အခုလို ပိုကဲတဲ့ ချီးကျူးမှုမျိုးတွေကို လွန်လွန်ကဲကဲ လိုအပ်နေရတာလဲလို့ ခံစားရလာတတ်ကြပါတယ်။ ကျွန်တော်တို့ ဂရုစိုက်တဲ့ ကလေးတွေကို ချီးကျူး စကားပြောချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ချီးကျူးစကားတိုင်းဟာ စစ်မှန်ပြီး အကြောင်းပြချက်ရှိရမယ်ဆိုတာ သတိထားသင့်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင် ကလေးတွေက ချီးကျူးတာကို လိမ်ညာတာနဲ့ တန်းတူထားလို့ရတဲ့ မြှောက်ပင့် ခြင်းလို့ ယူဆနိုင်ပါတယ်။


mgyoe.com

mgyoe.com

**အားပေးတိုက်တွန်းခြင်း၏ စွမ်းပကား**

တိုက်တွန်းအားပေးတယ်ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်က သတ္တိ ထည့်သွင်းပေးလိုက်တာပါ။ ကျွန်တော်တို့ကလေးတွေ ထပ်ပြီး ကြိုးစားနိုင်ဖို့ အတွက် သတ္တိတွေပေးဖို့ ရှာဖွေနေကြပါတယ်။

ကလေးအငယ်တစ်ယောက်အတွက် အတွေ့အကြုံအားလုံးနီးပါးဟာ အသစ်တွေဖြစ်ပါတယ်။ လမ်းလျှောက်ဖို့သင်ယူတာ၊ စကားပြောတာ၊ စက်ဘီး စီးတာအားလုံးအတွက် သတ္တိရှိဖို့ လိုပါတယ်။ ကျွန်တော်တို့ရဲ့ စကားလုံးတွေနဲ့ ကလေးရဲ့ ကြိုးစားအားထုတ်မှုကို တိုက်တွန်းနိုင်သလို စိတ်ပျက်အားလျော့စေ နိုင်ပါတယ်။

ရောဂါဗေဒပညာရှင်တချို့က ကလေးတွေ စကားပြောတာဟာ လူကြီး တွေပြောတဲ့ပုံစံကို ပုံစံတူအတုခိုးတာလို့ ပြောပါတယ်။ လူကြီးက စကားလုံးတွေကို အသံထွက်ပြရုံတင် မဟုတ်ဘဲ ကလေးရဲ့ မှန်မှန်ကန်ကန်ပြောဖို့ ကြိုးစားနေမှု အပေါ် တိုက်တွန်းအားပေးစကားပြောပေးမှ စကားပြောသင်ယူမှုဟာ ပိုပြီး ထိရောက်ပါလိမ့်မယ်။ ''တော်တော်နီးစပ်လာပြီ၊ အဲဒါ အရမ်းကောင်းတယ်။ သားပြောနိုင်တော့မယ်'' အစရှိတဲ့ စကားတွေဟာ ကလေးအတွက် စကားလုံးတွေ လေ့လာသင့်ယူတာမဟုတ်ဘဲ အနာဂတ်အတွက်ပါ သင်ယူသလို ဖြစ်စေပါတယ်။

ကလေးရဲ့ လူမှုဆက်ဆံရေး သင်ယူတဲ့အခါမှာလည်း ဒီစည်းမျဉ်းက မှန်ကန်နေတုန်းပါ။ ''သားအရုပ်တွေကို မက်ဒီဆက်ကိုပေးဆော့လိုက်တာကို ဖေဖေ သဘောကျတယ်။ ဖေဖေတို့က တစ်ယောက်ကိုတစ်ယောက် မျှဝေမှု ဘဝက နေပျော်မှာ''။ ဒီလိုစကားမျိုးပြောတာဟာ ကလေးရဲ့ မူလသဘာဝဆန္ဒ ဖြစ်တဲ့ ပစ္စည်းတစ်ခုကို ထိန်းသိမ်းထားလိုခြင်းကို ဆန့်ကျင်ဘက်ဖြစ်စေတဲ့ စိတ်ခွန်အားတစ်ခု ရရှိစေပါတယ်။ ၆ တန်းအရွယ်ကလေးတစ်ယောက်ကို သူ့မိဘကပြောတာကိုလည်း နားထောင်ကြည့်ပါ။

''ဒန်နီ ဒီနေ့ကစားပွဲအပြီးမှာ သားသူငယ်ချင်း စကော့ကစားပွဲနဲ့ ပတ်သက်ပြီး သူ့ခံစားချက်ပြောပြနေတာကို သားသေသေချာချာ နားထောင်ပေး


mgyoe.com

mgyoe.com SAMPLE BOOK

နေတာကို ဖေဖေ သတိထားမိတယ်။ တခြားလူတွေက သားဘေးက ဖြတ်သွားတုန်း သားကျောကုန်းကို ရိုက်သွားကြတာတောင် သားက စကော့ ပြောတာကို လုံးဝ အာရုံစိုက်နားထောင်ပေးနေတာကို ဖေဖေ အရမ်းဂုဏ်ယူတယ်။ လူတွေပြော စကားကို နားထောင်ပေးတယ်ဆိုတာ သားက လူတွေကိုပေးနိုင်တဲ့ အကောင်းဆုံး လက်ဆောင်ပဲ''

ဒီမိဘက ဒန်နီအပေါ် နားထောင်ခြင်းဆိုတဲ့ သတ္တိကို ထည့်သွင်းပေး လိုက်တာပါ။ နားထောင်ခြင်းဆိုတာ လူသားတွေရဲ့ ဆက်ဆံရေးမှာ အရမ်း အရေးကြီး အနုပညာတစ်ခု ဖြစ်ပါတယ်။

သင့်အနေနဲ့ အားပေးတိုက်တွန်းစကားပြောရတာ ခက်ခဲကောင်း ခက်ခဲ နိုင်ပါတယ်။ တိုက်တွန်းအားပေးခြင်းခံရတဲ့ ခံစားမှုတစ်ခုက ခန္ဓာကိုယ် ကြံ့ခိုင် ကျန်းမာခြင်းဆိုတာကို သတိရပါ။ တက်တက်ကြွကြွနဲ့ ဖြတ်ဖြတ်လတ်လတ် ဖြစ်နေဖို့ စွမ်းအင်လိုအပ်ပါတယ်။ ဒါကြောင့် မိဘတွေဘက်က စိတ်ရောကိုယ်ပါ ကျန်းမာနေဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် တိုက်တွန်းအားပေးမှု ရှိတယ်လို့ ခံစားနေရမှ ကလေးတွေကို အားပေးစကားပြောနိုင်မှာ ဖြစ်ပါတယ်။ မိဘ ၂ ယောက်လုံးရှိတဲ့ အိမ်ထောင်စုတွေမှာတော့ မိဘတစ်ယောက်ကို တစ်ယောက်အရင်အားပေးဖို့ လိုပါတယ်။ တကယ်လို့ သင်က မိဘတစ်ဦးတည်း ရှိတဲ့ မိသားစုဆိုရင်တော့ ယုံကြည်ရတဲ့ သူငယ်ချင်း သို့မဟုတ် ဆွေမျိုးတွေကို သင့်ရဲ့ စိတ်ခံစားမှုနဲ့ စွမ်းအင်တွေကို မြှင့်တင်ပေးနိုင်ဖို့အတွက် ရှိသင့်ပါတယ်။

ကလေးတွေကို တိုက်တွန်းအားပေးစကားပြောရာမှာ အကြီးမားဆုံး ရန်သူက ဒေါသစိတ်ဖြစ်ပါတယ်။ မိဘတွေက ဒေါသထွက်လေလေ အဲဒီဒေါသ စိတ်ကို ကလေးတွေဆီ ရောက်ရှိလေလေ ဖြစ်ပါတယ်။ ရလဒ်ကတော့ ကလေး တွေဟာ မိဘကို ဆန့်ကျင်သူတွေနဲ့ အာဏာကိုဆန့်ကျင်သူတွေ ဖြစ်လာတာပါ။ ဒါကြောင့် ကိုယ့်သားသမီးတွေအတွက် တွေးပေးတဲ့ မိဘတိုင်းဟာ သူတို့ရဲ့ ဒေါသတွေကို ဖြစ်တဲ့နည်းနဲ့ လျှော့ချပစ်ဖို့ လိုအပ်ပါတယ်။ ဒေါသစိတ်ကို အတတ် နိုင်ဆုံး အနည်းဆုံးဖြစ်အောင် ရင့်ကျက်စွာနဲ့ ကိုင်တွယ်ဖြေရှင်းရမှာ ဖြစ်ပါတယ်။



mgyoe.com

စကားပုံတွေကို ရေးသားခဲ့သူတွေဟာ တကယ်ပဲ ဉာဏ်ပညာနဲ့ ပြည့်စုံပါတယ်။ ငြင်သာပျော့ပြောင်းတဲ့စကားတစ်ခွန်းက ဒေါသကို ဖယ်ရှားပေးနိုင်ပါတယ်။ မိဘစကားသံရဲ့ ကျယ်လောင်မှုဟာ ကလေးက မိဘပြောတာကို ဘယ်လိုပြန်လည်တုံ့ပြန်နိုင်မလဲဆိုတဲ့ အချက်ပေါ်မှာ လွှမ်းမိုးနိုင်ပါတယ်။ စကားကို ငြင်ငြင်သာသာ ပြောနိုင်ဖို့အတွက် အလေ့အကျင့်လိုပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အားလုံး ဒါကို သင်ယူလို့ ရပါတယ်။ ကျွန်တော်တို့ ကလေးတွေနဲ့ တင်းမာနေတဲ့ အချိန်တွေမှာလည်း စကားကို အေးဆေးသက်သာစွာပြောဖို့ သင်ယူရပါမယ်။ အချိန်တိုင်းမှာ မေးခွန်းမေးပြီး သူတို့အပေါ် အမိန့်ပေးတာမျိုးကို ရှောင်ကြဉ်ရပါမယ်။ ဥပမာ–အခုရေးပြတဲ့စကားတွေထဲက ဘယ်ဟာက ကလေးကို တိုက်တွန်းအားပေးရာ ရောက်သလဲ ကြည့်ကြည့်ပါ။

"ဒီအမှိုက်တွေကို အခုချက်ချင်း အပြင်ကို ယူသွားလိုက်"

"သား အဖေ့အတွက် ဒီအမှိုက်တွေကို အပြင်ယူသွားပေးလို့ရမလား"

ကိစ္စတစ်ခုခုမှာ ကလေးတွေကို အားပေးစကားသုံးပြီး ပြောလိုက်တဲ့အခါမှာ သူတို့က ကျွန်တော်တို့ရဲ့ တောင်းဆိုမှုတွေကို ငြင်းပယ်မယ့်အစား အလိုက်သင့် တုံ့ပြန်တတ်ကြပါတယ်။

လွန်ခဲ့တဲ့နှစ်တော်တော်ကြာတုန်းက မိနီးဆိုတားက ဆရာတစ်ယောက်ဟာ မှတ်ချက်ပြုနိုင်လောက်တဲ့အရာတစ်ခုကို လုပ်ခဲ့ပါတယ်။ သူက အတန်းထဲက ကလေးတစ်ယောက်ချင်းစီကို ကျောင်းသားအားလုံးရဲ့ နာမည်ဘေးမှာ ကွက်လပ်တစ်ခုစီ ချန်ခိုင်းပြီး ချရေးခိုင်းပါတယ်။ ပြီးတော့ သူတို့အတန်းဖော်တစ်ယောက်ချင်းစီရဲ့ အကောင်းဆုံးအရာတွေကို စဉ်းစားခိုင်းပြီး နာမည်တစ်ခုချင်းရဲ့ ကွက်လပ်မှာချရေးခိုင်းပါတယ်။ ပြီးတော့ သူက ကလေးတွေရေးထားတဲ့ စာရွက်တွေအားလုံးကို သိမ်းဆည်းလိုက်ပါတယ်။ ကျောင်းပိတ်ရက်တွေမှာ ကျောင်းသားတစ်ယောက်ချင်းစီရဲ့ နာမည်ဘေးမှာ သူ့အတန်းဖော်တွေရေးတဲ့ အကြောင်းအရာတွေအားလုံးကို ပြန်ကူးရေးပါတယ်။ တနင်္လာနေ့မှာတော့ ကျောင်းသားတစ်ယောက်ချင်းစီကို သူကူးရေးထားတဲ့ စာရွက်တွေ ပြန်ပေးလိုက်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတွေဟာ သူတို့ရတဲ့စာရွက်တွေကို ဖတ်နေရင်းနဲ့ တစ်ယောက်နဲ့ တစ်ယောက် တီးတိုးပြောကြပါတယ်။

''တစ်ယောက်ယောက်အတွက် အခုလိုအဓိပ္ပာယ်ရှိလိမ့်မယ်ဆိုတာ ငါ မသိခဲ့ဘူး''

''တခြားသူတွေက ငါ့ကို ဒီလောက်သဘောကျလိမ့်မယ်လို့ မထင်ခဲ့ဘူး''

ဒီစာရွက်တွေအကြောင်းကို အတန်းထဲမှာ မဆွေးနွေးခဲ့ကြပါဘူး။ ဒါပေမဲ့ ဆရာဘက်ကတော့ သူ ဒီလိုလုပ်လိုက်တာဟာ ကလေးတိုင်းအတွက် အကောင်းမြင်ခံစားချက်တွေ ပေးလိုက်နိုင်လို့ အောင်မြင်မှုရခဲ့တယ်ဆိုတာကို သိပါတယ်။

နှစ်တွေအများကြီးကြာတဲ့အခါမှာ အတန်းထဲကကျောင်းသားတစ်ယောက် ဗီယက်နမ်စစ်ပွဲမှာ ကျဆုံးသွားပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်ကို မီနီဆိုးတာကို ပြန်သယ်လာပြီး သူ့ရဲ့အသုဘမှာ အတန်းဖော်အားလုံးနှင့် ဆရာလည်း တက်ရောက်ကြပါတယ်။ အသုဘအခမ်းအနားမှာ ကျဆုံးသွားသူရဲ့အဖေက ဆရာကိုပြောပြပါတယ်။ ''ကျွန်တော် ခင်ဗျားတို့ကို ပြစရာတစ်ခုရှိတယ်''။ သူ့ရဲ့ ပိုက်ဆံအိတ်ထဲက စာရွက်တစ်ရွက်ကို ထုတ်လိုက်ပြီး ''သူတို့ ဒီစာရွက်ကို မာက်ကျဆုံးသွားတုန်းက သူ့ခန္ဓာကိုယ်ပေးမှာ တွေ့ခဲ့ကြတယ်။ ခင်ဗျားတို့ မှတ်မိကြမှာပါ''လို့ ပြောပါတယ်။ စာရွက်ကိုဖွင့်လိုက်တဲ့အခါမှာ အကြိမ်ပေါင်းများစွာ ခေါက်ထားလို့ ခေါက်ရိုးကျိုးနေတဲ့စာရွက်တစ်ခုကို တွေ့လိုက်ကြပါတယ်။ ဒါဟာ မာက်ရဲ့ အတန်းဖော်တွေက သူ့ရဲ့ ကောင်းမွန်တဲ့အချက်တွေကို ရေးပေးထားတဲ့စာရွက် ဖြစ်ပါတယ်။

''အခုလို လုပ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်'' လို့ မာက်ရဲ့အမေက ဆရာကိုပြောပါတယ်။

''ဆရာမြင်တဲ့အတိုင်းပဲ။ ကျွန်မသားလေးက ဒီစာရွက်ကို အရမ်း တန်ဖိုးထားခဲ့တာ''


mgyoe.com

အဲဒီအချိန်မှာ မာက်ရဲ့အတန်းဖော်တွေအားလုံးကလည်း တစ်ယောက်ပြီး တစ်ယောက် ဒီလိုစာရွက်ကို အခုထိသိမ်းထားကြပြီး မကြာခဏ ထုတ်ဖတ်ကြတယ်လို့ ပြောကြပါတယ်။ တချို့ကတော့ သူတို့ပိုက်ဆံအိတ်ထဲထည့်ထားပြီး တချို့က သူတို့လက်ထပ်ခါတုန်းက ပုံအယ်ဘမ်ထဲမှာ ထည့်ထားကြပါတယ်။ ကျောင်းသားတစ်ယောက်က ''ကျွန်တော်တို့အားလုံး ဒီစာရွက်ကို သိမ်းထားကြတယ်လို့ထင်တယ်''လို့ ပြောပါတယ်။

**မှန်ကန်တဲ့စကား၊ မှားယွင်းတဲ့အပြုအမူ**

အားပေးတဲ့စကားလုံးတွေဟာ သင့်ကလေးလုပ်လိုက်တဲ့ အပြုအမူ တစ်ခုခုအပေါ်ကို အာရုံစိုက်ပြီး သုံးစွဲရင် ပိုထိရောက်ပါတယ်။ ရည်ရွယ်ချက်က သင့်ကလေးရဲ့ ကောင်းမွန်တဲ့အပြုအမူကို အသိအမှတ်ပြုတာဖြစ်ပြီး ဒါကို ထပ်လုပ်ဖို့ တိုက်တွန်းလိုက်တာပါ။ ဟုတ်ပါတယ်၊ ဒီလိုလုပ်ရတာဟာ သင့်ကလေး အမှားတစ်ခုခုလုပ်မိလို့ သူ့ကိုအပြစ်တင်စကား ပြောရတာထက် ပိုပြီး အားထုတ်ရပါတယ်။ ဒါပေမဲ့ နောက်ဆုံးရလိုက်တဲ့ ရလဒ်ကတော့ အားထုတ်ရကျိုးနပ်ပါတယ်။ ဒီလိုချီးကျူးပြောဆိုတာဟာ သင့်ကလေးရဲ့ကျင့်ဝတ်နဲ့ စိတ်နေစိတ်ထား ဖွံ့ဖြိုးရေးကို လမ်းညွှန်ပေးနိုင်လို့ပါ။

ကလေးတွေဟာ ညွှန်ကြားပြသမှုကို လိုအပ်ပါတယ်။ သူတို့ဟာ ဘာသာစကားတစ်ခုခုကို ထိတွေ့ပြီးမှ စကားပြောဖို့ သင်ယူကြတာပါ။ လူ့အဖွဲ့အစည်းရဲ့ ပုံစံတစ်ခုမှာ နေထိုင်ပြီး သူတို့ရဲ့ အပြုအမူတွေကို သင်ယူကြပါတယ်။ ယဉ်ကျေးမှုတော်တော်များများမှာ မိဘတွေက ကလေးတွေရဲ့ လူမှုဆက်ဆံရေးအတွက် တာဝန်ရှိပါတယ်။ ဒီတာဝန်မှာ ကလေးတွေလုပ်ရမယ့်အရာတွေ၊ မလုပ်ရမယ့်အရာတွေတင်မဟုတ်ဘဲ သူတို့ရဲ့ ကျင့်ဝတ်စံနှုန်းတွေ ဖွံ့ဖြိုးဖို့လည်း ပါဝင်ပါတယ်။

ကလေးတိုင်းဟာ တစ်စုံတစ်ယောက်ရဲ့ သင်ကြားမှုကို ခံယူကြရပါတယ်။ သင်ဟာ မိဘတစ်ယောက်အနေနဲ့ သူတို့ရဲ့ အဓိကသင်ကြားပြသပေးသူ



mgyoe.com

mgyoe.com

မဟုတ်ဘူးဆိုရင်တော့ အခြားတစ်ယောက်ယောက်၊ မီဒီယာ၊ ယဉ်ကျေးမှုနဲ့ သူတို့ ပတ်ဝန်းကျင်က လူတစ်ယောက်ယောက်က သူတို့ကို သင်ကြားပြသပေးသူရဲ့ အခန်းကဏ္ဍကို ဝင်ယူသွားမှာပါ။ သင့်ကိုယ်သင် ဒီမေးခွန်းကို မေးကြည့်ပါ။

ငါ့ကလေးဟာ ချစ်ခြင်းမေတ္တာနဲ့ ကောင်းမွန်တဲ့ သင်ကြားမှုကို ရရှိနေသလား။

ချစ်ခြင်းမေတ္တာနဲ့ သင်ကြားပေးမှုဟာ ကလေးရဲ့စိတ်ထဲမှာ အကောင်းဆုံးအနေနဲ့ နေရာယူပါတယ်။ ဒါရဲ့ ရည်ရွယ်ချက်က မိဘနဲ့ တခြားလူကြီးတွေကို တော်ကြောင်း တတ်ကြောင်းပြသဖို့ မဟုတ်ပါဘူး။ ကလေးတွက် သူ့အနာဂတ်မှာ ရှိလာရမယ့် အရည်အသွေးတွေ ဖွံ့ဖြိုးလာစေဖို့ပါ။ သူတို့အတွက် အားပေးစကားတွေဟာ သူတို့အနာဂတ်အတွက် သင်ကြားပြသပေးမယ့် စကားလုံးတွေပါ။ ဒါဟာ ဒုတိယမြောက် ချစ်ခြင်းမေတ္တာဘာသာစကားရဲ့ စွမ်းပကားကြီးတဲ့အချက်ဖြစ်ပါတယ်။

မကြာခဏဆိုသလိုပဲ မိဘတွေဟာ မှန်ကန်တဲ့စကားပြောပေမဲ့ မှားယွင်းတဲ့အပြုအမူ ပြုလုပ်တတ်ကြပါတယ်။ ကလေးတွေကို အရက်သောက်တာ မကောင်းဘူးလို့ ပြောပေမဲ့ သူတို့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အပြုအမူတွေက ကလေးကို အရက်သောက်တတ်ဖို့ တွန်းပို့သလို ဖြစ်တတ်ပါတယ်။ သင်ကြားပြသပေးတဲ့ စကားလုံးတွေကို အကောင်းမြင်နည်းလမ်းနဲ့ အသုံးပြုရမှာဖြစ်ပါတယ်။ ကောင်းမွန်တဲ့စကားလုံးကို မှားယွင်းတဲ့အပြုအမူနဲ့သုံးတာဟာ ဆိုးရွားတဲ့ရလဒ်ကိုပဲ ဖြစ်ပေါ်စေပါတယ်။ ကလေးတစ်ယောက်က အခုလိုပြောပါတယ်။

"ကျွန်တော့်မိဘတွေက ကျွန်တော့်ကို အော်ဟစ်ပြီး စကားမပြောဖို့ ပြောတာကို သူတို့က အော်ငေါက်ပြီး ပြောကြတယ်။ သူတို့က သူတို့ကိုယ်တိုင် တောင်မလုပ်နိုင်တဲ့အရာကို ကျွန်တော့်ကိုလုပ်ဖို့ မျှော်လင့်နေကြတယ်။ ဒါက မတရားဘူး"

နောက်အခက်အခဲတစ်ခုက မိဘတော်တော်များများဟာ သားသမီးပြုစုပျိုးထောင်တာကို ကန့်သတ်မှုတွေလုပ်ရမယ့်အလုပ်လို့ မြင်နေကြတာပါ။


mgyoe.com

mgyoe.com

"လိမ်မပြောနဲ့၊ မင်းညီမလေးကို မရိုက်နဲ့၊ လမ်းဖြတ်မကူးနဲ့၊ ချိုချဉ်တွေ အများကြီး မစားနဲ့"။ နည်းနည်းကြီးလာရင်တော့ "အရက်သောက်ပြီး ကားမမောင်းနဲ့၊ ကိုယ်ဝန်မရစေနဲ့၊ ဆေးလိပ်မသောက်နဲ့၊ မူးယစ်ဆေးတွေကို စမ်းမသုံးနဲ့၊ အဲဒီ စတိတ်ရှိုးကို မသွားနဲ့"

ဒါတွေအားလုံးဟာ ကောင်းမွန်တဲ့သတိပေးချက်တွေပါ။ ဒါပေမဲ့ အဓိပ္ပာယ်ရှိတဲ့ဘဝတစ်ခု ဖြစ်လာဖို့အတွက်တော့ လုံလောက်တဲ့ သင်ကြားပြသမှုတွေ မဟုတ်ပါဘူး။ ကန့်သတ်တားမြစ်ခြင်းဆိုတာ သားသမီးပျိုးထောင်ရေး အတွက် အစိတ်အပိုင်းတစ်ခု ဖြစ်ပေမယ့် အဓိကပြုလုပ်ရမယ့်အရာတော့ မဟုတ်ပါဘူး။ သမ္မာကျမ်းစာထဲက ဒေင်ဥယျာဉ်မှာ ဘုရားသခင်က အာဒမ်နဲ့ဧဝကို အပျက်သဘောဆောင်တဲ့အရာတစ်ခုပဲ ပေးပါတယ်။ ကျန်တဲ့သင်ကြားမှုတွေ အားလုံးက အပြုသဘောတွေပါ။ ဘုရားသခင်က သူတို့ဘဝတွေရဲ့ ဖွံ့ဖြိုး တိုးတက်ဖို့ အပြုအမူတွေကို ဖြည့်ဆည်းဖို့ အဓိပ္ပာယ်ရှိတဲ့အလုပ်တွေ ပေးပါတယ်။ နောက်ပိုင်းမှာ အစ္စရေးကလေးငယ်တွေ ဆီနိုင်းကိုလာတဲ့အချိန်မှာ ပညတ်တော် ဆယ်ပါး ပေးပါတယ်။ ၅ ခုက အပြုသဘောဆောင်ပြီး ၅ ခုက အပျက်သဘော ဆောင်ပါတယ်။ တောင်ပေါ်မှာ ဂျီးဇက်တရားဟောတဲ့အခါမှာတော့ သူပြောသမျှ အားလုံးဟာ အပြုသဘောဆောင်တဲ့ အရာတွေချည်းပါ။

အပျက်သဘောဆောင်တဲ့အရာတွေကလည်း လိုအပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကလေးတွေကို သင်ကြားပြသပေးတာရဲ့ တစ်စိတ်တစ်ဒေသသာ ဖြစ်ရပါမယ်။ ချစ်ခြင်းမေတ္တာ ဥပဒေသဟာ အမြင့်ဆုံးဥပဒေ ဖြစ်ပါတယ်။ ကလေး တွေကို အသည်းအသန်လိုအပ်နေတဲ့ အပြုသဘောဆောင်ပြီး ချစ်ခြင်းမေတ္တာ ပါတဲ့ သင်ပြမှုတွေကိုသာ ပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က သူတို့ကို အပြုသဘောဆောင်ပြီး အဓိပ္ပာယ်ရှိတဲ့ သင်ကြားပြသမှုတွေ လုပ်ပေးနိုင်ရင် ကျွန်တော်တို့ ရှောင်ကြဉ်စေချင်တဲ့ အရာတွေထဲကို ကျရောက်သွားမယ့်အဖြစ်တွေ ဖြစ်နိုင်ခြေနည်းသွားပါတယ်။

mgyoe.com

ချစ်ခြင်းမေတ္တာပါတဲ့ သင်ကြားပြသမှုတွေ လုပ်ပေးနိုင်တဲ့ မိဘတွေဟာ ကလေးတွေရဲ့ စိတ်ဝင်စားမှုနဲ့ လုပ်နိုင်စွမ်းတွေကို အနီးကပ်စောင့်ကြည့်ပြီး သူတို့ရဲ့ စိတ်ဝင်စားမှုကို အားဖြစ်စေတဲ့ အားပေးစကားတွေ ပြောနိုင်မှာ ဖြစ်ပါတယ်။ ကျင့်ဝတ်ထုံးစံတွေရဲ့ ရိုးရှင်းတဲ့စည်းမျဉ်းတွေကနေ ရှုပ်ထွေးတဲ့ လူမှုဆက်ဆံရေးတွေအထိ သူတို့ရဲ့ ချစ်ခြင်းမေတ္တာ ခံစားမှုကို အပြုသဘောဆောင်တဲ့ စကားလုံးတွေသုံးပြီး သင်ကြားပေးရမှာ ဖြစ်ပါတယ်။

သင့်ရဲ့ကလေးက ဆယ်ကျော်သက်အရွယ်ဆိုရင်တော့ သူတို့ရဲ့ ရွေးချယ်မှုအမှားလုပ်မိတဲ့ သူငယ်ချင်းတွေအပေါ် အပြစ်တင်စကားပြောတဲ့အစား သူတို့အပေါ် စာနာ နားလည်ကြောင်းပြသပြီး ချစ်ခြင်းမေတ္တာနဲ့ ချဉ်းကပ်ဆက်ဆံတာက ပိုကောင်းပါတယ်။ အရက်နဲ့ မူးယစ်ဆေးဝါးကြောင့်ဖြစ်တဲ့ မတော်တဆမှုတွေ၊ သေဆုံးမှုတွေအကြောင်းကို သင့်ကလေးကိုပြသပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားသူတွေနဲ့ သူတို့ရဲ့ မိသားစုတွေရဲ့ဘဝဟာ ဘယ်လောက်တောင် နာကျင်စရာကောင်းမလဲဆိုတာမျိုး ပြောပြသင်ကြားပေးလို့ရပါတယ်။ သင့်ကလေးဘက်က တခြားသူတွေအပေါ် သင်က စာနာသနားပေးမှုတွေအကြောင်း ကြားရတဲ့အခါမှာ သင်က အခြားသူတွေအပေါ် အပြစ်တင်ပြောကြားနေတဲ့ အခြေအနေထက်ပိုပြီး သင့်အပေါ်ကို နားလည်မှုပေးနိုင်ပါတယ်။

သင့်ကလေးရဲ့ အဓိကချစ်ခြင်းမေတ္တာ ဘာသာစကားက အတည်ပြုအားပေးစကားပြောကြားပေးတာ ဖြစ်နေတဲ့အခါ "I Love You" ဆိုတဲ့ စကားလုံးက သူ့အတိုင်း သီးခြားတည်ရှိနေသင့်ပါတယ်။ “အဖေက သားကို ချစ်တယ်၊ အဖေ့ကို ဒါလေးလုပ်ပေးပါလား”လို့ပြောတာမျိုးဟာ ချစ်ခြင်းတရားနဲ့ တန်ဖိုးကို အားပျော့စေပါတယ်။ “အဖေက သားကိုချစ်တယ်၊ ဒါပေမဲ့ သားကို အခုပြောလိမ့်မယ်” ဆိုတာက ပိုကောင်းပါတယ်။ I Love You ဆိုတဲ့စကားလုံးကို တောင်းဆိုတဲ့ အခြေအနေတစ်ခုနဲ့ တွဲဖက်ပြီး အားပျော့သွားအောင် မလုပ်သင့်ပါဘူး။ ဒါဟာ ကလေးတိုင်းအတွက်ပါ။ အထူးသဖြင့် အားပေးစကားသာ

mgyoe.com

အဓိကချစ်ခြင်းမေတ္တာ ဘာသာစကားလို့ ခံယူထားတဲ့ ကလေးတွေအတွက်ဆို ပိုမှန်ကန်ပါတယ်။

ဆယ်နှစ်အရွယ် ကိုးလ်ဟာ မိဘတွေအတွက်တော့ ဘာမှ လုပ်ချင်ကိုင်ချင်စိတ်မရှိတဲ့ ကလေးတစ်ယောက်ဖြစ်နေပါတယ်။ သူတို့ကလေးအတွက် ဘဝမှာ တက်တက်ကြွကြွ ဖြစ်လာအောင် အားကစားလုပ်ခိုင်းတာ၊ ချွေးမွေးပေးတာကအစ အမျိုးစုံအောင် ကြိုးစားပြီး လုပ်ပေးပြီးပါပြီ။ သူတို့ဟာ ကိုးလ်ရဲ့ စိတ်နေစိတ်ထားကိုလည်း မကြာခဏ ပြစ်တင်ပြောဆိုကြပါတယ်။ သူတို့သားဟာ မိဘတွေ သူ့အပေါ် ဂရုစိုက်ပေးတာကို ကျေးဇူးတင်သင့်ကြောင်းနဲ့ သူ့ဘဝအတွက် သူ စိတ်ဝင်စားတဲ့ တစ်ခုခု ရှာဖွေသင့်ကြောင်း ပြောကြပါတယ်။ ကိုးလ်အနေနဲ့ တက်တက်ကြွကြွ ဖြစ်မလာရင် စိတ်ရောဂါကုဆရာဝန်ဆီ ခေါ်သွားမယ်လို့တောင် ခြိမ်းခြောက်ကြပါတယ်။

ကိုးလ်ရဲ့မိဘတွေဖြစ်တဲ့ စတိဗ်နဲ့ ဂျန်တို့ချစ်ခြင်းမေတ္တာဘာသာစကား ၅ ခုဟောပြောပွဲကို တက်ပြီးတာနဲ့ ကိုးလ်ရဲ့ အဓိကဘာသာစကားက အတည်ပြုအားပေးစကားပြောကြားခြင်းများ ဖြစ်နေမလားဆိုပြီး သဘောပေါက်လာကြပါတယ်။ ဒီလိုအတည်ပြုအားပေးစကားပြောတာဟာ သူတို့လုပ်မပေးမိတဲ့အရာတစ်ခု ဖြစ်တယ်ဆိုတာကို သူတို့ သတိထားမိလာကြပါတယ်။ ဒီလိုအားပေးစကားပြောရမယ့်အစား နေ့စဉ် ကိုးလ်ကို ပွေ့ဖက်တာ၊ လက်ဆောင်ဝယ်ပေးတာ၊ အချိန်ပေးတာနဲ့ သူ့အတွက် ဝန်ဆောင်မှုလုပ်ပေးတာတွေပဲ လုပ်မိနေကြတာပါ။ သူတို့သားကို တကယ်ပြောမိနေတာက အပြစ်တင်စကား ဖြစ်နေပါတယ်။

ဒါကြောင့် သူတို့အစီအစဉ်တစ်ခု ဆွဲလိုက်ပါတယ်။ စတိဗ်နဲ့ ဂျန်တို့ဟာ ကိုးလ်ကို အတည်ပြုအားပေးစကားကို သတိထားပြီး ပြောဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ကိုးလ်နဲ့ပတ်သက်ပြီး သူတို့သဘောကျတဲ့အရာနဲ့ စတင်လိုက်ပါတယ်။ ဒီစမ်းသပ်မှုအတွက် ပြင်ဆင်တဲ့အနေနဲ့ တစ်လတိတိ သူတို့ပြောသမျှ စကားတိုင်းကို "သားကို ဖေဖေနဲ့မေမေက ဂရုစိုက်တယ်၊ ချစ်တယ်၊ သားကို သဘော

ကျတယ်''ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်အောင် ပြောမယ်လို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ကိုးလ်က ရုပ်ရည်ချောမောတဲ့ ကလေးတစ်ယောက်ပါ။ ဒါကြောင့် သူ့ရဲ့ရုပ်ရည်ကို စပြီး မှတ်ချက်ပေးကြပါတယ်။ သူတို့ရဲ့ အတည်ပြုအားပေးတဲ့ စကားလုံးတွေကို အကြံပေးတဲ့သဘောမျိုးဖြစ်တဲ့ ''သားက ကြံ့ခိုင်တာပဲ၊ သား ဘောလုံးကစားသင့်တယ်''ဆိုတာမျိုး မဖြစ်အောင် သတိထားပါတယ်။ အဲဒီအစား ကိုးလ်ရဲ့ ခန္ဓာကိုယ်တည်ဆောက်ပုံက အားကစားသမားတစ်ယောက်လို ဖြစ်ကြောင်းပဲ ချီးကျူးပြောကြပါတယ်။ သူတို့ကို သဘောကျနှစ်သက်စေတဲ့ ကိုးလ်ရဲ့အပြုအမူတွေကို စောင့်ကြည့်ပြီး အပြုသဘောဆောင်တဲ့ မှတ်ချက်တွေ ပေးပါတယ်။ ကိုးလ်က သူတို့ရဲ့ခွေး လူစီကို အစာကျွေးရင်လည်း ''အစာကျွေးဖို့ အချိန်ရောက်ပြီ'' လို့ ပြောမယ့်အစား အစာကျွေးလို့ ကျေးဇူးတင်ကြောင်း ပြောပါတယ်။ သူ့ကို သင်ကြားပြသပေးဖို့လိုတဲ့အချိန်တွေမှာလည်း အပြုသဘော ဆောင်တဲ့ စကားလုံးတွေကို သုံးပါတယ်။

တစ်လအကြာမှာတော့ စတိဗ်နဲ့ ဂျန်တို့ အခုလိုပြောပါတယ်။ ''ကိုးလ် ပြောင်းလဲသွားတာ မယုံနိုင်လောက်အောင်ပဲ။ အခြားကလေးတစ်ယောက်လိုကို ဖြစ်သွားတာ။ ကျွန်မတို့ကလည်း အရင်ကနဲ့ မတူတော့တဲ့ မိဘတွေ ဖြစ်သွားလို့ နေမှာ။ သူ့ရဲ့ဘဝအပေါ်ထားတဲ့ စိတ်သဘောထားက ပိုပြီး အပြုသဘောဆောင် လာပါတယ်။ သူက ကျွန်မတို့နဲ့ ဟာသတွေပြောပြီး ရယ်ရယ်မောမောနေလာပါတယ်။ သူက လူစီကိုလည်း အစာမှန်မှန် ကျွေးလာပြီး တခြားကလေးတွေနဲ့ ဘောလုံးသွားကန်တတ်လာပြီ။ ကျွန်မတို့လမ်းမှန်ပေါ်ရောက်သွားပြီလို့ထင်တယ်''

စတိဗ်နဲ့ ဂျန်တို့ဟာပြောင်းလဲမှုကို သူတို့ကိုယ်တိုင်ရော ကိုးလ်မှာပါ ရှာဖွေတွေ့ရှိသွားတာပါ။ သားသမီးပြုစုပျိုးထောင်ခြင်းဆိုတာ သူတို့သဘာဝ အတိုင်း ဖြစ်ပေါ်လာတာကို လုပ်လိုက်ရုံတစ်ခုတည်းမဟုတ်ဘူးဆိုတာ သူတို့ သင်ယူလိုက်နိုင်ပါပြီ။ ကလေးတိုင်းဟာ တစ်ယောက်နဲ့တစ်ယောက် မတူလို့ သူတို့ရဲ့ အဓိကချစ်ခြင်းမေတ္တာ ဘာသာစကားနဲ့ ကိုယ့်ရဲ့ ချစ်ခြင်းတရားကို



mgyoe.com

ဆက်သွယ်နိုင်ဖို့ လိုအပ်ပါတယ်။ စတိဗ်နဲ့ဂျန်တို့ရဲ့ ဖာတ်လမ်းဟာ ကလေးရဲ့ ချစ်ခြင်းမေတ္တာ ဘာသာစကားကို မှားယွင်းစွာ အသုံးပြုမိဖို့ ဖြစ်နိုင်တယ်ဆိုတာကို ပြသနေပါတယ်။ အဲဒီလို မှားယွင်းသွားရင်တော့ ကလေးကို ထိခိုက်နာကျင်စေပြီး စိတ်ပျက်ဒေါသထွက်တာတွေ ဖြစ်ပေါ်စေမှာပါ။ ကိုးလ်ရဲ့ အဓိကဘာသာစကားက အတည်ပြုအားပေးစကား ဖြစ်နေချိန်မှာ သူတို့က အပြစ်တင်စကားတွေပဲ ပြောနေခဲ့ပါတယ်။ ဒီလိုအပြစ်တင်စကားဟာ ကလေးတိုင်းအတွက် အန္တရာယ်ရှိပါတယ်။ ဒါပေမဲ့ အတည်ပြုအားပေးစကားဟာ အဓိကချစ်ခြင်းမေတ္တာဘာသာစကား ဖြစ်နေတဲ့ ကလေးတွေအတွက်တော့ အကြီးအကျယ် ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေနိုင်ပါတယ်။

သင့်ကလေးရဲ့ အဓိကဘာသာစကားက အတည်ပြုအားပေးစကား ဖြစ်ပြီး သင့်ဘက်က ပြောဖို့ အခက်အခဲရှိနေရင်တော့ အတည်ပြုအားပေးစကားလုံးများလို့ ခေါင်းစဉ်ရေးထိုးထားတဲ့ စာအုပ်တစ်အုပ် ပြုလုပ်ထားဖို့ အကြံပေးချင်ပါတယ်။ အခြားမိဘတွေရဲ့ သူတို့သားသမီးတွေကို အတည်ပြု အားပေးစကားကို ကြားရတဲ့အချိန်မှာ စာအုပ်ထဲမှာ ချရေးထားပါ။ ကလေးပြုစုပျိုးထောင်နည်းစာအုပ်တွေ ဖတ်မိတဲ့အခါမှာလည်း အပြုသဘောဆောင်တဲ့ စကားလုံးတွေကို ချရေးထားပါ။ မိဘ သားသမီးဆက်ဆံရေးစာအုပ်တွေကို ဖတ်ရှုပြီး အတည်ပြုအားပေးစကားလုံးတိုင်းကို ရှာဖွေပြုစုထားပါ။ ပြီးတော့ ဒီစကားလုံးတွေကို မှန်ရှေ့မှာ လေ့ကျင့်ပြောဆိုပါတယ်။ သင့်ဘက်က ဒီစကားလုံးတွေကို မကြာခဏပြောဆိုတာနဲ့အမျှ သင့်ကိုယ်ပိုင်စကားလုံးတွေလို ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ အနည်းဆုံး တစ်ရက်မှာ ၃ ကြိမ် သင့်ကလေးကို အတည်ပြုအားပေးစကားပြောနိုင်မယ့် အခွင့်အရေးကို သတိထားပြီး ရှာဖွေပါ။

သင့်ရဲ့ နဂို ပြုမူနေကျ အပြစ်ပြောခြင်းနဲ့ အပျက်သဘောဆောင်တဲ့ စကားလုံးတွေ ပြောမိတာကို သတိထားမိတာနဲ့ ကလေးကို အခုလို ပြောမိတာ ဝမ်းနည်းကြောင်း၊ ဒီစကားလုံးတွေဟာ သူတို့ကို နာကျင်စေမှာသိတဲ့အကြောင်းနဲ့ ကလေးအပေါ် သင့်ရဲ့ခံစားချက်က ဒီလိုမဟုတ်ကြောင်းပြောပါ။ ကလေးကို



mgyoe.com

mgyoe.com

ခွင့်လွှတ်ပေးဖို့ တောင်းဆိုပါ။ သင်က ပိုကောင်းတဲ့မိဘဖြစ်ဖို့ ကြိုးစားနေကြောင်း၊ ကလေးကို နှစ်နှစ်ကာကာ ချစ်မြတ်နိုးတဲ့အကြောင်းနဲ့ ဒီအချစ်ကို ထိထိရောက်ရောက် ဆက်သွယ်ချင်ကြောင်း ပြောပေးပါ။ သိပ်မကြာခင်မှာပဲ သင့်ရဲ့ အကျင့်ကောင်းတွေကို ဖျောက်ဖျက်နိုင်ပြီး အမူအကျင့်ပုံစံအသစ် ဖြစ်ပေါ်လာပါလိမ့်မယ်။ အကောင်းဆုံးရလဒ်ကို သင့်ကလေးရဲ့မျက်နှာပေါ်မှာ တွေ့ရမှာပါ။ အထူးသဖြင့် ကလေးရဲ့ မျက်လုံးတွေပေါ် ပေါ်လွင်လာပြီး သူ့ရဲ့ပြောင်းလဲမှုကို သင့်နှလုံးသားနဲ့ ခံစားမိလာမှာပါ။ ကလေးဘက်က အတည်ပြုအားပေးစကား ပြောကြားလာနိုင်တာကို တွေ့လာရမှာ ဖြစ်ပါတယ်။ သင့်ရဲ့ ချစ်ခြင်းတရားကို ကလေးက ပိုပြီး ခံစားရလာလေလေ သူ့ဘက်က ပိုပြီးဖြန့်ချိလာနိုင်လေလေ ဖြစ်ပါတယ်။

## ကလေးတွေက ဘာပြောသလဲ

အခု အောက်မှာ ဖော်ပြထားတဲ့ ကလေး ၄ ယောက်က သူတို့ရရှိခဲ့တဲ့ အတည်ပြုအားပေးစကားလုံးတွေကို မျှဝေထားပါတယ်။

၈ နှစ်အရွယ် မယ်လီစာက ''မေမေ့ကို သမီးချစ်တယ်။ ဘာလို့လဲဆိုတော့ မေမေက သမီးကို ချစ်တယ်။ သူ သမီးကိုချစ်တယ်လို့ နေ့တိုင်းပြောတယ်။ ဖေဖေကလည်း သမီးကိုချစ်တယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ဖေဖေက ဘယ်တော့မှ မပြောဘူး''

အသက် ၁၂ နှစ်အရွယ် တေလာကတော့ ဒီနှစ်မှာ သူ့ရဲ့လက်မောင်းရိုးကျိုးသွားခဲ့ပါတယ်။ ''သမီးမိဘတွေက သမီးကိုချစ်တယ်ဆိုတာ သိတယ်။ ဘာလို့လဲဆိုတော့ သမီး စာလုပ်ဖို့ခက်ခဲနေချိန်တွေမှာ သူတို့က အားပေးစကားပြောတယ်။ သူတို့က သမီးနေမကောင်းဖြစ်နေချိန်မှာ အိမ်စာတွေလုပ်ဖို့ ဖိအားမပေးဘူး။ သမီး နောက်မှလုပ်လို့ရတာပဲလို့ ပြောတယ်။ သမီး ကြိုးစားပြီးလုပ်နေတာကို ဖေဖေနဲ့မေမေက ဂုဏ်ယူကြောင်းနဲ့ သမီးလုပ်နိုင်မယ်လို့ ယုံကြည်ကြောင်း အမြဲပြောတယ်''


mgyoe.com

အသက် ၅ နှစ်အရွယ် ဒေးဗစ်က တက်ကြွဖြတ်လတ်ပြီး စကားများတဲ့ ကလေးတစ်ယောက်ပါ။ သူ့မိဘတွေက သူ့ကိုချစ်တယ်ဆိုတာ သိတဲ့အကြောင်း ယုံကြည်မှုအပြည့်နဲ့ ပြောပါတယ်။ "သားမေမေကလည်း သားကိုချစ်တယ်။ သားဖေဖေကလည်း သားကိုချစ်တယ်။ နေ့တိုင်း သူတို့က သားကိုချစ်တယ်လို့ ပြောတယ်"

အသက် ၁၀ နှစ်အရွယ် ဂျွန်ကတော့ သူ ၃ နှစ်ကတည်းက မွေးစား မိဘတွေအိမ် ရောက်နေတာပါ။ ပြီးခဲ့တဲ့ ၈ လမှာ သူ့ရဲ့ ၄ ယောက်မြောက် မွေးစားမိဘတွေဖြစ်တဲ့ ဒေါ့နဲ့ဘက်ဆီတို့နဲ့အတူတူ နေနေပါတယ်။ သူတို့က သူ့ကို စစ်စစ်မှန်မှန်ချစ်ရဲ့လားလို့ မေးတော့ သူက ချစ်တယ်လို့ ပြန်ဖြေပါတယ်။ ဘာကြောင့် ဒီလောက်မြန်မြန် ပြောနိုင်ရတာလဲလို့ မေးတော့ "သူတို့က သားကို ဘယ်တော့မှ အော်ငေါက်မပြောဘူး။ သားရဲ့ အရင်မွေးစားမိဘတွေကတော့ သားကို အမြဲတမ်း အော်ငေါက်ပြောနေတာပဲ။ သူတို့က သားကို အမှိုက်လို ဆက်ဆံတယ်။ ဒေါ့နဲ့ဘက်ဆီက သားကို လူသားတစ်ယောက်လို ဆက်ဆံ ပေးတယ်။ သားမှာ ပြဿနာတွေအများကြီးရှိတယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ သူတို့ သားကိုတကယ်ချစ်တယ်ဆိုတာလည်း သိပါတယ်"

[Foster home ဆိုတာ မိဘက မပြုစု မစောင့်ရှောက်နိုင်တဲ့ ကလေး တွေကို လူမှုဝန်ထမ်းဌာန အစီအစဉ်နဲ့ အငှားမိဘ ရှာပေးတဲ့အစီအစဉ်ဖြစ်ပါတယ်။ Foster Parent အဖြစ်လုပ်ပေးပြီး ကလေးကို ပြုစုပျိုးထောင်ပေးတဲ့ မိဘတွေကို အစိုးရက ပြုစုစောင့်ရှောက်ခပေးပါတယ်။ ဒေးဗစ်က အခုလို အငှားမိဘနဲ့ အတူတူနေနေရတဲ့ကလေး ဖြစ်ပါတယ်။ ဘာသာပြန်သူ၏ ဖြည့်စွက်ချက်]

အတည်ပြုအားပေးပြောကြားခြင်းဟာ အဓိက ချစ်ခြင်းမေတ္တာ ဘာသာ စကားဖြစ်တဲ့ ကလေးတွေဟာ အချစ်ခံရတယ်ဆိုတဲ့ ခံစားချက်အတွက် သူတို့ မိဘတွေနဲ့ တခြားလူကြီးတွေရဲ့ သူတို့အပေါ် အားပေးစကားသံကို ကြားရ တာထက် ပိုပြီး အရေးကြီးတဲ့အရာ မရှိတော့ပါဘူး။ ဒါနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အပြစ်တင်စကားပြောကြားခံရတာက သူတို့အတွက် နက်နက်ရှိုင်းရှိုင်း နာကျင်စေ


mgyoe.com

mgyoe.com SAMPLE BOOK

ပါတယ်။ အပြစ်တင်စကား၊ ကြမ်းတမ်းတဲ့စကားတွေဟာ ကလေးတိုင်းကို အန္တရာယ်ဖြစ်စေပါတယ်။ ဒါပေမဲ့ အတည်ပြုအားပေးစကားဟာ အဓိက ချစ်ခြင်းမေတ္တာဘာသာ စကားဖြစ်တဲ့ ကလေးတွေအတွက် အပျက်သဘောဆောင်တဲ့ စကားလုံးတိုင်းဟာ ဆိုးဆိုးရွားရွား ပျက်စီးဆုံးရှုံးမှုကို ဖြစ်စေပါတယ်။ ဒီလို အပြစ်တင်ပြောဆိုခံလိုက်ရတဲ့ စကားသံတွေဟာ သူတို့စိတ်ထဲမှာ နှစ်ပေါင်းများစွာကြာတဲ့အထိ ကြားယောင်နေမှာပါ။

မိဘတွေနဲ့ ကလေးဘဝမှာ အရေးပါတဲ့ အခြားလူကြီးတွေဘက်က ကလေးတွေကို အပျက်သဘောဆောင်တဲ့ မှတ်ချက်တွေ၊ အပြစ်တင်စကားပြောမိတာနဲ့ စကားလုံးရင့်ရင့်သီးသီး သုံးနှုန်းမိတာတွေကို မြန်မြန်တောင်းပန်ဖို့လိုအပ်ပါတယ်။ စကားလုံးတွေကို တောင်းပန်ခြင်းနဲ့ ပယ်ဖျက်လို့မရပေမယ့် အကျိုးသက်ရောက်မှုတွေကို လျော့နည်းအောင်တော့ ပြုလုပ်လို့ရပါတယ်။ သင့်ဘက်က ကလေးနဲ့ဆက်ဆံတဲ့အခါမှာ အပျက်သဘောဆောင်တဲ့ စကားတွေပြောမိတယ်လို့ သတိထားမိနေရင်တော့ သင့်ရဲ့အိမ်ထောင်ဘက်ကို အကူအညီတောင်းပြီး ဒီလိုပြောမိတာတွေကို အသံသွင်းယူထားပါ။ ပြီးရင် သင်ပြောခဲ့တာတွေကို ပြန်နားထောင်ကြည့်ပါ။ ဒီလိုလုပ်တာဟာ စိတ်သက်သာရာ ရစေနိုင်သလို သင့်ရဲ့ အပျက်သဘောဆောင်ပြောဆိုနေခြင်းကို ဖျောက်ဖျက်နိုင်ဖို့အတွက် အကူအညီ ဖြစ်စေမှာပါ။ မိဘနဲ့ ကလေးဆက်ဆံရေးတိုင်းမှာ အပြုသဘောဆောင်ပြောဆိုဆက်ဆံခြင်းဟာ အရမ်းအရေးကြီးတာကြောင့် အကျင့်ဟောင်းတွေကို ချိုးဖျက်ပြီး ပုံစံအသစ်ကို တည်ဆောက်ဖို့အတွက် အားထုတ်ရတာ ထိုက်တန်ပါတယ်။ သင့်ကလေးအပေါ်လည်း ကြီးမားတဲ့ အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေပြီး သင်ရရှိမယ့် ဆုလာဘ်ကလည်း ကျေနပ်စရာကောင်းမှာပါ။ ဒီမှာ မိဘတွေအတွက် အကြံဉာဏ်ကောင်းတွေ ချရေးထားပါတယ်။ သင်နဲ့ သင့်ကလေးအတွက် သင့်တော်မယ့်အကြံဉာဏ်တွေကို ရွေးချယ်အသုံးပြုနိုင်ပါတယ်။

* ကလေးတွေရဲ့ နေ့လယ်စာထမင်းဘူးမှာ အားပေးတဲ့စကားလုံးတွေပါတဲ့ စာရွက်လေးတွေ ထည့်ပေးပါ။



mgyoe.com

mgyoe.com SAMPLE BOOK

* ကလေးရဲ့ အောင်မြင်မှုကို ဖော်ပြတဲ့အရာတွေကို လေ့လာပြီး ပြောဆိုတဲ့ အလေ့အထ ပြုလုပ်ပါ။ ဥပမာ–''သား တခြားကလေးတွေအပေါ် ကြင်ကြင်နာနာ ဆက်ဆံတာကို ဖေဖေသဘောကျတယ်။ ဒါမှမဟုတ် သား အားကစားပွဲတုန်းကထားတဲ့ အပြုသဘာဆောင်တဲ့ စိတ်နေစိတ်ထားကို ဖေဖေသဘောကျတယ်''
* ကလေးတွေကို သူတို့ကြီးပြင်းလာရင် ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ မေးပါ။ ပြီးတော့ သူတို့ရဲ့ အိပ်မက်တွေကို အရောက်လှမ်းနိုင်ဖို့ အားပေးစကားပြောပါ။ သင့်သမီးက ''သမီးကြီးလာရင် တိရစ္ဆာန်လေးတွေကို ဆေးကုပေးတဲ့သူ ဖြစ်ချင်တယ်''လို့ပြောတဲ့ အခါ ''သမီးက တိရစ္ဆာန်ဆရာဝန်ကောင်းတစ်ယောက် ဖြစ်လာမယ်လို့ ဖေဖေထင်တယ်''လို့ ပြန်ပြောနိုင်ပါတယ်။
* အရွယ်ရောက်နေတဲ့ကလေးတွေကိုတော့ ဖုန်းမက်ဆေ့ချ်ပို့ပြီး သူတို့ဟာ သင့်အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပြောပြပါ။ ဒီလို အလေ့အထကို သင်က တခြားတစ်နေရာကို ခရီးထွက်ရရင်ဖြစ်ဖြစ်၊ မိသားစုရဲ့ ထူးခြားတဲ့နေ့ဖြစ်တဲ့ မွေးနေ့မှာ ဖြစ်ဖြစ် အမြဲပြုလုပ်နိုင်ရင် ပိုကောင်းပါတယ်။
* သင်က အနုပညာသမားဆိုရင်တော့ သင့်ကလေးတွကို ချစ်မြတ်နိုးကြောင်း ပန်းချီဆွဲတာမျိုး ပြုလုပ်ပေးပါ။
* သင့်ကလေး ဖန်တီးပြုလုပ်ထားတာ တစ်ခုခုကို ဓာတ်ပုံရိုက်၊ မှန်ဘောင်သွင်းထားပြီး သင် အမြတ်တနိုးထားကြောင်း ပြသထားပါ။
* ကလေးတွေ အိမ်မှာရှိနေချိန်တွေမှာ သင့်ဘက်က သူတို့ကို ''သားကို ဖေဖေချစ်တယ်''လို့ ပြောဖို့ သတိရတိုင်း ဖုန်းခေါ်ပြောပေးပါ။


mgyoe.com

mgyoe.com SAMPLE BOOK

* သင်နဲ့ သင့်ကလေးကြားမှာ ချစ်စနိုးနဲ့ခေါ်တဲ့ အမည်တစ်ခုကို သတ်မှတ်ထားပါ။
* သင်က ခရီးသွားရတဲ့အခါမှာ သင် မရှိနေတဲ့ နေ့ရက်တွေတိုင်းအတွက် စာအတိုလေးတွေ ကလေးကို ရေးပေးထားပါ။
* ကလေးနဲ့ သင် တွေ့ဆုံတိုင်းနဲ့ ခွဲခွာတိုင်း "I Love You" လို့ ပြောတဲ့ အလေ့အကျင့်လုပ်ထားပါ။
* ကလေးတွေဆွဲတဲ့ပုံတွေ၊ ပန်းချီတွေကို သင့်ရဲ့ အရေးကြီးတဲ့နေရာတွေလို့ သူတို့သိထားတဲ့ ရုံးခန်းနံရံ၊ ရေခဲသေတ္တာ၊ မှတ်စုစာအုပ်တို့နားမှာထားပါ။
* ကလေးက စိတ်ဓာတ်ကျနေတဲ့အချိန်တွေမှာ သင်က သူတို့အတွက် ဂုဏ်ယူတဲ့အကြောင်းပြချက် ၅ ခုကိုပြောပြပေးပါ။
* သင့်ကလေးမြင်နိုင်မယ့်နေရာတွေဖြစ်တဲ့ ရေချိုးခန်းမှန်၊ မုန့်ဘူးအဖုံးနဲ့ အခြားနေရာတွေမှာ မှတ်စုအတိုလေးတွေ ရေးပေးထားပါ။ "ဖေဖေက သမီးကိုချစ်တယ်"၊ "မေမေက သမီးကိုချစ်တယ်"ဆိုတဲ့ ရိုးရိုးရှင်းရှင်း စာသားလေးတွေကို သူတို့အတွက် သီးသန့်နေရာတွေမှာ ထားပေးတာ အရမ်းကို အကျိုးသက်ရောက်မှု ရှိပါတယ်။
* ကလေးနဲ့ သင့်ကြားမှာပြောတဲ့ ချီးကျူးစကားတွေကို စာရွက်နဲ့ရေးပြီး ထည့်ထားလို့ရမယ့် ဘူးတစ်ခုထားပါ။ မကြာခဏဆိုသလို ဘူးထဲက စာရွက်တွေကို အတူတူဖတ်ပါ။
* သင့်ရဲ့ ကားဂိုထောင်ကို သွားတဲ့လမ်းပေါ်မှာ မြေဖြူနဲ့ အားပေးစကားဖြစ်ဖြစ်၊ ရုပ်ပုံဖြစ်ဖြစ်ရေးဆွဲထားပါ။ ကလေးတွေတွေ့လိုက်ရင် အံ့သြသွားစေမယ့်နေရာမျိုးကို ရွေးချယ်ပါ။
* ကလေးက သင့်ကို ကူညီဖို့ကြိုးစားရင်းနဲ့ အမှားလုပ်မိရင် ပထမဆုံး သူတို့ရဲ့ ကောင်းမွန်တဲ့ရည်ရွယ်ချက်ကို သင်သိကြောင်းပြောပေးပါ။

☺

သားငယ်စာပေ

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း – ၄

# အိုးတန်အချိန်ပေးခြင်း

၄ နှစ်အရွယ် အယ်လာက သူ့အမေရဲ့ခြေထောက်ကို ဆွဲရင်းနဲ့ ပြောနေပါတယ်။

''မေမေ မေမေ လာပါ၊ သွားကစားရအောင်''

''မေမေ အခုမကစားနိုင်သေးဘူး''

လို့ ကိတ်ကပြောပါတယ်။

''မေမေ အခုပေးစရာရှိတဲ့ဘေလ်တွေ အရင်ပြီးအောင်လုပ်ရမယ်။ သမီး ဘာသာသမီး ခဏကစားနေလိုက်၊ ခဏနေကျမှ မေမေနဲ့သမီး တစ်ခုခု အတူတူ လုပ်ကြမယ်''

၅ မိနစ်အကြာမှာ အယ်လာ ပြန်ရောက်လာပြီး သူနဲ့အတူတူ ကစားဖို့ ပူဆာပြန်ပါတယ်။

''အယ်လာ၊ အခု မေမေအရေးကြီးတာတွေ အရင်လုပ်ရမယ်။ အခု သွားကစားနှင့်၊ ခဏနေရင် မေမေလာမယ်''

လို့ ကိတ်ကပြန်ပြောပါတယ်။ အယ်လာက အခန်းထဲက ထွက်သွားပါတယ်။ ဒါပေမဲ့ ၄ မိနစ်လောက်ကြာတော့ ပြန်ရောက်လာပါတယ်။ နောက်ဆုံးတော့ ကိတ်မှာ လုပ်စရာတွေ ပြီးသွားလို့ သူ့သမီးနဲ့ အတူတူကစားကြပါတယ်။ နောက်ရက်တွေမှာလည်း ဒီလိုပဲဖြစ်မယ်ဆိုတာ ကိတ် သိနေပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိတ်နဲ့အယ်လာတို့ သားအမိဆီကနေ ကျွန်တော်တို့ ဘာတွေသင်ယူနိုင်လဲ။

အယ်လီလေးရဲ့ အဓိကချစ်ခြင်းမေတ္တာဘာသာစကားက သူ့ကို အချိန်ပေးတာဆိုတာ ဖြစ်ဖို့များပါတယ်။ သူ့ကိုချစ်တယ်လို့ ခံစားမိစေတာက သူ့အမေရဲ့ အပြည့်အဝ အာရုံစိုက်မှုပါ။ ဒါဟာ သူ့အတွက် အရမ်းအရေးကြီးလို့ သူ ထပ်ခါထပ်ခါ သူ့အမေဆီ ပြန်ရောက်လာတာပါ။ ဒါပေမဲ့ ကိတ်ကတော့ အခုလို ထပ်ခါထပ်ခါ လုပ်နေတာဟာ သူ့ကို အနှောင့်အယှက်ပေးတယ်လို့ ထင်နေပါတယ်။ ကိတ်အနေနဲ့ ထပ်ပြီး သည်းမခံနိုင်တော့ရင်တော့ အယ်လာကို အခန်းတစ်ခုထဲထည့်ထားပြီး အပြစ်ပေးတာမျိုး လုပ်လာနိုင်ပါတယ်။ ဒါက အယ်လာ မျှော်လင့်နေတာနဲ့ ဆန့်ကျင်ဘက်ပါပဲ။

အဖြေက ဘာလဲလို့ ကိတ်စဉ်းစားနေမိပါတယ်။ ကလေးကို ချစ်ရာလည်းရောက်ပြီး အလုပ်တွေပါ ပြီးအောင်လုပ်ဖို့ဆိုတာ ဖြစ်နိုင်လား။

အဖြေက ရပါတယ်ဆိုတဲ့အဖြေပါပဲ။ ကလေးရဲ့ အဓိကချစ်ခြင်းမေတ္တာဘာသာစကားကို သိအောင်လုပ်တာဟာ ဒီမေးခွန်းရဲ့ ရည်ရွယ်ချက်ကို ရောက်အောင် လုပ်နိုင်တဲ့ အချက်တစ်ခုပါ။ ကိတ်ကသာ အယ်လာကို သူ အလုပ်တွေ စမလုပ်ခင် ၁၅ မိနစ်လောက် အချိန်ပေးလိုက်ရင် သူလုပ်စရာရှိတာတွေကို အေးအေးဆေးဆေး လုပ်နိုင်ပါလိမ့်မယ်။ ကလေးရဲ့ ချစ်ခြင်းမေတ္တာ ကွက်လပ်က ဗလာဖြစ်နေပြီး မိဘရဲ့ အာရုံစိုက်မှုကလည်း ပြည့်အောင်ဖြည့်နိုင်တဲ့အရာ ဖြစ်နေရင်တော့ ကလေးဟာ မိဘရဲ့ အာရုံစိုက်မှုကိုရအောင် ဖြစ်တဲ့နည်းနဲ့ လုပ်တော့မှာ ဖြစ်ပါတယ်။

သင့်ကလေးရဲ့ အဓိကချစ်ခြင်းမေတ္တာဘာသာစကားက သူ့ကို အချိန်ပေးခြင်းမဟုတ်ရင်တောင် ကလေးတိုင်းလိုလိုဟာ မိဘရဲ့ အပြည့်အဝ အာရုံစိုက်မှုကို တောင့်တတတ်ကြပါတယ်။ တကယ်တော့ ကလေးဘဝမှာ လုပ်တတ်ကြတဲ့ အပြုအမူဆိုးတွေဟာ အမေ၊ ဒါမှမဟုတ် အဖေဆီက အာရုံစိုက်မှုရအောင်

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်ကြတဲ့ ကြိုးပမ်းမှုတွေပါ။ အပျက်သဘောဆောင်တဲ့ အာရုံစိုက်မှုမျိုးကတောင် လုံးဝ အာရုံမစိုက်တာထက် ကောင်းပါသေးတယ်။

နှစ်တွေ တော်တော်ကြာ လူတွေက ကလေးကို တန်ဖိုးရှိတဲ့အချိန်တွေ ပေးဖို့ လိုအပ်ကြောင်း ပြောပြပါတယ်။ ဒီနေ့ခေတ် အားလုံးအလုပ်ရှုပ်နေချိန်မှာတောင် လိုအပ်ပါတယ်။ လူတော်တော်များများက အချိန်ပေးဖို့ ပြောနေပေမဲ့ ကလေးတော်တော်များများကတော့ သူတို့အပေါ် အချိန်ပေးမှုကို ဆာလောင်မွတ်သိပ်နေကြပါတယ်။

တန်ဖိုးရှိတဲ့အချိန်ပေးမှုဆိုတာ အာရုံအပြည့်အဝစိုက်ပေးတာကို ပြောတာပါ။ ရင်ခွင်ပိုက်အရွယ်ကလေးတွေဟာ သူတို့ကို အစာကျွေးတာ၊ အဝတ်လဲပေးတာကနေ အခုလို အာရုံစိုက်မှုမျိုးကို အမေအဖေတွေကတင် မဟုတ်ဘဲ တခြားမိသားစုဝင်တွေဆီကပါ ရရှိကြပါတယ်။

ကလေးကြီးပြင်းလာတာနဲ့အမျှ သူတို့ငယ်ငယ်ကလို အာရုံစိုက်မှုပေးဖို့ဆိုတာ ပိုပြီးခက်ခဲလာပါတယ်။ ဘာကြောင့်လဲဆိုတော့ မိဘဘက်ကလည်း တကယ်ကို စွန့်လွှတ်အနစ်နာခံဖို့ လိုအပ်လာလို့ပါ။ အထိအတွေ့နဲ့ အတည်ပြုအားပေးစကားပြောတာဟာ ကလေးတွေကို အချိန်ပေးရတာထက် ပိုလွယ်ကူပါတယ်၊ ကျွန်တော်တို့ တော်တော်များများဟာ တစ်နေ့တာလုပ်စရာတွေအတွက် အချိန်ပြည့် ဖြစ်နေလို့ ကလေးကို အချိန်ပေးဖို့ဆိုတာ တစ်ခုခုကိုစွန့်လွှတ်မှ ဖြစ်နိုင်မှာပါ။ ကလေးက ဆယ်ကျော်သက်အရွယ်ကို ရောက်လာချိန်မှာလည်း မိဘရဲ့ အာရုံစိုက်မှုကို မကြာခဏ လိုအပ်နေတုန်းပါပဲ။ ကျွန်တော်တို့မိဘတွေကတော့ အိမ်ပြန်ချိန်တွေမှာ မောပန်းနွမ်းနယ်နေတတ်ပြီး ရှိသမျှအလုပ်တွေကိုလည်း မြန်မြန်ဆန်ဆန်ပြီးအောင် အမြဲလုပ်နေရပါတယ်။

အချိန်ပေးတာဟာ ကလေးနဲ့အတူ ရှိပေးနေတဲ့ မိဘရဲ့လက်ဆောင်တစ်ခု ဖြစ်ပါတယ်။ သူတို့ကို အချိန်ပေးတာဟာ "သားက ဖေဖေ့အတွက် အရေးကြီးတယ်၊ သားနဲ့အတူတူရှိနေရတာကို ဖေဖေ သဘောကျတယ်"ဆိုတဲ့ အဓိပ္ပာယ်ကိုပေးပါတယ်။ ဒီလိုအချိန်ပေးတာဟာ ကလေးတွေအတွက်တော့


mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ဟာသူတို့ မိဘတွေအတွက် ကမ္ဘာကြီးပေါ်က အရေးကြီးဆုံးလူတွေပဲလို့ ခံစားချက်ဖြစ်ပေါ်စေပါတယ်။ သူ့မိဘတွေက သူနဲ့အတူရှိနေတဲ့အတွက် သူ့ကို တကယ်ပဲ ချစ်တယ်လို့ ခံစားရပါတယ်။

သင့်ကလေးကို အချိန်ပေးနေတဲ့အချိန်မှာ သူတို့ရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးမှုအဆင့်ကိုသွားဖို့ လိုအပ်ပါတယ်။ ဥပမာ–သူတို့ လေးဖက်သွားဖို့ သင်ယူနေတဲ့အချိန်မှာ သင်က ကြမ်းပြင်ပေါ်မှာ ထိုင်နေပေးဖို့ လိုအပ်ပါတယ်။ သူတို့ လမ်းစလျှောက်ဖို့ ကြိုးစားနေတဲ့အချိန်မှာလည်း သင်က အနားမှာရှိနေပြီး အားပေးနေရပါမယ်။ သူတို့ကြီးပြင်းလာပြီး ဘောလုံးကိုပစ်ဖို့၊ ကန်ဖို့ သင်ယူနေ ချိန်မှာလည်း သင်ရှိနေရမှာပါ။ သူတို့ရဲ့ ကမ္ဘာဟာ ကျယ်ပြန့်လာပြီး ကျောင်း၊ အားကစား၊ ဘုရားကျောင်းနဲ့ အခြားလူမှုရေး ဆောင်ရွက်ချက်တွေကို သင်ယူနေ ချိန်မှာလည်း သူတို့နဲ့အတူတူရှိနေရမှာပါ။ ကလေးက အသက်ကြီးလာလေလေ သူတို့နဲ့ အတူတူရှိနေပေးဖို့ ခက်ခဲလာလေလေပါ။ အထူးသဖြင့် ကလေးတွေရဲ့ လူမှုဆက်ဆံရေးတွေမှာ ပါဝင်နိုင်ဖို့နဲ့ သူတို့နဲ့ သီးသန့်တွေ့ဆုံအချိန်ပေးဖို့က ပိုပိုပြီး ခက်လာပါတယ်။

**အဖေက ကျွန်တော်နဲ့အတူတူ လုပ်ပေးတယ်**

အချိန်ပေးတာရဲ့ အရေးကြီးဆုံးအချက်တစ်ခုက ဘယ်အရာကို တူတူ လုပ်တယ်ဆိုတာထက် ကလေးနဲ့အတူတူ လုပ်ပေးတာ၊ အတူတူရှိနေပေးတာ ဖြစ်ပါတယ်။ ၇ နှစ်အရွယ် နာသန်ကို သူ့အဖေကို သူ့ကိုချစ်တာ ဘယ်လိုသိ လဲလို့မေးတော "ဘာလို့လဲဆိုတော့ ဖေဖေက သားနဲ့အတူတူ လုပ်ပေးတယ်လေ။ ခြင်းတောင်းတွေကို ပစ်တာ၊ ကွန်ပျူတာပေါ်က ဂိမ်းကစားတာတွေကို တူတူ ကစားပေးတယ်။ ပြီးတော့ အိမ်မွေးတိရစ္ဆာန် အရောင်းဆိုင်ကိုလည်း ဖေဖေနဲ့ အတူတူ အမြဲသွားကြတယ်"

အချိန်ပေးခြင်းအတွက် သင်နဲ့ သင့်ကလေးတစ်နေရာရာကို အတူတူ သွားဖို့ မလိုအပ်ပါဘူး။ သင့်ဘက်က အပြည့်အဝ အာရုံစိုက်မှုကို ဘယ်နေရာမှာ


mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ဖြစ် ပေးလို့ရပါတယ်။ သင်နဲ့ ကလေးနဲ့ အိမ်မှာ တူတူရှိချိန်တွေဆိုရင် သင့်ရဲ့ သဘာဝအလျောက်အချိန်ပေးခြင်းက ဖြစ်ပေါ်လာမှာပါ။ ကလေးနဲ့အတူတူ ရှိနေတဲ့အချိန်ကို ရှာဖွေရတာက မလွယ်ပါဘူး။ ဒါပေမဲ့ ဒါက မရှိမဖြစ်လိုအပ်ပါတယ်။ လူ့အဖွဲ့အစည်းထဲက လူတော်တော်များများက ပါဝင်ဆောင်ရွက်သူထက် စောင့်ကြည့်လေ့လာသူက ပိုများလာပါတယ်။ မိဘရဲ့အပြည့်အဝ အာရုံစိုက်ပေးမှုက ပိုလို့တောင် အရေးကြီးပါသေးတယ်။

အိမ်တော်တော်များများမှာကလေးတွေဟာ သူတို့အဖေကို သတိရတာထက် သူတို့ရဲ့ ကွန်ပျူတာဂိမ်းတွေ၊ အီလက်ထရောနစ်အရုပ်တွေကို ပိုသတိရတတ်ကြပါတယ်။ ကလေးတွေဟာ မိသားစုအပြင်ဘက်က အရာတွေရဲ့ လွှမ်းမိုးမှုကို ခံလာရပြီး သူတို့မိဘတွေရဲ့ သီးသန့်အချိန်ပေးမှုရဲ့ လွှမ်းမိုးမှုကိုလိုအပ်နေပါတယ်။ သင့်ရဲ့ အချိန်ဇယားကနေ ကလေးကို အချိန်ပေးဖို့ဆိုတာ တော်တော်ကြိုးစားရမှာပါ။ ဒီလို ကြိုးစားမှုစာ သင့်ကလေးနဲ့ မိသားစုအနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခု ပြုလုပ်လိုက်တာပါပဲ။

သင့်မှာ သားသမီးတွေအများကြီးရှိရင်တော့ ကလေးတစ်ယောက်ချင်းစီကို အချိန်ပေးဖို့ လိုအပ်ပါတယ်။ ဒါဟာ မလွယ်ကူဘဲလုပ်လို့ ဖြစ်နိုင်ပါတယ်။ ၁၈ ရာစုတုန်းက ကလေးဆယ်ယောက်ကို ပြုစုပျိုးထောင်ခဲ့တဲ့ အင်္ဂလန်က ဆူစန်နာဝီစလီကို ကြည့်ပါ။ သူက တစ်ပတ်မှာတစ်နာရီကို ကလေးတစ်ယောက်ချင်းစီအတွက် အချိန်ပေးခဲ့ပါတယ်။ သူ့ရဲ့သား ၃ ယောက်ဖြစ်တဲ့ ဆမ်၊ ဂျွန်နဲ့ ချားလ်တို့ဟာ ကဗျာဆရာ၊ စာရေးဆရာနဲ့ တရားဟောဆရာ ဖြစ်လာကြပါတယ်။ ချာလ်က ဓမ္မတေးပေါင်းထောင်နဲ့ချီရေးသားခဲ့ပြီး အခုအချိန်ထိ ခရစ်ယာန်ဘုရားကျောင်းတွေမှာ အသုံးပြုနေကြတုန်းပါ။ ဆူစန်နာဟာ သူ့ကလေးတွေအားလုံးကို စာအရေးအဖတ်နဲ့ သင်္ချာသင်ပေးနိုင်တဲ့အပြင် ယဉ်ယဉ်ကျေးကျေးပြောတတ်အောင်၊ သိမ်သိမ်မွေ့မွေ့နေနိုင်အောင်၊ လူ့ကျင့်ဝတ်တွေနဲ့ ချွေချွေတာတာ သုံးစွဲနိုင်အောင် တွေပါ သင်ကြားပေးနိုင်ခဲ့ပါတယ်။



mgyoe.com

mgyoe.com

အမျိုးသမီးတစ်ယောက်အဖို့ ခေတ်မီတဲ့ အခွင့်အရေးမရရှိနိုင်တဲ့ခေတ်မှာတောင် သူ့ရဲ့သမီးတွေကို ပညာရေးနဲ့ပတ်သက်ပြီး အပြည့်အဝသင်ကြားပေးနိုင်ခဲ့ပါတယ်။ သူ့ရဲ့သမီးတစ်ယောက်ဖြစ်တဲ့ အီမလီကို အခုလိုပြောပြခဲ့ဖူးပါတယ်။ ''လူ့အဖွဲ့အစည်းဟာ အမျိုးသမီးတွေရဲ့ ဉာဏ်ပညာရရှိနိုင်မယ့် အခွင့်အရေးကို မပေးဘူး''။ အီမလီဟာ နောက်ပိုင်းမှာ ကျောင်းဆရာမဖြစ်လာပါတယ်။ ကျွန်တော်တို့ဟာ ကလေးပြုစုပျိုးထောင်ရေးအတွက် ဆူစန်နာရဲ့ အတွေးအခေါ်တွေအားလုံးကို လိုက်လုပ်ဖို့မလိုအပ်ပေမဲ့ သူ့ရဲ့ဦးစားပေးမှုနဲ့ အဲဒီအတိုင်းလုပ်နိုင်ခဲ့တဲ့ နည်းလမ်းတွေကိုတော့ လေးစားရပါမယ်။ သားသမီးကို တန်ဖိုးရှိတဲ့ အချိန်ပေးခြင်းရဲ့ အဓိကအချက်ကို သင့်ဘက်က မိဘတစ်ယောက်အနေနဲ့ ချမှတ်လိုက်တဲ့တန်ဖိုးနဲ့ ဦးစားပေးမှုကနေ တွေ့ရှိနိုင်ပါတယ်။ ဒီလိုအချိန်ပေးခြင်းက သင့်အိမ်ကို သာသာယာယာ ဖြစ်လာစေမှာပါ။

## အပြုသဘောဆောင်တဲ့ အကြည့်

ကလေးကို အချိန်ပေးမှာ ချစ်ခြင်းမေတ္တာပါတဲ့အကြည့်နဲ့ ကြည့်ပေးဖို့လိုအပ်ပါတယ်။ သင့်ကလေးရဲ့ မျက်လုံးကို ဂရုတစိုက်ကြည့်လိုက်ခြင်းဟာ သင့်နှလုံးသားက ချစ်ခြင်းတရားကို ကလေးရဲ့ နှလုံးသားနဲ့ ဆက်သွယ်ပေးပါတယ်။ လေ့လာမှုတစ်ခုအရ မိဘတော်တော်များများဟာ မျက်လုံးခြင်းဆုံတဲ့ အကြည့်ကို အဓိကအားဖြင့် အပျက်သဘောဆောင်တဲ့ နည်းလမ်းတွေမှာ အသုံးပြုကြတယ်လို့ ဆိုပါတယ်။ ကလေးကို ဆိုဆုံးမနေချိန်တွေနဲ့ ညွှန်ကြားချက် တစ်စုံတစ်ရာပေးနေချိန်တွေမှာပဲ မျက်လုံးချင်းဆုံကြည့်ကြပါတယ်။

သင့်ကလေးက သင့်ကို ကျေနပ်ပျော်ရွှင်စေတဲ့အချိန်မှာပဲ သင်က ချစ်ခြင်းမေတ္တာပါတဲ့အကြည့်နဲ့ ကြည့်မယ်ဆိုရင် သင်ဟာ ခြွင်းချက်နဲ့ချစ်တဲ့ အချစ်မျိုးကို သုံးမိသလို ဖြစ်နေမှာပါ။ ဒါဟာ ကလေးရဲ့ စိတ်ပိုင်းဆိုင်ရာ ကြီးထွားမှုကို ထိခိုက်စေပါတယ်။ သင့်ဘက်က ကလေးရဲ့ ချစ်ခြင်းမေတ္တာကွက်လပ်ကို


mgyoe.com

mgyoe.com SAMPLE BOOK

အပြည့်ဖြည့်ပေးချင်မှာပါ။ ဒီလိုလုပ်ဖို့အတွက် တစ်နည်းကတော့ သင့်ရဲ့အကြည့်ကို မှန်ကန်စွာ အသုံးချဖို့ ဖြစ်ပါတယ်။

တစ်ခါတလေမှာ မိသားစုဝင်တွေဟာ အပြစ်ပေးတဲ့သဘောမျိုးနဲ့ တစ်ယောက်ကိုတစ်ယောက် မကြည့်တတ်ကြပါဘူး။ ဒါဟာ ကလေးရော လူကြီး အတွက်ပါ ထိခိုက်စေနိုင်ပါတယ်။ ကလေးက အကြည့်ချင်းမဆုံဘဲ ရှောင်လွှဲသွား တာကို သူတို့ကို သဘောမကျလို့ပဲလို့ အဓိပ္ပာယ်ကောက်တတ်ပါတယ်။ ဒါက ကလေးရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို လျော့နည်းစေမှာပါ။ ကလေးက သင့်ကို ကျေနပ်ပျော်ရွှင်စေလားဆိုတဲ့ အခြေအနေက သင့်ရဲ့ကလေးအပေါ် ဖော်ပြတဲ့ ချစ်ခြင်းတရားကို ထိန်းချုပ်တာမျိုး မဖြစ်ပါစေနဲ့။

**အတွေးနှင့်ခံစားချက်များ မျှဝေခြင်း**

အချိန်ပေးတာဟာ ကလေးနဲ့ တူတူတစ်ခုခုလုပ်တာ တစ်ခုတည်းကို ဆိုလိုတာ မဟုတ်ပါဘူး။ ကလေးရဲ့အကြောင်းကို ပိုသိအောင်ပြုလုပ်ခြင်းပါ။ ကလေးကို အချိန်ပေးနေတာနဲ့အမျှ သင့်ရဲ့ဘဝနေထိုင်ပုံနဲ့ ပတ်သက်သမျှ အရာ အားလုံးကို ပြောပြဖြစ်လာမှာပါ။ ကယ်လီဖိုးနီးယားတက္ကသိုလ်က ပါမောက္ခ ဗီးလ်ဘရစ်ဆိုရင် သူ့သားနဲ့အတူတူ ငါးကိစ်ရိုက်ရတာကို နှစ်သက်ပါတယ်။

"ကျွန်တော်တို့ ငါးကိစ်တူတူ မရိုက်ခင်က ကျွန်တော့်သားက စကား များများပြောတဲ့ကလေး မဟုတ်ဘူး"

ဘရစ်တို့သားအဖဟာ ငါးကိစ်တူတူရိုက်ရင်းနဲ့ ငါးကိစ်ရိုက်ကစားနည်းနဲ့ ပတ်သက်တာတွေ ပြောရာကနေ သူတို့ဘဝရဲ့ တခြားအကြောင်းအရာတွေပါ ပြောဖြစ်လာကြပါတယ်။ မိဘတစ်ယောက်ဟာ သူ့ကလေးကို ဘောလုံးကို ဘယ်လိုပစ်ရမယ်၊ ပါစတာ ဘယ်လိုလုပ်ရမယ်ပြောရင်းနဲ့ တခြားအရေးကြီးတဲ့ အကြောင်းတွေကို ပြောနိုင်တဲ့ ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးနိုင်ပါတယ်။



mgyoe.com